ကျွန်မတို့သိတဲ့

# ရွှေကိုင်းသား

ဆရာတော် ဦးသောဘိတ

လူထုဒေါ်အမာ



ကြီးပွားရေးစာအုပ်တိုက်
၈၄ လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) x ၃၃ လမ်းထောင့်၊
မန္တလေး။ ☎ ၀၂-၃၉၇၁၇၊ ၀၂-၆၀၁၃၆

ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး – ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဥ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ။
- ပွဲစည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဥ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက် - ၄၀၁၆၃၀၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၃၆၇၀၄၁၂
မျက်နှာဖုံးဒီဇိုင်း - မောင်အေးချို

၂၀၁၂ ခုနှစ် ၊ မေလ

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၇၀၀ ကျပ်

ထုတ်ဝေသူ - ဦးငြိမ်းချမ်း ( မြို - ၀၁၂၇၁ )
ကြီးပွားရေးစာအုပ်တိုက်
၂၂၁ ၊ ၈၄ လမ်း နှင့်
၃၃ လမ်းထောင့် ၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇ ၊ ၆၀၁၃၆

ပုံနှိပ်သူ - ဦးငြိမ်းချမ်း ( မြို - ၀၃၁၉၅ )
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁ ၊ ၈၄ လမ်းနှင့်
၃၃ လမ်းထောင့် ၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇ ၊ ၆၀၁၃၆

---

၉၂၈

ဒေါ်အမာ၊ လူထု
ကျွန်မတို့သိတဲ့ ရွှေကိုင်းသား
ဆရာတော် ဦးသောဘိတ /
လူထုဒေါ်အမာ။ ရန်ကုန်။
ကြီးပွားရေးစာအုပ်တိုက်၊
ပထမအကြိမ်၊ ၂၀၁၁။
၁၂၅ စာ၊ ၉.၇ စင်တီ x ၁၆.၅ စင်တီ။
(၁) ကျွန်မတို့သိတဲ့ ရွှေကိုင်းသား
ဆရာတော် ဦးသောဘိတ။



# ကျွန်မတို့သိတဲ့ ရွှေကိုင်းသား ဆရာတော် ဦးသောဘိတ

■ လူ ထု ဒေါ် အ မာ



ရွှေကိုင်းသား ပထမသီတင်းသုံးရာ ယွန်းကျောင်းမှာ

# အမှာစာ

သမိုင်းသုတေသီ ဆရာတော်ရွှေကိုင်းသား (ဦးသောဘိတ) မွေးဖွားခဲ့တာ ပြီးခဲ့တဲ့ ဇန်နဝါရီလ (၅) ရက်နေ့ (၂၀၁၂) က အနှစ်တစ်ရာတင်းတင်း ပြည့်ခဲ့ပါပြီ။ ၁၉၈၈ ခုနှစ်က ဆရာတော် ပျံလွန်တော်မူခဲ့ပါတယ်။ ဆရာတော် ပျံလွန်တော်မူခြင်းဟာ မြန်မာစာပေနဲ့ မြန်မာ့သမိုင်း သုတေသနဘက်မှာ ကြီးမားတဲ့ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပါတယ်။

ဆရာတော်ရဲ့ဘဝဟာ စာပေဘဝ၊ သုတေသီဘဝ၊ ကြီးမြတ်တဲ့ဘဝတစ်ခုပါ။ ဆရာတော်ဟာ သုတေသန စာပေများနဲ့ ၁၉၃၂ ထုတ် ကြီးပွားရေးမဂ္ဂဇင်းမှာ စတင် ကလောင်သွေးခဲ့ပါတယ်။ ဆရာတော်ဦးသောဘိတဟာ မောင်ထွန်းလှိုင်အဖြစ်နဲ့ ကမ္ဘည်းကျောက်စာဌာန (ယခုအခေါ် ရှေးဟောင်းသုတေသနဌာန) မှာ ပုံဆွဲဆရာ အဖြစ် လုပ်ကိုင်ရင်း စာပေရေးသားနေချိန်မှာ အင်းလျားဆောင်သူ မအမာ (လူထု ဒေါ်အမာ) ကလည်း တက္ကသိုလ်ကျောင်းသူဘဝနဲ့ ကြီးပွားရေးမဂ္ဂဇင်းမှာ ဝတ္ထုတိုများ ဘာသာပြန်များ စတင်ရေးသားနေပါပြီ၊ အဲဒီအချိန်က ကြီးပွားရေးမဂ္ဂဇင်းရဲ့ အယ်ဒီတာ က ဦးလှ (လူထုဦးလှ) ပါ။ ဒါကြောင့် ဆရာတော်ရွှေကိုင်းသား၊ လူထုဦးလှနဲ့ လူထုဒေါ်အမာတို့ဟာ သူတို့ကိုယ်သူတို့ စာပေမောင်နှမအဖြစ် ရည်ညွှန်းပြောဆိုလေ့ ရှိပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက မောင်ထွန်းလှိုင် သင်္ကန်းဆီးသွားတော့လည်း ဆရာရင်း ဒကာရင်းများအဖြစ် လက်တွဲမပြတ်ခဲ့ပါ။ ဆရာတော်ဟာ ကြီးပွားရေးမဂ္ဂဇင်း မှသည် လူထုဂျာနယ်၊ ရှုမဝ၊ ဟံသာဝတီ စတဲ့မဂ္ဂဇင်းတွေ သတင်းစာတွေထဲ မှာ စာပေများဆက်လက်ရေးသားခဲ့တာ ကွယ်လွန်ခါနီးအချိန်ထိပါပဲ။

ဆရာတော် ကွယ်လွန်တဲ့အချိန်မှာ လူထုဒေါ်အမာက ဆရာတော်အကြောင်း၊ ဆရာတော်နဲ့ သူတို့ဘဝ ဆက်စပ်သမျှကို " ကျွန်မတို့သိတဲ့ ရွှေကိုင်းသား ဆရာတော် ဦးသောဘိတ" အမည်နဲ့ ရတနာ့မွန်မဂ္ဂဇင်းထဲ မှာ လစဉ် အခန်းဆက်ရေးသား ခဲ့ပါတယ်။ အဲဒီအခန်းဆက်ဆောင်းပါးများကို စုပေါင်းပြီး ဆရာတော်အနှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ယခု ထုတ်ဝေလိုက်တာပါ။

ဆရာတော်ဟာ သုတေသနဘက်မှာ အရေးအသားကောင်းရုံမျှမက အထောက်အထား အစုအဆောင်းကောင်းသူလည်း ဖြစ်ပါတယ်။ ဆရာတော်ရဲ့ အစုအဆောင်းကောင်းပုံနဲ့ ပတ်သက်ပြီး နိုင်ငံခြားက သုတေသနပညာရှင်ကတောင် အထူးတလည် အံ့ဩချီးမွမ်းခဲ့ရပါတယ်။ ၁၉၅၆ ခုနှစ်က စစ်ကိုင်းမှာ မြေငလျင် အကြီးအကျယ်လှုပ်တော့ အဆောက်အဦတွေလည်းပြို၊ လူလည်း အသေအပျောက် အတော်အသင့်ရှိခဲ့ပါတယ်။ မြေငလျင်ကြီးလှုပ်ပြီးနောက် သုံးနှစ်အကြာ ၁၉၅၉ ခုနှစ် မှာ ယူနက်စကိုပါရဂူ၊ မော်စကို တက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာဂျော့ပီ၊ ဂေါ့ရှကော့ဟာ စစ်ကိုင်းမြေငလျင်ကို လေ့လာဖို့အတွက် စစ်ကိုင်းတောင်ရိုးကို အဖော်တစ်ဦးနှင့်အတူ ခြေကျင်ရောက်ရှိလာပါတယ်။ ပါမောက္ခကြီးရဲ့ မြန်မာအဖော် ဖြစ်သူဟာ ဆရာတော်ရွှေကိုင်းသားကိုလည်း သိကျွမ်းရင်းနှီး ကြည်ညိုသူဖြစ်တဲ့ အတွက် သူတို့ခရီးစဉ်အတွင်း ဆရာတော်ရွှေကိုင်းသား (အဲဒီအချိန်က) သီတင်း သုံးရာ ယွန်းကျောင်းအနီး ရောက်ရှိသွားတော့ ပါမောက္ခကြီးကို ဆရာတော် ရွှေကိုင်းသားနဲ့ မိတ်ဆက်ပေးဖို့ ယွန်းကျောင်းဆီကို ခေါ်ဆောင်သွားပါတယ်။ ခရီးသွား ဟန်လွှဲသဘောမျိုးပါ။ ဒါပေမဲ့ ရုရှားပါမောက္ခကြီးဟာ ဆရာတော်ရွှေကိုင်းသားနဲ့ တွေ့ဆုံလိုက်တဲ့အခါ ရေငတ်သူ ရေတွင်းထဲကျသလို ဆရာတော်ရွှေကိုင်းသားဆီမှာ သူသိလိုတဲ့ မြန်မာပြည်မြေငလျင်ဆိုင်ရာ သမိုင်းအချက်အလက်တွေ အများကြီးရလိုက် ပါတယ်။ ဒီလို တောခေါင်ခေါင် ချောင်ကျကျ၊ အဆောက်အဦနုံချာချာက ဗုဒ္ဓ ဘာသာမြန်မာရဟန်းတော်တစ်ပါးဆီက ဒီလောက်အဖိုးတန်တဲ့ အချက်အလက်တွေ ရလိမ့်မယ်ဆိုတာ မမျှော်လင့်ခဲ့ဘူးလို့ နောင်အချိန်မှာ ရုရှားပါမောက္ခကိုယ်တိုင် ဝန်ခံရေးသားခဲ့ပါတယ်။

ဆရာတော်ရွှေကိုင်းသားကလည်း ရုရှားပါမောက္ခကြီးရဲ့ မေတ္တာရပ်ခံ လျှောက်ထားချက်အရ မြန်မာမြေငလျင်အကြောင်း သိကောင်းစရာတွေကို အခန်း ဆက်ရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ကျော်က ရေးသားခဲ့တာဖြစ်ပေမယ့် ယခုလို ပတ်ဝန်းကျင်သဘာဝတွေ ဖောက်ပြန်ပျက်စီး နေချိန်မှာ ဆရာတော်ရဲ့သုတေသနပြုချက်တွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး သတိပြုစရာ ဆင်ခြင်စရာ အထောက်အကူ ရတန်သလောက် ရကောင်း ရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ယခုစာအုပ်ထဲမှာ နောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖော်ပြလိုက်ပါတယ်။

လူထုကြီးပွားရေးစာအုပ်တိုက်

# မာတိကာ

## ကျွန်မတို့သိတဲ့ ရွှေကိုင်းသား ဆရာတော်ဦးသောဘိတ


၁။ ကြိုးပမ်း၍ အောင်မြင်ခဲ့သူ ၁

၂။ ငယ်စဉ်ဘဝ ၉

၃။ သက်န်းဆီးသွားတော့ ၂၀

၄။ ရဟန်းဘဝ ၃၂

၅။ ဆရာတော့်မှတ်တမ်း ၄၄

၆။ ဆရာတော်နဲ့ ကျွန်မ ၅၆

၇။ ဆရာတော်ရွှေကိုင်းသား စာမရေးနိုင်တော့ ၆၈

၈။ ရွှေကိုင်းသားဆရာတော် ၈၀


## စစ်ကိုင်းမြေလျှင် ရာဇဝင်ကြောင်း


၉။ စစ်ကိုင်းမြေလျှင် ရာဇဝင်ကြောင်း ၉၁

၁၀။ မှတ်တမ်းတင် မြေလျှင် (၁) ၉၆

၁၁။ မှတ်တမ်းတင် မြေလျှင် (၂) ၁၀၁

၁၂။ မှတ်တမ်းတင် မြေလျှင် (၃) ၁၀၇

၁၃။ မှတ်တမ်းတင် မြေလျှင် (၄) ၁၁၄

### ပန်းချီဆရာ ဓာတ်ပုံဆရာနှင့် စာရေးဆရာ ရွှေကိုင်းသား

# ကြိုးပမ်း၍ အောင်မြင်ခဲ့သူ

တကယ့်ခွဲနှင့် ကြိုးပမ်းမှု၏ အောင်မြင်သူ သို့မဟုတ် ရွှေကိုင်းသားဟု ဦးပဥ္စင်းဦးသောဘိတကို အမြဲမြင်ခဲ့ပါသည်။ စာပဒေသာဆုရ ရွှေကိုင်းသား ဦးသောဘိတနှင့် ကျွန်မတို့ ရင်းနှီးခဲ့သည်မှာ ယခုမှ မဟုတ်ဘဲ၊ စစ်မဖြစ်မီ ကာလအတန်ကြာ၊ ကြီးပွားရေးမဂ္ဂဇင်း ထွက်ပေါ်စကပင် ကျောက်စာရုံးမှ ကိုထွန်းလှိုင်အဖြစ်နှင့် သိကျွမ်းခင်မင်ခဲ့ပါသည်။

ထိုစဉ်က မဂ္ဂဇင်းတွင် သူနှင့် သက်ဆိုင်သော အခန်းတစ်ခန်းအတွက် 'ဘာကလေးတစ်ခု လုပ်ပေးပါ' ဟု ပြောလိုက်လျှင် စိတ်ရှည်လက်ရှည် ရှိလှသော ကိုထွန်းလှိုင်က ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်နှင့် ခြေမြစ်သော အကြောင်းအရာများကို အခိုင်အလုံ သက်ဆိုင်ရာဓာတ်ပုံ၊ ပန်းချီကားများဖြင့် လိုလေသေးမရှိ ပြင်ဆင်ပြီး ရက်များ မကြာမီအတွင်းရောက်၍ လာတတ်ပါသည်။ စာနယ်ဇင်းလုပ်ငန်းတွင် ဆောင်းပါးကဗျာတစ်ခုခုကို ရေး၍ ပေးကြသည်ဆိုလျှင် အယ်ဒီတာများမှာ စာလုံးပေါင်းပြင်ရ၊ အရေးအသားပြင်ရနှင့် စာကို တည်းဖြတ်ရုံမျှမက ထိုဆောင်းပါးအတွက် သင့်တော်သည့်ဓာတ်ပုံများ ရှာရပါသည်။ ပန်းချီဆရာကို စာမူပါပြ၍ အဆွဲခိုင်းတန်က ခိုင်းရပါသည်။ ပြီးမှ စာစီရာ စက်ရိုက်ရာဌာနသို့ ပို့နိုင်ပါသည်။ ယခု

ကိုထွန်းလှိုင် သို့မဟုတ် ဦးသောဘိတ၏ဆောင်းပါးများအတွက်မူ သူ့ကော်ပီတွင် အယ်ဒီတာ၏ မင်တစ်စက်မျှလည်း အကုန်ခံစရာမလို၊ ဓာတ်ပုံ ပန်းချီသက်ဆိုင်ရာအတွက်လည်း မပူပန်ရ။ ဦးပဥ္စင်းက ဘာလောက်လုပ်၍ မယူခဲ့သည် တမယ်သာ ကျန်ပါတော့သည်။ သူကိုယ်တိုင် သူ့ဆောင်းပါးအတွက် ရိုက်သည့်ဓာတ်ပုံ၊ သူကိုယ်တိုင်ဆွဲသည့် ပန်းချီကားများ ပါ၍လာတော့သည်။ ဤမျှ အားကိုးရသော ဦးသောဘိတဖြစ်ပါသည်။

ဦးသောဘိတကို ဓာတ်ပုံကို ကြည့်၍ဖြစ်စေ၊ ကိုယ်တိုင်မြင်ဖူးလျှင်ဖြစ်စေ သာမန်အားဖြင့်ဆိုလျှင် မှန်းဖွယ်လည်း မရှိ၊ ချစ်ဖွယ် ကြည်ညိုဖွယ်လည်း အထွေအထူးမရှိသော်လည်း ရင်းနှီး၍ အကြောင်းစုံ သိရှိကြသော သူများအဖို့ မကြည်ညို မလေးစား မချီးကျူးဘဲ မနေနိုင်ပါ။ ဦးပဥ္စင်းတွင် သူတကာထက် ထူးထူးကဲကဲရှိလှသော အရည်အချင်းများရှိပါသည်။ ၎င်းတို့မှာ စိတ်ရှည်လက်ရှည်၊ ခွဲကောင်းကောင်းနှင့် ကြိုးပမ်းတတ်ခြင်း၊ မိမိဝါသနာထုံရာကို တသမတ်တည်း စူးစူးစိုက်စိုက် လုပ်ဆောင်နေခြင်းများပင် ဖြစ်ပါသည်။

ဦးပဥ္စင်း၏ဘဝတာကို လေ့လာလျှင် ကျွန်မရေးသည်များကို အထင်းသား ပေါ်လာပါလိမ့်မည်။

စစ်ကိုင်းမြို့ တကောင်းရပ်ရှိ မြန်မာဆေးဆရာဦးအုံ–ဒေါ်မြတို့က ၁၂၇၄ ခု၊ ပြာသိုလဆုတ်နှစ်ရက် သောကြာနေ့တွင် စတုတ္ထသားဖြစ်သူ ကိုထွန်းလှိုင်ကို မွေးဖွားခဲ့ပါသည်။ မွေးချင်းခြောက်ယောက်ရှိသည့်ပြင် မြို့ငယ်တစ်မြို့မှ မြန်မာဆေးဆရာတစ်ဦးမျှသာ ဖြစ်သဖြင့် ကိုထွန်းလှိုင်ကို လူတန်းစေ့ ပညာပေးနိုင်ရန် ခဲယဉ်းတော့သည်။ မြန်မာအတန်းကျောင်းတွင် စာသင်စရာ ခုနစ်တန်းတွင် ကျောင်းဆရာမက စရိတ်ထောက်ပံ့၍သာ သင်မပေးခဲ့ပါက ကိုထွန်းလှိုင် ခုနစ်တန်းစာမေးပွဲပင် အောင်မြင်စရာ အကြောင်းမရှိပါ။ ခုနစ်တန်းအောင်သောအခါ ဆက်လက်၍ ကျောင်းမနေနိုင်တော့ဘဲ အိမ်တွင် ထွက်၍ နေရပါသည်။ အတန်ကြာမှ စတိုင်ပင် ထောက်ပံ့ကြေးရသည့် ပျဉ်းမနားရှိ မြန်မာဆရာဖြစ်သင်ကျောင်းသို့ အီးတီစီခေါ် အောက်တန်းဆရာဖြစ် သင်တန်းကို တက်ရောက်ရလေသည်။

ကိုထွန်းလှိုင်သည် ငယ်စဉ်ကစ၍ ယခု ရဟန်းဘ၀တိုင် အလွန်ရှက်တတ်သူဖြစ်သောကြောင့် လူဆင်းရဲသားသမီးအတွက် အသက်မွေးမှုတစ်ခု ပညာရစေရန် မြန်မာဆရာဖြစ် သင်တန်းသာ တက်ခဲ့ရသည်။ ဆရာမလုပ်ဝံ့ရှာပါ။ ကျောင်းသားကို ရင်ဆိုင်၍ စာသင်ပေးရဲသည် မဟုတ်ခဲ့။ ထို့ကြောင့် ဆရာဖြစ်သင်တန်းအောင်သော်လည်း ကျောင်းဆရာတစ်ရက်မျှ မလုပ်ဖူးခဲ့ပါ။

"ရှာဖွေစုံစမ်း၍ ရေးသားရသော မြန်မာယဉ်ကျေးမှုအကြောင်းအရာများအနက် ဆင်ယင်ထုံးဖွဲ့မှုအကြောင်းအရာသည် အားပေးထိုက်သော အကြောင်းအရာဖြစ်သည်ဟု ယူဆသောကြောင့်" ဟု စာပေဗိမာန်က ဆုံးဖြတ်၍ စာပဒေသာဆုငွေ ၁၀၀၀ိ ကို ရှေးဦးစွာ ဆွတ်ခူးသူအဖြစ်နှင့် ချီးမြှင့်ခြင်းသာခံရသည့် ဦးသောဘိတအဖို့ ယခုခေတ် ပညာရေးဘက်ဆိုင်ရာ မှတ်တိုင်အဖြစ်သတ်မှတ်ထားသော ပညာဆိုလျှင် ထိုမြန်မာဘာသာခုနစ်တန်းနှင့် အီးတီစီအောက်တန်းဆရာဖြစ် စာမေးပွဲသာလျှင် အောင်မြင်ဖူးပါသည်ဟု ပြောခဲ့သော် ယုံကြည်သူ နည်းပါးလှပေလိမ့်မည်။ သို့သော် အမှန်သည်ကားအမှန်ပင် ဖြစ်ပါ၍ ဦးပဥ္စင်းသည် အင်္ဂလိပ်စာလည်း တစ်လုံးမျှ မတတ်ပါ။

## အနုပညာနှင့် ဦးသောဘိတ

မျိုးရိုးအလိုက် ဖြစ်ရသည်ကို ယုံကြည်လျှင် မွေးသန္ဓေနှင့် ဗီဇကိုအကိုးအကားပြုလိုလျှင်တော့ ပြုနိုင်ပါသည်။ ဦးသောဘိတ၏အဘိုးမှာ မြန်မာပန်းချီဆရာ ပန်းပုဆရာတစ်ယောက်ဖြစ်၍ ဖခင်မှာလည်း ပန်းပုဝါသနာပါခဲ့သည်။ ဦးပဥ္စင်းသည် ငယ်စဉ်ကပင် ပန်းချီကို ဝါသနာပါသဖြင့် အားလပ်သည့်ရက်များ၌ ကလေးသူငယ်ချင်းများနှင့် စစ်ကိုင်းတောင်ရိုးရှိ ရှေးဟောင်းဘုရားများ ပေါများရာ သစ္စာစေတီတောင်ကုန်းသို့ သွားရောက်ကာ ခြင်္သေ့ရုပ်များကိုကြည့်၍ ပုံတူဆွဲခြင်း၊ ဘုရားတွင်း ဂူလိုဏ်တွင်းရှိ ပန်းချီကားများကို ကူး၍ ဆွဲခြင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်ဟု ပြောပြဖူးပါသည်။

ခုနစ်တန်းအောင်၍ ဘယ်ကျောင်းမှ ဆက်မနေနိုင်သောအခါတွင်လည်း ယခု မန္တလေးမြို့ ဆရာအတတ်သင် သိပ္ပံကျောင်း ပန်းချီကထိက လုပ်နေသူစစ်ကိုင်းရှိ ဆရာကြီးဦးဘသန်းထံတွင် ပန်းချီဆွဲနည်း၊ ဓာတ်ပုံရိုက်နည်းများကို သင်ယူသည့်အပြင် ဆေးအတတ်၊ ဗေဒင်အတတ်နှင့် ကောင်းကင်နက္ခတ်ကြည့်နည်းများကိုပါ ဆရာကြီးဦးဘသန်းက သင်ပေးသည်ဟု ပြောပါသည်။

ဦးပဥ္ဇင်းသည် မြန်မာစာပေနှင့် ပိဋကတ်စာပေများကို အိမ်တွင်းလက်လွယ်ရာစာအုပ်များမှ ငယ်ကတည်းက ဝါသနာအလျောက် ဖတ်ရှုလေ့လာခဲ့ပါသည်ဖြစ်ရာ ဆရာဖြစ်အောင်ပြီး မကြာမီ မန္တလေးမြို့ရှိ ကျောက်စာဌာနၶ ပန်းချီဆရာတစ်ယောက် လစ်လပ်ရာတွင် ဝင်ရောက်လုပ်ကိုင်ရသောအခါ မိမိဝါသနာပါရာစာပေနှင့် စုဆောင်းမှတ်သားခြင်းအလုပ်ကို ပျော်ပျော်ကြီးလုပ်ကိုင်ခွင့် ရလေတော့သည်။ ကျောက်စာရုံးတွင် အလုပ်လုပ်ရမည်ဖြစ်သောကြောင့် စစ်ကိုင်းမှ မန္တလေးဆွေမျိုးများရှိရာ ရွှေနေဦးဗိုလ်သန်း အိမ်တွင်ပြောင်းရွှေ့နေထိုင်စဉ်အတွင်း ဦးဗိုလ်သန်း၏ အဘိုးမိုးတားဝန်ထောက်မင်း၏ ပေမူနှင့် ပုရပိုက်များကို စိတ်တိုင်းကျ ရှာဖွေမွှေနှောက်ခွင့် ရပြန်သဖြင့် နှစ်သက်ရာရာ စာပေများကို ကိုယ်ပိုင်သိမ်းဆည်းနိုင်စေရန် သုံးနှစ်လုံးလုံး ကူးယူခဲ့လေသည်။ ပြီးမှ ဆောင်းပါးများ စတင်ရေးသားလေတော့သည်။

ကျောက်စာရုံးတွင် ၁၉၃၀ ခုနှစ်မှ စစ်ကြီးဖြစ်သည်အထိ ပန်းချီဆရာအဖြစ်နှင့် အလုပ်လုပ်ခဲ့သည်တွင် ကျောက်စာဝန်တော်စိန်ခို မရှိသည့်နောက် ကျောက်စာဝန်ဦးမြ၊ ကျောက်စာဝန် ဒူရိုင်ဇယ်၊ ကျောက်စာဝန် ဦးလူဖေဝင်းတို့ သုံးဦးစလုံးနှင့် တွေ့ခဲ့ဖူးပေသည်။

## ခုနစ်ကျပ်တန် ကင်မရာနှင့် ဓာတ်ပုံဆရာ

ဦးပဥ္ဇင်းသည် လူဝတ်နှင့် နေစဉ်က ဓာတ်ပုံရိုက်ဝါသနာထုံသဖြင့် အပျော်တမ်း ဓာတ်ပုံရိုက်ခြင်းများကို တော်တော်တန်တန် လိုက်စားခဲ့ပါသည်။ လိုက်စားသည်ဆိုသော်လည်း ယခုခေတ် လူချမ်းသာ အပျော်တမ်း ဓာတ်ပုံ

ရိုက်သမားများကဲ့သို့ လိုက်ကာကင်မရာ၊ ရိုလီဖလက်ကင်မရာများနှင့် ဖလင်တစ်လိပ်ပြီးတစ်လိပ် ဖြုန်း၍ ရိုက်ခဲ့နိုင်သည်မဟုတ်ဘဲ မိမိ၏ဝင်ငွေကလေးထဲမှ သားမယားမယူဘဲ မိဘကိုတစ်ဦးတည်းက တာဝန်ယူကာ လုပ်ကျွေးရင်း ချွေချွေတာတာနှင့် လိုက်စားခဲ့ရပါသည်။ သို့ပါလျက် စစ်မဖြစ်မီက အပျော်တမ်း ဓာတ်ပုံဆုများ ပေးလေ့ရှိသည့် အဖွဲ့များအနက် ဘိလပ်မှ အမေချာဖိုတိုဂရင်ဖာ (Amateur Photographer) မှ ဆုတစ်ဆု။ ကိုဒတ် (Kodak) ပြိုင်ပွဲမှ ဆုနှစ်ဆု ရခဲ့ဖူးသည့်အပြင် အိန္ဒိယပြည်မှ ရုပ်စုံဂျာနယ်ကြီး Illustrated Weekly of India က ကျင်းပသော ပြိုင်ပွဲဆုများ ရှစ်ခုရဖူးပါသည်။ ဒဂုန်ဓာတ်ပုံပြိုင်ပွဲ ဆုများကိုလည်း မကြာခဏ ရဖူး၍ ဂျာနယ်ကျော်တွင်ပါသည့် ဓာတ်ပုံနှိုင်းယှဉ်ချက်များကို ကိုထွန်းလှိုင်ပင် တာဝန်ယူ၍ ပေးပို့ခဲ့သည်။ ယခု စစ်ပြီးခေတ်တွင် ရဟန်းဝတ်နှင့် ကင်မရာကိုင်လျှင် သိက္ခာပျက်မည် စိုးသောကြောင့် စွန့်လွှတ်ထားလေသည်။

## ရှေးဟောင်းပစ္စည်းစုသူ

ဦးသောဘိတအား ရွှေကိုင်းသားဟု သိကြသော်လည်း ရွှေကိုင်းသားပင်လျှင် 'မန္တလေး' စာအုပ်ကို ရေးသည့် ရတနာပုံဖိုးမှတ်စုဖြစ်ကြောင်း သိသူနည်းပါးသည်။ ဦးပဥ္စင်းသည် ၎င်းအမည်ကို ကျောက်စာရုံးတွင် အလုပ်လုပ်စဉ်အခါက အထက်လူကြီးများ အလိုရှိရာ အကြောင်းအချက်အလက်မှန်သမျှကို မေးတိုင်း ကောက်ခါငင်ခါ ရှာဖွေပေးနိုင်ခြင်း ညွှန်ပြနိုင်ခြင်းကြောင့် 'မှတ်စု' ဟု ခေါ်ဝေါ်ခြင်း ခံရသဖြင့် ရွှေကိုင်းသားအပြင် "ဖိုးမှတ်စု" ဟူသော ကလောင်နာမည်ဖြင့်လည်း ရှာဖွေစုဆောင်းခြင်းဆိုင်ရာ ပညာပါသည့်ဆောင်းပါးများကို ရေးပါသည်။

ဦးပဥ္စင်းသည် ရှေးဟောင်းပစ္စည်း စုဆောင်းခြင်းအတတ်ကို ကလေးအရွယ်ကပင် ဝါသနာပါ၍ စုဆောင်းခဲ့သူဟု ပြောပြပါသည်။ ရှေးဟောင်း

ဒဂ်ါးအမျိုးမျိုး၊ မြန်မာသုံးအလေးအမျိုးမျိုး၊ ဆေးအိုး၊ ဆေးတန် အမျိုးမျိုးတို့မှာ စ၍ စုဆောင်း သိမ်းဆည်းသင့်သည့် ပစ္စည်းများ တော်တော်ကြီးစုံလင်သည့် ကိုယ်ပိုင်ပြတိုက်ငယ်ကလေးသဖွယ် ထားရှိသည့်အပြင် တံဆိပ်ခေါင်းကိုလည်း နှစ်ပေါင်းများစွာ ကြာမြင့်သည့် အချိန်ကတည်းက စုဆောင်းခဲ့သဖြင့် ဦးပဥ္စင်း၏ အယ်လ်ဘမ်ခေါ် တံဆိပ်ခေါင်း ကပ်ထားသည့်စာအုပ်မှာ တော်တော်ပင် စုံလင်နေပါပြီ။ စာဟောင်း ပေဟောင်းများကိုလည်း ခုံခုံမင်မင် စုဆောင်း၍ ထားရှိသာမက သိမ်းဆည်းရာတွင် စနစ်ကျပုံမှာလည်း ပြော၍ မယှဉ်နိုင်၊ မြင်မှ အံ့သြလောက်သည့် ထားနည်း သိုနည်းများဖြင့် သိုမှီး၍ လိုတာရအောင် စုထားပါလေသည်။

## ဆင်ယင်ထုံးဖွဲ့မှုကျမ်း မွေးဖွားချိန်

စစ်ကြီးဖြစ်၍ ကိုထွန်းလှိုင်နှင့် ကျွန်မတို့ခေတ္တ ကွဲကွာသွားကြပြီးနောက် စစ်အတွင်းတွင် ကျွန်မတို့က ကပိုင်အာရှလူငယ်ဖွဲ့စည်းကြ၍ ကိုထွန်းလှိုင် ကလည်း နာမည်ကြီး စစ်ကိုင်းတောင်ရိုး အာရှလူငယ်တွင် ဉာဏဗလမှူး အဖြစ် ပြန်လည်တွေ့ဆုံကြပါသည်။

ဗုံးတွေ စက်သေနတ်တွေ ဒလစပ် ကြဲချပစ်ခတ်ချိန်များ၌ ဂူတွင်း အောင်းရသောအချိန်များတွင် ကိုထွန်းလှိုင်က ယခုဆုရသည့် ဆင်ယင်ထုံးဖွဲ့ မှုကျမ်းကို ကျောက်ဂူအတွင်းတွင် ပြီးမြောက်အောင် ရေးသားခဲ့လေသည်။ ဆင်ယင်ထုံးဖွဲ့မှုကျမ်းတွင် ဖော်ပြသည့် ပန်းချီကားများအားလုံးကို ဦးပဥ္စင်း ရေးဆွဲ၍ မျက်နှာဖုံးကိုပင် စာရေးဆရာကိုယ်တိုင် ဆွဲသောစာအုပ်မျိုး ဗမာ ပြည်တွင် သည်တစ်အုပ်သာ ပေါ်ဖူးပါသေးသည်၊ စစ်ပြီးလျှင်ပြီးခြင်း ဤ ကျမ်းကို စာအုပ်အဖြစ် ထုတ်ဝေရန် ကျွန်မတို့လက်ထဲတွင် အပ်နှံ၍ ထားရှာ သော်လည်း စက္ကူအခက်အခဲ၊ ဘလောက်အခက်အခဲများကြောင့်တစ်ကြောင်း၊ (ဤစာအုပ်ကို ရိုက်ထုတ်ခြင်းဖြင့် ခံရမည့်အရှုံးကို တာဝန်မယူနိုင်သော)

ငွေကြေးအခက်ခဲကြောင့်တစ်ကြောင်း၊ သူ့စာမူမှာ စာအုပ်တော်တော်နှင့် မဖြစ်လာဘဲ ယမန်နှစ်ကမှ စာအုပ်အဖြစ် ထွက်ပေါ်နိုင်ခဲ့ပါသည်။

## ရဟန်းဘဝ

ကိုထွန်းလှိုင် ရဟန်းဘဝသို့ ကူးပြောင်းပြီးသည့်နောက် လူထုဦးလှက ရယ်စရာလိုလို တကယ်လိုလို ပြောဖူးသော စကားကလေးကို ရေးပါဦးမည်။ 'ဦးကုလီန (စာရေးဆရာ မင်းရှင်နောင်) နဲ့ အရှင်ဉာဏိဿရ (စာရေးဆရာ ကိုဆန်းထွန်း) တို့ကိုတော့ လူမထွက်ပါနဲ့လို့ အတန်တန်တောင်းပန်ပေမယ့် မရဘူး။ ဦးပဥ္စင်း ဦးသောဘိတကြပြန်တော့လည်း လူ့ဘဝတုန်းက လူဆိုပေမယ့် ဘုန်းကြီးနဲ့မခြား နေထိုင်တာမို့ သင်္ကန်းမဝတ်လည်း မထူးပါဘူး ဦးပဥ္စင်း ရယ်လို့ လျှောက်တာလည်း မရဘူး' ဟု ပြောပါသည်။

ကိုထွန်းလှိုင်ဘဝကပင် ဆေးလိပ်မသောက် ကွမ်းမစားဘဲ အိမ်တော်ရာ ထီးကလေး ချိုင်းညှပ်၍ စက်ဘီး မစီးတတ်သောကြောင့် ခြေကျင်သွားခဲ့သော ဦးပဥ္စင်းဖြစ်ပါသည်။ သားမယားမယူဘဲ အမေအိုကြီးကို တစ်သက်လုံးလုပ်၍ ကျွေးရုံသာမက သားတွေ မယားတွေနှင့်ဖြစ်သော ညီအစ်ကိုများက ဝိုင်း၍ ညှဉ်းသမျှခံရဆဲ ခံခဲ့သူဖြစ်ပါသည်။ ဦးပဥ္စင်းက ဘာလို့ သင်္ကန်းဝတ်တာလဲဟု ကျွန်မက မေးကြည့်ဖူးသည်။ 'ကျုပ်က ၁၄ နှစ်သားလောက်ကတည်းက သင်္ကန်းဝတ်ချင်တဲ့ စိတ်ပေါက်ခဲ့တာ၊ အသက် ၃၀ မှပဲ အောင်မြင်လို့ပါ။ ငယ်ငယ်ကတည်းက ပါတိမောက်တို့ ဘာတို့ အလွတ်ကျက်ခဲ့ပါတယ်။ ထမင်းစားရင် ဘုန်းကြီးလို နှလုံးသွင်းပြီး စားတာကိုလည်း ကလေးအရွယ် ငယ်ကတည်းက ကျင့်ခဲ့ပါတယ်။ အမေက ထမင်းပွဲမှာ သူများနည်းတူ မပြီးကောင်းလားလို့ အငေါက်ခံပြီး ဘုန်းကြီးစား စားခဲ့ပါတယ်' ဟု ဦးပဥ္စင်းက ပြောပြဖူးပါသည်။

ဂျပန်ခေတ် ၁၃၀၅ ခုနှစ်က အာရုလူငယ်မှထွက်ပြီး စစ်ကိုင်းတောင်ရိုး သိမ်တော်ကျောင်းတွင် ရဟန်းခံခဲ့သည်ဟု သိရပါ၏။

# ဒဂိုးသမိုင်း

ဦးပဥ္စင်းရေးသား၍ ပြီးစီးနေပြီဖြစ်သော ကျမ်းစာအုပ်တစ်အုပ်မှာ 'မြန်မာနိုင်ငံဒဂိုးသမိုင်း' စာအုပ်ပင်ဖြစ်၍ ယခုထွက်ပြီး ဆင်ယင်ထုံးဖွဲ့မှုစာအုပ်ထက် နှစ်ဆခန့် ထူမည်ဟု သိရပါသည်။ ဟန်လင်းနှင့် ပျူခေတ်မှ အစပြု၍ ယနေ့သုံးစွဲနေသော ဆယ်လီမူးအထိ ခိုင်လုံခြေမြစ်သော အထောက်အထားများဖြင့် စေ့စုံစွာ ရေးသားထားသည့်ဟုလည်း ပြောပြပါသည်။ ဆင်ယင်ထုံးဖွဲ့မှုကဲ့သို့ပင် သူ့ခေတ်နှင့်သူ၊ တစ်ခေတ်စီ ခွဲခြား၍ ရေးသားထားသည်ဟု သိရ၍ အင်္ဂလိပ်စာမတတ်သော ဦးပဥ္စင်းက အာသာဖဲယား၏ စာအုပ်ပါ အချက်အလက် အကိုးအကားများလည်း ပါဝင်သည်ဟု သူ့စာအုပ်အကြောင်းကို ပြောပြပါသည်။ ကျွန်မက စာအုပ်ပါ ဒဂိုးများ ဦးပဥ္စင်းဆီ အားလုံးရှိပါသလားဟု မေးကြည့်ရာ သိမ်းဆည်းစုဆောင်းထားပါသည်။ ရှိပါသည်။ ၎င်းတို့ကို ကြည့်၍ ရေးပါသည်ဟု ပြောပြပါသည်။

ရေးသားပြီး ဒဂိုးသမိုင်းအပြင် အခြားအမည် မဖော်လိုသေးသော စာအုပ်များလည်း သုံးလေးအုပ် ရေးသားနေဆဲ ရဟန်းစာဝါလည်း တစ်နေ့လျှင် နှစ်ဝါမှန်မှန် တက်ယူဆဲ၊ လူထုဂျာနယ်အတွက် ဆောင်းပါးများလည်း လစဉ်မှန်မှန်ရေးသားဆဲပင် ဖြစ်ပါသည်။

ထို့ကြောင့် ဦးသောဘိတကို စေ့စေ့ငုငုလေ့လာလျှင် ဆင်းရဲလွန်း၍ ခုနစ်တန်းအောင်မျှ မိဘက ကျောင်းမထားနိုင်ခဲ့သော ဦးသောဘိတ၊ ဆင်းရဲ၍ အင်္ဂလိပ်စာ မသင်ရရှာသော ဦးသောဘိတသည် ယုန်ကို အပြေးပြိုင်သည့် လိပ်သဖွယ်၊ စွဲစွဲမြဲမြဲ မဆုတ်မနစ်သောဇွဲဖြင့် တစ်သက်ပတ်လုံး ကြိုးပမ်းခဲ့သည်။ ယခုလည်း စိတ်ရှည်လက်ရှည် ကြိုးပမ်းဆဲဖြစ်သည်။ နောင်ကိုလည်း အသက်နှင့်အမျှ မိမိဝါသနာထုံရာ အနုပညာရပ်ကို ရှာဖွေလေ့လာရင်း စွမ်းစွမ်းတမံ လုပ်ဆောင်ချက်များကို ဖော်ထုတ်ဦးမည်ပင် ဖြစ်ပါသတည်း။

လူထုဂျာနယ် အမှတ် (၃၀)
၁၉၅၂ ၊ အောက်တိုဘာလ

# ငယ်စဉ်ဘဝ

စာရေးဆရာ ရွှေကိုင်းသားဖြစ်မယ့် အနုရုဒ္ဓါချောင်ဆရာတော် ဦးသောဘိတ အလောင်းအလျာ မောင်ထွန်းလှိုင်ကလေးဟာ စစ်ကိုင်းမြို့ တကောင်းရပ်က မြန်မာဆေးဆရာ ဦးအုံ၊ ဒေါ်မြတို့က မွေးတဲ့ သားသမီး ခြောက်ယောက်အနက်က စတုတ္ထသားဖြစ်ပါတယ်။ မောင်ထွန်းလှိုင်ကို ၁၂၇၃၊ ပြာသိုလဆုတ် နှစ်ရက်၊ သောကြာ (၅–၁–၁၂) နေ့မှာ မွေးပါတယ်။

မိဘက သားသမီးတွေကို ပညာသိပ်တတ်စေချင်ပါတယ်။ နို့ပေမယ့် မြို့ငယ်တစ်ခုက ဗိန္ဓောဆရာတစ်ဦးအဖို့ သားသမီးခြောက်ယောက်တာဝန်က သေးတာမဟုတ်လေတော့ အိမ်နဲ့မဝေးတဲ့ ဦးဘိုးလူရဲ့ မြန်မာဘာသာ အလယ်တန်းကျောင်းမှာပဲ မောင်ထွန်းလှိုင်ကို ပညာသင်စေရပါတယ်။

မောင်ထွန်းလှိုင်က ငယ်ငယ်လေးကတည်းက အေးဆေးတဲ့ကလေး၊ အဆော့အလွန်နည်းတယ်။ ကလေးပကောလို့ ပြေးလွှားခုန်ပေါက် မနေဘူး၊ စကားလည်း နည်းတယ်။ လူကြီးတွေနား အမြဲတမ်း ပွတ်သီးပွတ်သပ် ကပ်နေပြီး ဘာမဆို သိချင်လွန်းလို့ သူ့မှာ တစ်မေးတည်း မေးနေတာပဲ။

အဖေကြီးကလည်း ဒီလောက် သိချင်မှတ်ချင်တဲ့ကလေးမို့ ဂရုတစိုက် ဖြေကြားတယ်။ ဒီကလေးရဲ့ သိချင်မှုကို သူ့ရှိသမျှ ဗဟုသုတနဲ့ ဖြည့်တင်းတယ်။ အမေရော အဖေရောက သူ့ကို အေးလွန်း ကောင်းလွန်းလို့ တခြားကလေးတွေထက် ပိုချစ်တယ်။ ပိုသနားတယ်။ ကျောင်းထားလို့ နှစ်တန်းလောက်ရောက်ပြီး စာတော်တော်သွားအောင် ဖတ်နိုင်ပြီဆိုကတည်းက မောင်ထွန်းလှိုင်က အိမ်မှာရှိတဲ့ အဖေ့စာတိုပေစ ပုရပိုက်တွေကို မွှေပြီး၊ အားရင် နှိုက်တယ်၊ ဖတ်တယ်၊ မသိရင် မေးတယ်။ ပြီးတော့ ကူးမှတ်ယူထားတယ်။ နောက်တော့ ကျောင်းသွားတဲ့အခါ အမေက တစ်နေ့ မုန့်ဖိုးနှစ်ပြားပေးလိုက်တာကို မောင်ထွန်းလှိုင်က တစ်ပြားဖိုးပဲ မုန့်ဝယ်စားပြီး တစ်နေ့တစ်ပြား ပိုက်ဆံစုတယ်။ ဥပုသ်နေ့ရောက်တော့ အမေ ကျွန်တော့်ကို ဒီနေ့လည်း မုန့်ဖိုးပေးပါဦးလို့ တောင်းပြီး ပြဇာတ်စာအုပ်ကို တစ်မူး (ရှစ်ပြား) ပေးဝယ်ပြီး ကျောင်းပိတ်တဲ့ အဲဒီနေ့ တစ်နေ့လုံး အိမ်ထရံ ခြေကန်ပြီး ပြဇာတ်ဖတ်တော့တာပဲ။ သူ့မှာ သူငယ်ချင်းအပေါင်းအသင်းလည်း မရှိဘူး။ သူက တစ်ယောက်တည်း နေရတာကို ကြိုက်တာတဲ့။

မောင်ထွန်းလှိုင်အဖေ ဦးအုံ့က ရုပ်သေးကြိုက်တယ်။ ဒါကြောင့် ဆရာပုရုပ်သေး၊ ကိုဖူးညိုတို့ ရုပ်သေးကို မလွတ်တမ်း ကြည့်တာပဲ။ ကြည့်တိုင်းလည်း ဘာမဆို သိချင်မှတ်ချင်တဲ့ သားကလေးကို ခေါ်သွားတယ်။ သားအဖမင်းသား ကိုစိန်ခိုတို့ ကိုဘကျော့တို့ ခေတ်အထိ ရုပ်သေးကြည့်ကြတုန်းပဲ။ ပွဲကြည့်တဲ့အခါ မောင်ထွန်းလှိုင်ကလေးက စိတ်နူးညံ့သူမို့ ရယ်စရာ ပြောရင်လည်း ဟက်ဟက်ပက်ပက် ရယ်နေတာပဲ၊ လွမ်းခန်းရောက်ရင်လည်း တရှုံ့ရှုံ့ငိုရင်း ပွဲကြည့်တာပဲ။

ရုပ်သေးစွဲရာက ပြဇာတ်စွဲလာတာပါ။ ဒါ:ပိန် ဦးမောင်ကြီးတို့၊ ဆရာမြတို့ စတဲ့ ပြဇာတ်ရေးဆရာတွေ ရေးတဲ့ ထိလပ်ပိုးအူတို့၊ ပဒိုက္ကယားတို့၊ ပဒကုသလတို့ကို မောင်ထွန်းလှိုင်ငယ်ငယ်က အပြန်ပြန်အလှန်လှန် ဖတ်နေ

တာပဲ။ ပြဇာတ်စွဲရာက သမိုင်းဘက်ကူးပြီး ဝါသနာပါလာတာလို့ ရွှေကိုင်းသားက ပြောဖူးပါတယ်။

ဖအေကြီးက ရုပ်သေးကြိုက်လို့လား မသိဘူး။ မောင်ထွန်းလှိုင် ကလေးတုန်းက ကစားရင် ဇာတ်ကတမ်း ကစားမယ်ဆိုပြီး ဝါးနဲ့ ဇာတ်စင်ကလေး ဆောက်တယ်၊ လက်ကိုင်ပဝါကို ကားလိပ်လုပ်တယ်။ မြို့ရိုးကား ထီးနန်းကား ပန်းချီ ကိုယ့်ဘာသာရေးတယ်၊ ရေးပြီးရင် ဇာတ်ကကြတာပဲ။ ကိုထွန်းလှိုင်ရဲ့ အစ်ကိုအကြီး ကိုဘထွန်းဟာ နောင်တော့ မန္တလေးက ဇာတ်သဘင်နယ်မှာ သဘာဝကျအောင် ကနိုင်တဲ့ မင်းသားကြီးတစ်ယောက် ဖြစ်လာပြီး မင်းသားကြီး 'သဘာဝ ဘထွန်း' လို့ နာမည်ကျော်သွားပါတယ်။ အသက် (၅၀) ကျော်မှ ဇာတ်ကရင်း ဇာတ်ဝတ်နဲ့ပဲ အနိစ္စရောက်ရှာတယ်။

မောင်ထွန်းလှိုင်ကတော့ သဘင်ကို ဝါသနာပါပေမယ့် လူက သိပ်ရှက်တတ်တာ။ ငယ်ကတည်းက ကနေ့ထက်ထိ လူရှေ့အဝတ်ချွတ်ပြီး ရေမချိုးရဲဘူး၊ ဈေးလယ် လူစည်ကားတဲ့လမ်းမှာ လမ်းသွားရမှာ ရှက်လို့ ကျောင်းသွားတဲ့အခါ ဈေးလမ်းကို အဝေးကြီးက ကွင်းပြီး ကျောင်းတက်တယ်။ ဆေးလိပ်ခုံရှိတဲ့လမ်းကို ဘယ်တော့မှ မဖြတ်ဘူး။ အဲဒီလောက် ရှက်တတ်တော့ အရုပ်ထဲ ပွဲရှိလို့ ဇာတ်ခင်းတယ်၊ လူဓာတ်ရှင် ပါတယ်ဆိုရင် နောက်ပိုင်းအကွယ်ကနေပြီး အစုံလုပ်ပေးတာပဲ၊ ရှေ့ထွက်ဖို့တော့ သူများတွေက လုပ်ကြပေါ့။

နို့ပေမယ့် မောင်ထွန်းလှိုင် ဝါသနာ အပါဆုံး အလုပ်ကတော့ ပန်းချီဆွဲတာပဲ။ မောင်ထွန်းလှိုင်ရဲ့အဖေ ဦးအုံက ဆေးဆရာကြီးသာဆိုတာ လက်မှုပညာဘက်ကလည်း သိပ်မြောက်ပါတယ်။ ပန်းပုထုတတ်တယ်။ ပန်းချီဆွဲတတ်တယ်။ အနုပညာဗီဇ တော်တော်ကြီးတဲ့ ရှေးဗမာကြီးတစ်ဦးပါ။ မောင်ထွန်းလှိုင်ကလည်း ပန်းချီကားကိုမြင်ရင် မျက်စိမလွှဲနိုင်ဘူး။ ပြီးရင် သူ့အဖေကို မေးတာပဲ။ အဖေကြီးကလည်း သားလေး ပန်းချီဝါသနာပါမှန်း

သိတော့ သိုပ်ဝမ်းသာတယ်။ အားပေးတယ်။ အခြေခံပန်းချီပညာကို မောင်ထွန်းလှိုင်ဟာ သူ့အဖေဆီက ရတာပါ။ အဖေကြီးက သူ့သားလေးကို စိတ်ရှည်လက်ရှည် သင်ပြတယ်။

မောင်ထွန်းလှိုင် ပန်းချီဆွဲချင်တဲ့အရွယ်မှာ အဖေကြီးက အားပေးတယ် ဆိုပေမယ့် ခဲတံရောင်စုံဘူးတို့၊ ရေဆေးဘူးတို့လိုဟာမျိုး ဖအေက ဝယ်ပေးနိုင်တာ မဟုတ်ဘူး။ ဒီပစ္စည်းတွေက လူဆင်းရဲ လက်လှမ်းမမီဘူး။ အဲဒီတော့ ပန်းချီဆွဲချင်လှတဲ့ သားလေးအတွက် အဖေက စုတ်ကလေးတစ်ချောင်း အိမ်မှာပဲ လုပ်ပေးတယ်။ နွားရဲ့ နားရွက်ထဲက အမွှေးတွေကို ကပ်ကြေးနဲ့ ကိုက်ယူရော၊ ပြီးတော့ ပိုးကြိုးလေးနဲ့ စုစည်းပြီး ကြက်တောင် ဒါမှမဟုတ် ဗျိုင်းတောင်တစ်တောင်ကို ရှာပြီး စည်းထားတဲ့ နွားမွှေးကို အတောင်ရဲ့ အပေါက်ထဲထည့်ပြီး အပေါ်က ထပ်ပြီး ပိုးကြိုးလေးနဲ့ စည်းရတယ်။ ဒါဆို စုတ်ကလေးရရော။ ဒါဟာ ရှေးဗမာ ပန်းချီဆရာတွေ သုံးနေကြ စုတ်မျိုးပဲ၊ ဒီနည်းနဲ့ ရှေးက စုတ်လုပ်တာပဲ။

စုတ်ကလေးရတော့ သားအဖ ဆေးရောင်စုံရှာကြပြန်ရော။ ရှာပုံက ဆေးနက်ရအောင် ရေနံဆီမီးခွက်ပေါ် သပိတ်တစ်လုံးမှောက်ထွန်းပြီး ရေနံမှိုင်း ခံပါတယ်။ မှိုင်းတော်တော်စွဲတော့ “အမေဈေးက ငါးကြင်းဝယ်ခဲ့ပါဗျာ’ လို့ မှာပြီး သပိတ်ထဲက နီးကြောကလေးနဲ့ ခြစ်ယူထားတဲ့ မှိုင်းကို ငါးကြင်း သည်းခြေနဲ့ သတ်ရတယ်။ ပြီးတော့ ရေနဲ့ရောဖျော်ရင် ဆေးနက်ရရော။ အဝါရောင်ရဖို့တော့ ဆေးဒန်းကိုသွေးပြီး တမာကော်နဲ့ စပ်ရတယ်။ အနီရောင် ကတော့ လွယ်တယ်၊ ဟင်္သပဒါးက အနီရရော။ အပြာကလည်း မဲနယ်ကို ရေဖျော်ရင် အပြာရတာပဲ။ အစိမ်းရောင်ရဖို့ မဲနယ်နဲ့ ဆေးဒန်းကို စပ်ယူ ကြတယ်။ အဲဒါမှာ မလုပ်ချင်ရင် ငွေးတောက်ရွက်ကို ကြိတ်ရင်လည်း အစိမ်းရောင်ရတာပဲ။ နီညိုရောင်ရဖို့ဆိုတော့ အိမ်နောက်ဖေးက မီးရထားလမ်း ကိုထွက်ပြီး သံလမ်းခင်းထားတဲ့ ကျောက်ခဲထဲမှာ ဆေးဒန်းမြင်း သီလာ

ကျောက်ဆိုတဲ့ ကျောက်ခဲလေးတွေရအောင် ရှာရတယ်။ ရပြီဆိုတော့ တူနဲ့ ထုပြီးခွဲရင် အဲဒီကျောက်ထဲမှာ ကွေ့နီခဲလေးတွေ သူ့အိမ်နဲ့သူ ရှိနေတာ တွေ့လိမ့်မယ်။ ဒီအခဲလေးတွေကို ယူဖျော်ရင် နီညိုရောင် ရတာပဲ။

သားအဖ ဆေးစပ်ကြ၊ ဆေးရှာကြတော့ မောင်ထွန်းလှိုင် (၁၀) နှစ်သား ရှိပြီ။ အဖေ့အမွေအဖြစ်နဲ့ တရုတ်စုတ်ကလေးတစ်ချောင်း အဖေ့ဆီက ရဖူးတာကိုလည်း မှတ်မိနေသတဲ့။

သားအဖ ပန်းချီဆေးစုကြတာ အရောင်စုံပြီဆိုတော့ ပန်းချီဆွဲရအောင် စားပွဲခင်းစက္ကူကို အဖေက ဈေးက ဝယ်ပေးတယ်။ စားပွဲခင်းစက္ကူဆိုတာ သတင်းစာရိုက်တဲ့ စက္ကူမျိုးပါပဲ။ သူက အပါးစား၊ အရွယ်က ဒီမိုင်းနှစ်ဆ အရွယ်ပါ။ အဲဒါကို အလှူထမင်းကျွေးတဲ့ စားပွဲခင်းဖို့၊ အရောင်ငါးမျိုး ဆေးဆိုးဖို့၊ တောင်ပေါ်ဒေသတွေမှာ ဆေးလိပ် လိပ်သောက်ဖို့ ဈေးတကာမှာ ရွက်ရေတစ်ရာ ဘယ်လောက်ဆိုပြီး လက်လီရောင်းချလေ့ရှိပါတယ်။ စက္ကူ ထဲတော့ ဝယ်လို့လည်း အလွယ်ဆုံး၊ ဈေးလည်း အပေါဆုံး စက္ကူပါ။

ပစ္စည်းစုံရတော့ မောင်ထွန်းလှိုင်က အားရင် စစ်ကိုင်းအရှေ့ဖျား တကောင်းရပ် သူတို့အိမ်ရဲ့မြောက်ဘက်မှာရှိတဲ့ သစ္စာစေတီတောင် (ခါဝဲ တောင်) ကုန်းတက်ပြီး အရုပ်ရေးတာပဲ။ တစ်ခါတော့ ပန်းချီဆရာ ဆရာမြ ဆင်များရှင်ဘုရားလာပြီး နိပါတ်တော်ပန်းချီတွေ လာရေးပါတယ်။ မောင်ထွန်းလှိုင်က သဘောကျလွန်းလို့ အဲဒါကို အားချိန်တိုင်း သွားကြည့်နေတာပဲ။ တစ်နေကုန်အားရင် တစ်နေကုန် ထိုင်ကြည့်တယ်။ ဆရာမြ ဆွဲပုံကို တစ်ခါတလေ သူအင်မတန် ကြည့်ချင်တဲ့အခန်းကို ဆွဲမယ့်နေ့ဆိုရင် ကျောင်း မပြေးစဖူးတောင် ကျောင်းပြေးပြီး ဆရာမြ ပန်းချီဆွဲတာကို ကြည့်တယ်။

မောင်ထွန်းလှိုင်ရဲ့ ပန်းချီသန္ဓေ၊ ပန်းချီငယ်ဆရာဟာ သူ့အဖေ ဆရာအုံ ပါပဲ။ မောင်ထွန်းလှိုင်ထက် အငယ် မောင်ထွန်းမြိုင်လည်း ပန်းချီဝါသနာပါ တယ်။ ကြီးတော့ မောင်ထွန်းမြိုင်က ပန်းချီနဲ့ အသက်မွေးတယ်လေ။

မောင်ထွန်းလှိုင်ရဲ့ ဒုတိယဝါသနာက စာရေးစာဖတ်ပေါ့။ ကလေးကတည်းက တစ်စုံတစ်ခုကြားရင် နားစွင့်တယ်၊ နားစိုက်တယ်။ သူ့သဘာဝက သိချင်တာ မှတ်ချင်တာကိုး၊ မှတ်စုရေးတာ ငယ်ကတည်းက အကျင့်တဲ့။ အဖေ့ဆီမှာ ရှိတဲ့ ပေ ပုရပိုက် မောင်ထွန်းလှိုင် မကြည့်ဖူးတာ မရှိဘူး။ ပြီးတော့ သူ လိုချင်တာ မှန်သမျှ မှတ်ယူထားတာ။

ရေဆိပ်သွား ရေချိုးရင် ရိုးရိုးချိုးတာ မဟုတ်ဘူး။ ကျောက်တုံး ကျောက်ခဲလေးကအစ ဆန်းရင် လှရင် ကောက်ယူလာတယ်။ သိမ်းထားတယ်။ တောထဲသွားရင်လည်း ဒါဘာပင်လဲ ဘာသီးလဲကအစ သိချင် မှတ်ချင် စူးစမ်းချင်တဲ့ဉာဉ်က အလွန်ကြီးပါတယ်။

ကျောင်းမှာ စာသင်ရတော့ ရာဇဝင်တို့၊ ပထဝီတို့ဆိုရင် ပထမချည်း ရတာ။ ဂဏန်းကျတော့ ညံ့တယ်။ စစ်ကိုင်းမြို့ ရာဇဝင်ကို လေးတန်းရောက်တော့ ရေးပြီတဲ့လေ၊ သူ့ဘာသာ မေးမြန်းမှတ်သား စုဆောင်းပြီး ရေးတာတဲ့။ ဦးဘိုးလူ ကျောင်းမှာ ခြောက်တန်းအောင်တော့ မိဘက စီးပွားရေး မပြေလည်လို့ ကျောင်းဆက်မထားနိုင်တော့ဘူး။ အဲဒီမှာ မောင်ထွန်းလှိုင်ကို ကြိုးစားတဲ့ ရိုးရိုးအေးအေး ကျောင်းသားလေးကို ဆရာမ (ကွယ်လွန်သူ ယဉ်ကျေးမှု အတွင်းဝန် တကောင်းရပ်က ဦးသိန်းတန်ရဲ့အစ်မ ဖြစ်ပါတယ်) (ဒေါ်တင်) က ချစ်လို့ သူတို့ကျောင်းမှာ အတန်းကုန် ခုနစ်တန်းအောင်အောင် သင်ပါ။ သူစရိတ်ထောက်ပံ့ပါမယ်ဆိုပြီး ဆက်သင်ခိုင်းတာနဲ့ ဆရာမ အကူအညီကြောင့် မောင်ထွန်းလှိုင် ကျောင်းဆက်နေရတယ်။ ၁၉၂၈ ခုနစ်မှာ မြန်မာစာ ခုနစ်တန်း အောင်ပါတယ်။

ခုနစ်တန်းအောင်တော့ မောင်ထွန်းလှိုင်ရဲ့ တစ်ဝမ်းကွဲအစ်ကို ဦးဗိုလ်သန်းက ပျဉ်းမနားက မူလတန်းဆရာအတတ်သင် အီးတီစီကျောင်းမှာ ကျောင်းအုပ်ဖြစ်နေတာ ရှိတယ်။ အဲဒီ ဦးဗိုလ်သန်းက မောင်ထွန်းလှိုင်ဟာ ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားမို့ စတိုင်ပင် ထောက်ပံ့ကြေးရအောင် လျှောက်

ပေးတာနဲ့ ထောက်ပံ့ကြေးရတော့ မူလတန်း ဆရာအတတ်သင်တန်း တက်နိုင်ပါတယ်။

သင်တန်းတက်နေတုန်း မန္တလေးတိုင်း ပညာဝန်ဦးဖိုးကောင်းက ကျောင်းသူ ကျောင်းသားလေးတွေကို ဗုဒ္ဓဘာသာသင်ခန်းစာ သင်ပေးချင်တယ်။ သင်တဲ့အခါ အရုပ်ကား အကူအညီနဲ့ ကလေးတွေစိတ်ထဲ စွဲနေအောင် သင်ချင်တယ်။ ဒါကြောင့် ငါးပါးသီလရဲ့အကျိုး၊ ဒုစရိုက် (၁၀) ပါးရဲ့အပြစ်ကို အရုပ်များ ဆွဲပြချင်တယ်လို့ ဆိုပါတယ်။ ပျဉ်းမနား မူလတန်း ဆရာအတတ်သင်ကျောင်းအုပ်က သူ့ဆီမှာ ပန်းချီဆွဲတတ်တဲ့ ကျောင်းသားတစ်ယောက် ရှိပါတယ်ဆိုပြီး ဦးဖိုးကောင်းဆီ မောင်ထွန်းလှိုင်ကို ပို့ပေးတယ်။ မောင်ထွန်းလှိုင်က စိတ်ရှည်လက်ရှည် စေတနာကောင်းကောင်းနဲ့ ဦးဖိုးကောင်းလိုချင်တဲ့ပုံတွေကို ဆွဲပေးတယ်။ ဒါကြောင့် ဦးဖိုးကောင်းက မောင်ထွန်းလှိုင်ကို သိပ်သဘောကျသွားပါတယ်။

၁၉၃၀ ခုနှစ်မှာ မောင်ထွန်းလှိုင် မူလတန်းဆရာအတတ် အောင်ပါတယ်။ နို့ပေမယ့် ကျောင်းဆရာလုပ်ဖို့ကျတော့ ခက်နေပါရော။ မောင်ထွန်းလှိုင်က ရှက်တတ်တယ် မှတ်လား။ ကျောင်းသားလေးတွေကို မျက်နှာချင်း မဆိုင်ဝံ့၊ စာသင်မပေးဝံ့ဘူး။ ဒါနဲ့ အိမ်မှာပဲ ဘာလုပ်ရမှန်း မသိဘဲနဲ့ ထိုင်နေရတယ်။

ဒီလိုထိုင်နေချိန်မှာ မန္တလေးဆရာ အတတ်သင်မှာ ပန်းချီနည်းပြလုပ်သွားဖူးတဲ့ ဆရာဦးဘသန်းက မောင်ထွန်းလှိုင်ရဲ့ဝါသနာ၊ မောင်ထွန်းလှိုင်ရဲ့ ပညာလိုလားမှု၊ စိတ်ရှည်လက်ရှည် အနုတာခံမှုတို့ကို ကျေနပ်လွန်းလို့ ဆရာဦးဘသန်း စစ်ကိုင်းမှာရှိခိုက် သူတတ်တဲ့ ပန်းချီပညာရော၊ ဓာတ်ပုံရိုက်တဲ့ပညာရော၊ ဆေးအတတ်၊ ဗေဒင်အတတ်၊ ကောင်းကင်နက္ခတ်ကြည့်တဲ့ အတတ်ရော အများကြီးသင်ပေးတယ်။ မောင်ထွန်းလှိုင်ကလည်း လောဘတကြီး သင်သမျှကို အားလုံးရယူ မှတ်သားတာပဲ။

အဲဒီအတောအတွင်းမှာ မန္တလေး ကမ္ပည်းကျောက်စာရုံး (ယခု ရှေးဟောင်း သုတေသနဌာန) က ပန်းချီဆရာတစ်ယောက် လိုချင်တယ်လို့ ကျောက်စာဝန် ဦးမြက ပညာဝန်ဦးဖိုးကောင်းကို စကားစပ်မိတော့ ပြောတယ်။ ဦးဖိုးကောင်းက ဦးမြနဲ့ ခင်လေတော့ သူ့မှာ တော်တဲ့ ပန်းချီဆရာကလေး ရှိပါတယ်ဆိုပြီး မောင်ထွန်းလှိုင်ကို သူ့ထောက်ခံစာ ကောင်းကောင်းနဲ့ ကျောက်စာရုံးမှာ အလုပ်လျှောက်ခိုင်းပါတယ်။

ဦးဖိုးကောင်းက ထောက်ခံတော့ ၁၉၃၀ ခုနှစ်မှာပဲ မောင်ထွန်းလှိုင် ကျောက်စာရုံးမှာ အလုပ်ရပါတော့တယ်။ မောင်ထွန်းလှိုင် အသက် ၁၈ နှစ်သားကစပြီး ကျောက်စာရုံးမှာ အလုပ်လုပ်တာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတဲ့ ၁၉၄၁ ခုနှစ်အထိ ၁၁ နှစ် ကြာခဲ့တယ်။ အဲဒီမှာ ပထမကျောက်စာဝန်တော်စိန်ခို၊ နောက် ဒူရိုင်ဇယ်၊ နောက်ဦးမြ၊ နောက်ဦးလူဖေဝင်း ကျောက်စာဝန် (၄) ဆက် ကြာခဲ့တာပေါ့။

သူ့ကို မူလအလုပ်ခန့်စဉ်ကတော့ ပန်းချီဆရာအဖြစ်ခန့်တာ။ ပန်းချီကူးစရာရှိရင် ကူးဖို့ဆိုပြီး ခန့်ခဲ့တာပဲ။ နို့ပေမယ့် ဓာတ်ပုံရိုက်ဖို့ လိုရင်လည်း သူရိုက်ရတာပဲ။ ပုံစံဆွဲဖို့ လိုရင်လည်း သူဆွဲရတာပဲ။ မောင်ထွန်းလှိုင်က အလုပ်ကို မခိုမကပ် စေတနာကောင်းကောင်း သေသေသပ်သပ် လုပ်ပေးတတ်သူမို့ နောက်တော့ ကျောက်စာရုံးမှာ သေတ္တာမှောက်လုပ်ရတဲ့သူ ဖြစ်လာတယ်။ မောင်ထွန်းလှိုင်က ရုံးက ခိုင်းထားတဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်အောင် ဆောင်ရွက်ရင်း သူ့ဝါသနာ၊ သူ့ဝသီအတိုင်း သူလိုချင်တာ သူစုချင်တာ သူမှတ်ထားချင်တာတွေကိုလည်း လုပ်ငန်းခွင်ထဲကနေပြီး ရေးဆွဲမှတ်သားပြီး ယူထားစုထားတာပဲ။ ဓာတ်ပုံလည်း ရိုက်သိမ်းတာပဲ။ အဲဒီတော့ ကျောက်စာဝန်တစ်ယောက်ယောက်က အလုပ်ခွင်မှာ အကြောင်းအရာတစ်ခုခုကို သိချင်လို့မေးရင် မောင်ထွန်းလှိုင်က သူပိုင် မှတ်စုထဲကယူပြီး လိုချင်တာကို ချက်ချင်းပေးနိုင်တယ်လေ။ သူ့ကို ဒီလိုလုပ်ထားဖို့ ဘယ်သူကမှ ပြော

ထားတာ မဟုတ်ဘူး။ သူဒီလို စုဆောင်းရှာဖွေ ရေးမှတ်နေတာကိုလည်း မလုပ်ပါနဲ့လို့ ဘယ်သူကမှ မတားမြစ်နိုင်ဘူး။ အလုပ်တာဝန်မှန်သမျှကို မောင်ထွန်းလှိုင်က ကျေပွန်အောင် လုပ်ပေးတဲ့လူကိုး။ အဲဒီတော့ သူ့မှတ်စု မှတ်ရာတွေကိုလည်း လူကြီးတွေက အရေးအကြောင်းရှိရင် အားကိုးနေရသေးတယ်။ ကျောက်စာဝန် ဦးမြကတော့ မောင်ထွန်းလှိုင်ကို မှတ်စုမှတ်ရာကလေးတွေနဲ့ သူ့ဆီက အမြဲတမ်း အကူအညီရလွန်းလို့ မောင်ထွန်းလှိုင်လို့တောင် မခေါ်တော့ဘူး 'ဖိုးမှတ်စု' လို့ပဲ ကျေကျေနပ်နပ်ကြီး ခေါ်တော့တယ်။ ရှေးကိုင်းသားအပြင် ကလောင်နာမည်တစ်ခုဖြစ်တဲ့ 'ရတနာပုံဖိုးမှတ်စု' ဟာ ကျောက်စာဝန် ဦးမြပေးခဲ့တဲ့နာမည်ကို ယူတာပါတဲ့။

မောင်ထွန်းလှိုင် ကျောက်စာရုံးမှာ အလုပ်လုပ်တုန်း သူ့ကို ပညာအများဆုံး ပေးသွား၊ သွန်သင်သွားတာလည်း ကျောက်စာဝန် ဦးမြပဲတဲ့၊ ကျောက်စာဝန် ဦးမြလက်ထက်မှာပဲ မောင်ထွန်းလှိုင်က သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာ စ,ရေးပါတယ်။ သူရေးတဲ့ ဆောင်းပါးတွေက ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေ။ အဲဒီတုန်းက သူ့ဆောင်းပါးမျိုး တခြားလူ ဘယ်သူမှ မရေးကြသေးဘူး။

သူ့ပထမဆုံးဆောင်းပါးကတော့ ခရီးသွားသမိုင်းဆောင်းပါးပဲ။ အဲဒါကို သူရိယ ရုပ်စုံဂျာနယ်မှာ ရေးပို့တယ်။ ဒီနောက်တော့ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သူရိယမဂ္ဂဇင်းနဲ့ ကြီးပွားရေးမဂ္ဂဇင်းတွေမှာ ရေးပါတယ်။

ရှေးဟောင်းသုတေသနဌာနလို့ ခုခေတ်မှာ ခေါ်နေကြတဲ့ဌာနကို စစ်ကြီးမဖြစ်ခင်ကတော့ မြန်မာနိုင်ငံ ကမ္ပည်းကျောက်စာဌာနလို့ ခေါ်ပါတယ်။ အဲဒီဌာနက ဘာတွေလုပ်တယ်ဆိုတာ မြန်မာလူထုက သိပ်မသိပါဘူး။ မသိတော့ ဒီဌာနက ဘုရားတွေကို ဖြိုဖျက်ပြီး ဌာပနာတွေကို ယူတယ်။ ကိုယ်ကျိုးအတွက် သုံးစွဲကြတယ် စတဲ့ သတင်းစကားတွေတောင် ဖြစ်ပေါ်

နေပါသေးတယ်။ လူတွေက ဘာပဲထင်ထင် ဒီဌာနက သူတို့ လုပ်စရာရှိတာကို ဆက်လုပ်နေတာပဲ၊ ဌာနဆိုင်ရာ အစီရင်ခံစာကိုတော့ ရေးပါရဲ့၊ တစ်ခါတစ်ရံ ပညာရှင်များသာ ဖတ်တဲ့ သုတေသနမဂ္ဂဇင်းဂျာနယ်မျိုးမှာ ဆောင်းပါးလေး ဘာလေးပါတတ်ပါရဲ့။ ဒါကို ပြည်သူက အဲဒါတွေ ဖတ်ရတာမဟုတ်လေတော့ ကမ္ပည်းကျောက်စာဌာနက ဘာလုပ်နေမှန်း လုံးဝမသိကြဘူး။ အဲဒီအချိန်အခါမျိုးမှာ ရတနာပုံဖိုးမှတ်စု၊ ရွှေကိုင်းသားစတဲ့ ကလောင်နာမည်တွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုတွေနဲ့ စပ်တဲ့ ဆောင်းပါးလေးတွေသတင်းစာဂျာနယ် မဂ္ဂဇင်းတွေမှာ စဖတ်လာရတယ်။ နောက်တော့ ကမ္ပည်းကျောက်စာဌာနအပေါ် ပြည်သူက အထင်လွဲ အမြင်လွဲ ဖြစ်နေတဲ့ကိစ္စတွေမှာတောင် ဖြေရှင်းပြီး အမှန်ကို ဖော်ထုတ်တဲ့ ဆောင်းပါးမျိုးတွေ ရွှေကိုင်းသားကလောင်က ရေးလာပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ၁၉၃၉ ခုနှစ်က ရေးခဲ့တဲ့ 'ရှေးဟောင်းပစ္စည်း ရှာဖွေရေးဌာန' ဆိုတဲ့ ဆောင်းပါးဆိုရင် ကမ္ပည်းကျောက်စာဌာနက ဘာတွေ လုပ်နေတာပါဆိုတာကို မှော်ဇာမှာ တူးဖော်နေတဲ့ ဓာတ်ပုံတွေနဲ့ ဖော်ပြရှင်းလင်းပြီး လူတွေရဲ့ အထင်အမြင်မှားမှုတွေ ပြေပျောက်အောင် အားထုတ်ထားပါတယ်။

တစ်ဘက်ကတော့ ကိုထွန်းလှိုင် ကျောက်စာဌာနမှာ ဝင်ပြီး (၁၁) နှစ် အလုပ်လုပ်သွားတဲ့ကိစ္စဟာ ကိုထွန်းလှိုင်အဖို့ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသလို ကျောက်စာဌာနအဖို့လည်း ပြန်ကြားရေးအရာရှိတစ်ယောက် အလကားကောက်ရသလို အကျိုးအမြတ် ထွက်ခဲ့ပါတယ်။ ရွှေကိုင်းသားနဲ့ ဆရာကြီးမဟာဆွေဟာ မြို့ကလည်း တစ်မြို့တည်း၊ ရပ်ကွက်ကလည်း တစ်ရပ်ကွက်တည်း၊ အိမ်ကလည်း ကြားမှာ ဝင်းထရံတစ်ချပ်သာ ခြားတာ၊ အလွန်ခင်မင်ရင်းနှီးပြီးဖြစ်တဲ့သူတွေ ဘာမျှ ပြဿနာမရှိဘူး။ ဒါပေမဲ့ မဟာဆွေကသူ့ထင်ရှားကျော်ကြားလှတဲ့ စစ်ထွက်သူ ဝတ္ထုမှာ ကျောက်စာဌာနရဲ့ လုပ်ရပ်တွေကို သိုဟန်ဘွားရဲ့ သာသနာဖျက်လုပ်ငန်းနဲ့ ထပ်တူပြုပြီး အပုပ်ချခဲ့တယ်။

ဒါကို ရွှေကိုင်းသားက ပြန်လှန်ချေပတဲ့ ဆောင်းပါးတစ်စောင် ကြီးပွားရေးမှာ ရေးခဲ့ပါတယ်။

ကိုထွန်းလှိုင်အဖို့ကတော့ အဲဒီမှာ (၁၁) နှစ်လုံးလုံး တာဝန်ထမ်းခဲ့ရင်း မြန်မာ့ယဉ်ကျေးမှုနဲ့ သမိုင်းဆိုင်ရာ တက္ကသိုလ်ကို အစိုးရစတိုင်ပင်နဲ့ တက်ခဲ့ရ၊ ဒေါက်တာဘွဲ့တွေ အလီလီယူခဲ့ရသလို ဖြစ်သွားပါတော့တယ်။

ကနေ့ ရွှေကိုင်းသားဆီမှာ နှိုက်မကုန်တဲ့ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတဘဏ္ဍာတွေထဲမှာ ကျောက်စာဌာနလုပ်ခဲ့တုန်းက စုဆောင်းခဲ့တာတွေ အများကြီး ပါတာပေါ့။

ရွှေကိုင်းသားက ပညာကို ဘယ်နေရာက ရမလဲ၊ ရတဲ့ဆီက သူအရယူတယ်ဆိုတဲ့မှုက ရှိလေတော့ မန္တလေးကျောက်စာရုံးမှာ အလုပ်လုပ်ခဲ့တုန်း မန္တလေး မိုးတားဝင်းထဲက အစ်ကိုတော်ခဲ့သူ ဦးဗိုလ်သန်းအိမ်ကနေပြီး သူက အလုပ်သွားရတယ်။ ဦးဗိုလ်သန်းက မိုးတားဝန်ထောက်ရဲ့မြေးမို့ မိုးတားဝန်ထောက်ပိုင်တဲ့ ပေတွေ၊ ပုရပိုက်တွေက ဦးဗိုလ်သန်းဆီမှာ အများကြီးပဲ။ အဲဒါတွေကို ကိုထွန်းလှိုင်က အလုပ်က ပြန်လာရင် စိတ်ရှည်လက်ရှည် မွှေတယ်၊ ဖတ်တယ်၊ လိုချင်သမျှ ကူးယူတယ်။ မိုးတားဝန်ထောက်ရဲ့ ကိုယ်ပိုင်ပိဋကတ်တိုက်ထဲက အဆီအနှစ်အားလုံး သူရယူလိုက်တာပဲ။

ရတနာမွန် မဂ္ဂဇင်း
၁၉၈၇ ၊ စက်တင်ဘာလ

ချယ်ရီမဂ္ဂဇင်း
၁၉၉၃ ၊ ဒီဇင်ဘာလ

❑

# သင်္ကန်းဆီးသွားတော့

၁၉၄၁ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပါရော။ စစ်မီးကြီး မြန်မာမြေကိုလောင်တော့ ကျွန်မတို့လည်း လွတ်မယ်ထင်ရာကို ပြေး၊ ကိုထွန်းလှိုင်တို့လို အသိမိတ်ဆွေတွေလည်း လွတ်မယ်ထင်ရာကို ပြေး၊ ပြေးရာဌာနချင်း မတူရင် ဘယ်သူတွေ ဘယ်ရောက်မှန်းမသိ။ သေမှန်းမသိ၊ ရှင်မှန်းမသိ ဖြစ်ကုန်တာပဲ။

သုံးနှစ်ကျော် လေးနှစ်နီးပါးကြာလို့ စစ်ပြီးတော့ ကိုယ့်မြို့ ကိုယ့်ဒေသကို အများအားဖြင့် ပြန်ဝင်တယ်။ ဝင်နိုင်တော့မှ အသိမိတ်ဆွေတွေရဲ့သတင်းကို မေးမြန်းစုံစမ်းရတယ်။ ၁၉၄၅ ခုနှစ်မှာ လူထုဂျာနယ် စထုတ်ပြီး ၁၉၄၆ ခုနှစ်မှာ လူထုသတင်းစာကို စပြီးထုတ်ဝေပါတယ်။ သတင်းစာဂျာနယ်လုပ်ငန်းကို ကောက်တော့ ကလောင်ရှင်တွေရဲ့ သတင်းနားထောင်တဲ့အခါ ရွှေကိုင်းသားတို့၊ ဖိုးမှတ်စုတို့ဆိုတဲ့ ကလောင်နာမည်တွေနဲ့ စာရေးတဲ့ ကိုထွန်းလှိုင်တစ်ယောက်တော့ စစ်အတွင်းက သင်္ကန်းဆီးသွားပြီဆိုတဲ့ သတင်းကို ကြားရပါတယ်။ ရွှေကိုင်းသား သာသနာ့ဘောင်ကို ဝင်သွားပြီလို့ ကြားရတော့ စာတွေ မရေးတော့ပေဘူးထင်လို့၊ သူ့ကလောင်ကို နမြောတာနဲ့ "ကိုထွန်းလှိုင်နှယ်နော်၊ လူ့ဘဝတုန်းကလည်း ဘုန်းကြီးလို နေတာပဲဟာ၊ လူက

လူပျိုကြီး၊ အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ကွမ်းမစားဘူး၊ စက်ဘီးတောင် စီးတတ်တာမဟုတ်ဘူး၊ လမ်းများသွားရင် မျက်လွှာအောက်ချပြီး အိမ်တော်ရာထီးကလေးနဲ့ ခြေကျင်သွားတဲ့လူ ဘာထူးသေးလို့ သင်္ကန်းဝတ်ပါလိမ့်" လို့ ကျွန်မစိတ်ထဲက အောက်မေ့နေမိတယ်။ ကိုထွန်းလှိုင်က လူသာဆိုတယ် ဘုန်းကြီးလိုနေခဲ့တာ မဟုတ်လား။ ရှက်တတ်တာကလည်း လွန်ရော။

ကိုထွန်းလှိုင် အိမ်တော်ရာထီးကို မျက်စေ့ကျတာလည်း သူချစ်ခင်မြတ်နိုးလှတဲ့ ကျေးဇူးရှင် ကျောက်စာဝန်ဦးမြကို သဘောကျလို့ပဲ။ စောစောကတော့ ဖဲထီးအနက်ဆောင်းတယ်၊ နောက်တော့ မြန်မာဆန်တဲ့ အိမ်တော်ရာထီးကို ပြောင်းပြီး ဆောင်းတယ်။ တစ်ခါတော့ ရွှေတချောင်း ရေလျှံလို့ ခာတ်ပုံနဲ့ ပန်းချီဌာနဖြစ်တဲ့ အဆောင်ဟာ ရေမြုပ်တယ်။ တော်တော်ကြာ ရေစိမ့်တော့ နှာစေး ချောင်းဆိုးဖြစ်လာလို့၊ ကိုထွန်းလှိုင်ကို ဘွတ်ခြေနင်း ပြောင်းစီးစေတယ်။ သည်တော့ ခါတိုင်းလို ရှုံးဆင်းရင် ဈေးချိုဘက်က လှည့်မပြန်ဝံ့ဘူး။ အရှေ့အာဠဝီလမ်းအတိုင်း ကျုံးဘေးက လျှောက်ပြီး မိုးတားဝင်းကို ပြန်ခဲ့ရသတဲ့။

ဒါနဲ့ သင်္ကန်းဝတ်နဲ့ ပထမဆုံး ပြန်တွေ့ရတော့ "ဦးပဥ္စင်းက ဘာလို့ သင်္ကန်းဆီးလိုက်တော့တာလဲ" လို့ မအောင့်နိုင်လို့ မေးမိတယ်။ ပေးတဲ့ အဖြေက "ကလေးကတည်းက သင်္ကန်းဝတ်ချင်နေတာ၊ အိမ်မှာ ထမင်းစားရင် ဘုန်းကြီးများ ဆွမ်းစားတော့ တရားနှလုံးသွင်းရင်း စားတယ်ဆိုလို့ အဲသလို နှလုံးသွင်းပြီး စားလေ့ရှိတယ်" တဲ့။ အဲဒါ ဦးပဥ္စင်းပေးတဲ့ အဖြေပါ။ ကျွန်မက မလျှော့သေးပါဘူး။ စိတ်ထဲရှိတာတော့ လျှောက်မိတာပဲ။ "အရှင်ဘုရား လူဝတ်နဲ့တုန်းကလည်း ဘုန်းကြီးလို နေတာပဲဟာ ဘုရား" လို့ပြောတော့ ဦးပဥ္စင်းက "၁၄ နှစ်သားကတည်းက သံဝေဂ စဖြစ်ပြီး သာသနာ့ဘောင် ဝင်ချင်နေတာ၊ မိဘလုပ်ကျွေးဖို့ ဝတ္တရားရှိသေးတယ်ဆိုပြီး မိဘကို ငဲ့နေလို့ မဝတ်ခဲ့ဘဲ အလုပ်လုပ်နေရတာ၊ ရတဲ့ လခကိုလည်း မိဘပေးခဲ့တာပဲ" လို့ ပြန်ပြောပါတယ်။

ပြီးတော့ ဦးပဠင်းက သူ့မှာ အရင်ကတော့ သူများအကျိုးစီးပွားတွေချည်း လုပ်လာခဲ့ရတယ်။ ကိုယ်ကျိုး ကိုယ့်စီးပွားလည်း လုပ်ဖို့လိုသေးတာမို့၊ လုပ်ချင်သေးလို့ ဒီလို သာသနာ့ဘောင်ကို ဝင်လိုက်တာတဲ့။

ဦးပဠင်းကိုကြည့်ပြီး ကျွန်မတော့ မချင့်မရဲဘဲ။ ကမ္ဘာစစ်မီးကြီး လောင်ကျွမ်းတဲ့ဒဏ်ကို မြန်မာနိုင်ငံက မရှုမလှ ခံရလို့ ကိုထွန်းလှိုင်ဟာ ပိုပြီးသံဝေဂဖြစ်သွားတာနေမှာပဲ။ စစ်မီးလောင်မြိုက်တာသာ မခံရဘူးဆိုရင် သူ့စုလောက်သက်န်းမြန်မြန်ဆီးဖြစ်မှာ မဟုတ်ဘူးဆိုပြီး ကျွန်မမှာ ရတနာပုံ ဖိုးမှတ်စုတို့၊ ရွှေကိုင်းသားတို့ဆိုတဲ့ ကလောင်ကလေးတွေကို နမြောမဆုံး ဖြစ်နေပါတယ်။

မနမြောဘဲ နေနိုင်ပါ့မလား။ ဒီကလောင်ရှင်ရဲ့ ဆောင်းပါးတွေက မြန်မာ့ယဉ်ကျေးမှု အနုပညာနဲ့ဆိုင်တဲ့ ဆောင်းပါးတွေ၊ ခေတ်နဲ့ ရေးကိုပေါင်းကူးရေးထားတဲ့ ဆောင်းပါးတွေကိုး။ အဲဒီခေတ်က ဒီဆောင်းပါးမျိုး ရေးတဲ့ ကလောင်ရှင်တွေ မရှိပါဘူး။ ကိုထွန်းလှိုင် စရေးတာပါပဲ။ အမျိုးသားယဉ်ကျေးမှုအနုပညာကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းထားရေးတို့၊ ကြီးပွားရေးတို့ကို လူထုတို့က ကိုင်စွဲတဲ့ ပေါ်လစီဖြစ်လေတော့ ကိုထွန်းလှိုင် ဆောင်းပါးတွေက ကျွန်မတို့ ပေါ်လစီနဲ့ ဘောင်ဝင်အံကျပဲ။ ဒါတွင်လည်း မဟုတ်သေးဘူး။ ဆောင်းပါးတစ်စောင် အယ်ဒီတာ လက်ဝယ်ရောက်လာတယ်ဆိုရင် ပထမဦးဆုံး ဖတ်ကြည့်ရတယ်။ ဖတ်တော့ လက်ရေးလက်သား ဆိုးရင်ဆိုးသလို အယ်ဒီတာမှာ စိတ်ရှုပ်ရ၊ စိတ်ညစ်ရတာ။ ကိုထွန်းလှိုင်ရဲ့ လက်ရေးက သေသေသပ်သပ်၊ လှလှပပ။ မပီမှာစိုးလို့ တစ်လုံးစီ ဖြည်းဖြည်းပီပီသသ ဂရုစိုက် ရေးထားသလိုပဲ။ ဖတ်ရတဲ့လူ တယ်ပြီး စိတ်ချမ်းသာတယ်။ လက်ရေးတင် ကောင်းတာမဟုတ်သေးဘူး။ သတ်ပုံ သတ်ညွှန်းကလည်း ပြင်စရာမလိုတာမျိုး။ အားလုံး သူ့အတိုင်း ထားလို့ရတယ်။

လက်ရေးကောင်းရုံ သတ်ပုံမှန်ရုံတင်လည်း မဟုတ်ပါဘူး။ ဆောင်းပါးတိုင်းကို အယ်ဒီတာက လုပ်ပေးရတဲ့ စာပိုဒ်ခွဲပေးရတာ၊ စာခေါင်းအသေးအကြီး တပ်ပေးရတာမျိုးလည်း လုပ်စရာ မလိုဘူး။ ကိုထွန်းလှိုင်က သူ့ဆောင်းပါးကလေးကို အပိုဒ်ခွဲခဲ့ပြီး၊ ခေါင်းငယ်ကလေးတွေကို မင်နီကလေး

နဲ့တပ်ပြီး၊ မျဉ်းသားခွဲပြီး၊ ဆောင်းပါးခေါင်းလည်း ပေးခဲ့ပြီး ကော်ပီပါ။ ကော်ပီတစ်ခု အယ်ဒီတာက ဘာမှ လုပ်မပေးရတော့ဘဲ၊ ဖတ်ကြည့်ပြီးတာနဲ့၊ စာစီသမားလက်ကို တိုက်ရိုက် ထိုးအပ်နိုင်တဲ့ဟာမျိုးကို စာရေးဆရာတိုင်း မရေးနိုင်ဘူး။ ရေးနိုင်တဲ့ စာရေးဆရာတွေ များများမရှိဘူး။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကော်ပီဟာ ဒီလိုဘဲ အလွန်သန့်တယ်။ အယ်ဒီတာရဲ့ လက်ဝင်မှု လုံးဝမရှိဘူးပေါ့။ ဒါကို တချို့ အယ်ဒီတာက တတ်ယောင်ကားနဲ့ သွားပြင်မိရင် ဆရာကြီးက သူ့အမှန်ကို တမင် ဝင်အမှား လုပ်ရမလားလို့ စိတ်ဆိုးသတဲ့။

ဆောင်းပါးတစ်ပုဒ် သုံးတော့မယ်ဆိုရင် ဒီဆောင်းပါးနဲ့အတူ ဖော်ပြ သင့်တဲ့ ပန်းချီဒီဇိုင်းကို ဆောင်းပါး စိုပြည် မြိုင်ဆိုင်အောင် ဖတ်သူပိုပြီး စိတ်ဝင်စားအောင်၊ ဆောင်းပါးရှင်တွေရဲ့ အာဘော်ပြည့်စုံအောင် ရေးဆွဲပြီး ထည့်ပေးရတယ်။ ဖော်ပြမယ့် ဓာတ်ပုံရှိရင်လည်း အယ်ဒီတာက ဆောင်းပါး နဲ့အတူ ပါမလာရင် ရှာဖွေပြီး ထည့်ပေးရတယ်။ ဒါအယ်ဒီတာတိုင်းရဲ့ အလုပ်ပဲ။ ကိုထွန်းလှိုင်ရဲ့ဆောင်းပါးကတော့ ပန်းချီကား ဆောင်းပါးနဲ့အတူ ဖော်ပြစရာ၊ သူက ရေးယူခဲ့ပြီး၊ ဓာတ်ပုံအားလုံး ပုံကောင်းပုံသန့်ချည်းပါပြီး၊ တယ်ပြီး စိတ်ချမ်းသာရတယ်။ ဆောင်းပါးနဲ့ တွဲပို့လိုက်တဲ့ဓာတ်ပုံဟာ ထည့်ဖို့ ပုံမျိုးဖြစ်ပေမယ့် ထည့်ပေးလိုက်တာတွေက အရိုက်မကောင်း အကူး မကောင်းတာတွေ ဖြစ်နေရင် အယ်ဒီတာဟာ အလွန်စိတ်ညစ်ရပါတယ်။ အကူးမကောင်းတာ ဖလင်ပါလာသေးတယ်ဆိုရင် ကြံနိုင် ဖန်နိုင်သေးတယ်၊ တချို့က ဘာမှကို ကြံလို့ ဖန်လို့မရဘူး။ ထပ်ရိုက်ပို့ပါလို့ ပြောလည်း ဆောင်းပါးရှင်ဆီမှာ ဓာတ်ပုံကောင်းထွက်အောင် ရိုက်ပေးနိုင်တဲ့သူ မရှိရင် အလကားဘဲ။ အဲဒီတော့ ဆောင်းပါးနဲ့အတူ ဖော်ပြရမယ့် ဓာတ်ပုံဟာ ပုံကောင်းတွေဆိုရင် အယ်ဒီတာက ထက,ချင်မတတ် စိတ်ချမ်းသာတယ်။

ကိုထွန်းလှိုင်ရဲ့ဆောင်းပါးနဲ့အတူ တပါတည်းပို့လိုက်တဲ့ ပုံတွေက အားလုံးကောင်းတာချည်းပါပဲ။ မကောင်းဘဲ နေမလား၊ ကိုထွန်းလှိုင် ကိုယ်တိုင်က ဓာတ်ပုံပြိုင်ပွဲတွေမှာ ဆုမကြာခဏ ယူနေရတဲ့ ဓာတ်ပုံဆရာပေကိုး။

ကိုထွန်းလှိုင်တို့ ဓာတ်ပုံပြိုင်ပွဲဝင်တဲ့ခေတ်က မြန်မာနိုင်ငံတွင်းမှာ ဓာတ်ပုံပြိုင်ပွဲက သိပ်ကောင်းကောင်း မရှိလှသေးဘူး။ နိုင်ငံခြားကခေါ်တဲ့ ပြိုင်ပွဲတွေကတော့ အမျိုးမျိုးပဲ၊ ဘိလပ်မှာကျင်းပတဲ့ အပျော်တမ်းသမားတွေရဲ့ ဓာတ်ပုံပြိုင်ပွဲ "အမေချာဖိုတိုဂရပ်ဖာ" ဆု ဆိုတာရှိတယ်။ အဲဒီဆု ကိုထွန်းလှိုင်ဝင်ပြိုင်တဲ့ ဓာတ်ပုံက ရဖူးတယ်။ ထိုဓာတ်ပုံပစ္စည်းနှင့် ကင်မရာကုမ္ပဏီက ကျင်းပတဲ့ "ကိုဒတ် ဓာတ်ပုံပြိုင်ပွဲ" မှာလည်း ကိုထွန်းလှိုင်ပုံတွေက ဆုယူဖူးတယ်။ အိန္ဒိယဘုံဘေက ထုတ်ဝေတဲ့ အိန္ဒိယရုပ်စုံ အပတ်စဉ်ဂျာနယ်ကြီးကလည်း ဓာတ်ပုံပြိုင်ပွဲများ ကျင်းပတယ်။ အဲဒီပြိုင်ပွဲတွေမှာလည်း ကိုထွန်းလှိုင် ဆုတွေရဖူးပြီး၊ မကြာမကြာ ဖော်ပြခံရတယ်။

မြန်မာနိုင်ငံမှာတော့ အဲဒီအချိန်က ဒဂုန်မဂ္ဂဇင်းက ပြုလုပ်တဲ့ ဒဂုန်ဓာတ်ပုံပြိုင်ပွဲပဲ ရှိတယ်။ အဲဒီမှာလည်း ဆုတွေ ရတာပဲ။ ဂျာနယ်ကျော်က "ဓာတ်ပုံနှိုင်းယှဉ်ချက်" ဆိုပြီး၊ ရတ်တရက် အမြင်တူသလိုလို ရှိပေမယ့် တစ်ခုနဲ့တစ်ခု အလွန်ခြားနားတဲ့ပစ္စည်းနှစ်ခုရဲ့ပုံကို ဓာတ်ပုံယှဉ်ရိုက်ပြတဲ့ အခန်းတစ်ခန်းပါတယ်။ အဲဒီအခန်းအတွက် ဓာတ်ပုံတွေဟာ ကိုထွန်းလှိုင်ရဲ့လက်ရာတွေပေါ့။ အဲဒီတော့ ကိုထွန်းလှိုင်က သူ့ဆောင်းပါးနဲ့ တွဲသုံးဖို့ ပို့လိုက်တဲ့ ဓာတ်ပုံတွေက ဘုရင့်ပုဆိုး ပိုးချည်းဆိုသလို ပုံကောင်းပုံသန့်တွေချည်းပဲ။

ကိုထွန်းလှိုင်ဟာ ဓာတ်ပုံကောင်းတွေကို ကင်မရာကောင်းကောင်းနဲ့ ရိုက်ခဲ့တာမဟုတ်ဘူး။ ခုခေတ်မှာ ကင်မရာတွေက သိပ်ကောင်းတယ်။ မှန်ဘီလူးတွေကလည်း လူ့မွေးညှင်းပေါက်တောင် အတိုင်းသားပေါ်အောင် ရိုက်နိုင်တာမျိုး။ ရိုက်နည်းလည်း လွယ်သထက်လွယ်အောင် သူ့ထက်ငါအပြိုင် လုပ်ရောင်းနေကြပြီ။ ကိုထွန်းလှိုင်တို့ ဓာတ်ပုံရိုက်ခဲ့တဲ့ အနှစ် ၅၀ အောက် ဟိုဘက်က ကင်မရာတွေက သိပ်မကောင်းသေးဘူး။ ဒါထဲမှာ ကိုထွန်းလှိုင်က ပိုက်ဆံတတ်နိုင်တဲ့ လူမဟုတ်လေတော့ ၇ ကျပ်သာ ပေးရတဲ့ သေတ္တာ ကင်မရာ (အညံ့စား) နဲ့ ပုံကောင်းရအောင်ရိုက်ရတယ်။ ပြီးတော့မှ သူရိုက်ထားတဲ့ပုံကို ဘာသာဆေး၊ ဘာသာကူးပြီး၊ ပြိုင်ပွဲဝင်တာကလား။

ကိုထွန်းလှိုင်က ဓာတ်ပုံအပြင် ပန်းချီလည်း တတ်လေတော့ သူရေးတဲ့ မန္တလေးစာအုပ် ၂ အုပ်နဲ့ ဆင်ယင်ထုံးဖွဲ့မှုစာအုပ်တွေရဲ့ မျက်နှာဖုံးကိုလည်း သူကိုယ်တိုင်ဆွဲယူလာတာပါ။ အဲဒီတော့ ဒါလောက်အားကိုးရ၊ စိတ်ချမ်းသာရတဲ့ ဆောင်းပါးရှင်တစ်ယောက် သက်န်းဆီးပြီး သာသနာ့ဘောင်ကို ဝင်တော့မယ်။ လောကုတ္တရာ အလုပ်လုပ်တော့မယ်ဆိုတော့ လူဝတ်ကြောင်တုန်းကလည်း "ဘုန်းကြီးလို နေခဲ့တဲ့လူ" မို့ ကျွန်မက သူ့ကလောင်ကို နှမြောလို့ နေပါတယ်။ ကျွန်မတို့မှာ ကလောင်ရှင်အမျိုးမျိုးနဲ့ ရင်းနှီးခဲ့ရတာတွေ ရှိပါတယ်။ "မင်းရှင်နောင်" ဆိုတဲ့ ကလောင်ရှင်ဟာ မူလက လူမဟုတ်ပါဘူး။ သက်န်းဝတ် ဦးပဥ္ဇင်းငယ်တစ်ပါးပါ၊ မုံရွာ လယ်တီဂိုဏ်းကပဲ။ ဘွဲ့က ရှင်ကုလိနပတိပါတဲ့၊ ဒီဦးပဥ္ဇင်းကလေးကလည်း သူ့လိုင်းနဲ့သူ စာရေးကောင်းပါတယ်။ ကျွန်မတို့တိုက်က ထုတ်ခဲ့တဲ့ ဘာရတဝတ္ထုဟာ ဦးပဥ္ဇင်းဘဝနဲ့ ရေးတာပဲ၊ ကျွန်မက ဒီဦးပဥ္ဇင်းကလေးကိုတော့ သာသနာ့ဘောင်မှာပဲ စာတွေပိုပိုဖတ်ပြီး၊ ပိုပိုရေးလာနိုင်တဲ့ ဆရာတော်ကြီး ဖြစ်စေချင်တယ်။ သာသနာ့ဘောင်မှာ ပျော်စေချင်တာပဲ။ နို့ပေမယ့် ဒုတိယကမ္ဘာစစ်မီးကြီး ဝါးမျိုတာခံရတဲ့အချိန် ကျွန်မတို့ စစ်ပြေးရာကပိုင်ကို ဦးပဥ္ဇင်းကလေး "မင်းရှင်နောင်" ပေါက်လာတယ်။ သူက သာသနာ့ဘောင်က ထွက်တော့မယ့်အကြောင်း၊ စစ်အတွင်းမှာ စစ်ပြေးဒုက္ခသည် အမျိုးသမီးကလေး တစ်ဦးနဲ့ သူ့နဲ့ ရင်းနှီးနေပြီ ဖြစ်တဲ့အကြောင်း၊ ဒီအမျိုးသမီးကလေးက သူ့ကို စက်ဘီးပေါ် တင်နင်းတဲ့အကြောင်းတွေကို ဝမ်းမြောက်ဝမ်းသာလာပြီး ဖောက်သည်ချလေတော့ ကိုယ့်ဆုတောင်း မပြည့်လိုက်ရတဲ့ သူ့သတင်းကို ရင်နင့်နင့်နဲ့ နားထောင်လိုက်ရတယ်။

စာရေးဆရာ ကျုံဂုဒ္ဒူးသားအမည်ခံ ရှင်ဉာဏိသရကိုလည်း ကျွန်မတို့က နိုင်ငံတကာအထိကျော်တဲ့ မြန်မာ ရဟန်းပညာရှိတစ်ပါး ဖြစ်စေချင်တယ်။ အိန္ဒိယက ရာဟုလာသံကစ္စည်းတို့လိုပေါ့။ ဒါကြောင့် စန္တိနိကေတန်ကို စရိတ်ထောက်ပံ့ပြီး ပညာသင်ဖို့ လွှတ်ပါတယ်။ ဒါကြောင့် ကိုယ်နဲ့နီးစပ်တဲ့ ကလောင်ရှင်တွေထဲက သာသနာ့ဘောင်မှာ ပျော်စေချင်သူတွေကတော့ မပျော်၊

လူဆိုပေမယ့် ဘုန်းကြီးလိုနေတဲ့ ကလောင်ရှင်ကတော့လည်း လောကုတ္တရာ အရေးတွေကို ဦးစားပေးတော့မယ်လို့ သက်န်းဆီးသွားလေတယ်။ သြော်...ဆု တောင်းနယ် မပြည့်လေခြင်းလို့ အောက်မေ့မိတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ ရွှေကိုင်းသားလည်း သာသနာ့ဘောင်ကို ဝင်သွားပြီ၊ ကျွန်မတို့လည်း ကြီးပွားရေးမဂ္ဂဇင်းကို ရပ်နားခဲ့ပြီး လူထုဂျာနယ်နဲ့ လူထုသတင်းစာကို ထုတ်ဝေကြတယ်။ အဲဒီမှာ ရွှေကိုင်းသားရဲ့ကလောင် ဟာ ဝမ်းသာစရာ ပြန်လည်လို့ ပေါ်ထွန်းလာပါတယ်။ ဒီတစ်ခါတော့ ရုံး လုပ်ငန်းတွေကလည်း မရှိတော့လို့ထင့်။ အရင်ကထက်ပဲ ပိုလို့ ရေးသားလာ နိုင်တာကို တွေ့တယ်။ အရေးလည်း စိပ်တယ်။ အရေးလည်း များတယ်။ ရေးရာမှာလည်း လူထုသတင်းစာနဲ့ လူထုဂျာနယ်မှာ အများဆုံး ရေးပါတယ်။

ဆရာတော် ရွှေကိုင်းသား စာရေးတယ်လို့ဆိုရင် ခုခေတ်မှာ လူအများစု က 'ဆင်ယင်ထုံးဖွဲ့မှုကျမ်း'နဲ့'မန္တလေး' စာအုပ်တွေရေးတဲ့ ဆရာတော်လို့ပဲ သိနေကြတယ်။ တကယ်ကတော့ ရွှေကိုင်းသားနဲ့ ဖိုးမှတ်စုဟာ ဆောင်းပါး ရေးတဲ့ ကလောင်တွေထဲမှာ အရေးများတဲ့ ကလောင်စာရင်းထဲ သူတို့လည်း ပါတာပေါ့။ ရွှေကိုင်းသားဟာ ၁၉၅၀ ခုနှစ်နဲ့ ၁၉၇၀ ခု၊ အနှစ် (၂၀) အတွင်း စာတွေအများကြီး ရေးနိုင်ခဲ့ပါတယ်။ ဆောင်းပါးတွေ စာအုပ်တွေ ထွက်တယ် လေ။

## ခရီးသွားဆောင်းပါး

ခရီးသွားဆောင်းပါး ရေးတဲ့ကလောင်တွေထဲမှာ ဆရာတော်ရဲ့ ကလောင် ဟာ ထင်ထင်ရှားရှားရှိနေပါတယ်။ မောင်ထွန်းလှိုင်ဘဝက ကျောက်စာရုံးမှာ ပန်းချီဆရာအဖြစ်နဲ့ အမှုထမ်းနေတုန်း ကျောက်စာဝန် ဦးလူဖေဝင်းအတွက် (၁) မင်းကွန်းသွားမှတ်တမ်း၊ (၂)ပဲခူးသွားမှတ်တမ်း၊ (၃)ပုဂံသွား မှတ်တမ်း ဆိုပြီး၊ ဆောင်းပါးရှည်ကြီး သုံးပုဒ်ရေးပေးခဲ့ရတယ်။ အဲဒါ ၁၉၃၉–၄၀ ခု က စရေးတာ၊ ဒီဆောင်းပါးအချို့ကို အစိုးရထုတ် ရွှေပြည်တော် သတင်းစာ မှာ ဖော်ပြခဲ့တယ်။ တချို့ကိုတော့ ကြီးပွားရေးမဂ္ဂဇင်းမှာ ဖော်ပြခဲ့တယ်။

ပုဂံသွားမှတ်တမ်းကတော့ ရေးခဲ့ပေမယ့် ဘယ်မှာမှ မထည့်ဖြစ်ခဲ့ဘူး။ ၁၉၅၂ ခုနှစ်ရောက်တော့ ရွှေကိုင်းသားဟာ ပုဂံကို တစ်ခေါက်ထပ်ကြွပြီး 'ပုဂံသွား မှတ်တမ်း' ဆိုတဲ့ ဆောင်းပါးရှည်ကြီးတစ်ခု လူထုဂျာနယ်နံပါတ် ၄၈ က ၇၉ အထိ (၃၁)ပတ်တိတိ ရေးထည့်ခဲ့တယ်။

ဆရာတော် ရွှေကိုင်းသားက ၁၉၅၇ ခုနှစ်မှာ နန်းမတော်မယ်နု‌ရဲ့ ဇာတိ ဖလံခုံရွာ၊ ရေဦးမြို့နယ်ကို ကြွပြီး 'ရာဇဝင်နယ်မြေသို့' ဆိုတဲ့ လေ့လာရေးခရီးသွားနဲ့ ရာဇဝင်မှတ်တမ်းရှည်ကြီးတစ်စောင် လူထုနေ့စဉ် သတင်းစာမှာ (၂၃) ပတ်တိတိ ရေးသားထည့်သွင်းပြန်တယ်။

ခရီးသွားမှတ်တမ်းရှည် မဟုတ်ဘဲနဲ့ ပညာရပ်မှတ်တမ်းရှည်တစ်ခု 'မြန်မာပန်းချီသမိုင်းစဉ်' ဆိုတဲ့ ဆောင်းပါးရှည်ကြီး လူထုဂျာနယ်မှာ ရေးခဲ့ သေးတယ်။ ၁၉၅၀ မှာထုတ်တဲ့ ဂျာနယ်က စပြီး (၄၆) စောင်တိတိ ဒီဆောင်းပါးက ရှည်ပါတယ်။

ရှေးက မြန်မာနိုင်ငံမှာ ထုတ်ဝေဖူးတဲ့၊ ထင်ရှားတဲ့ သတင်းစာကြီးတွေ အကြောင်းကို 'သမိုင်းဝင် သတင်းစာများ' ဆိုတဲ့ ခေါင်းစဉ်နဲ့ လူထုသတင်း စာမှာ ရေးသားခဲ့တာတွေလည်း ရှိသေးရဲ့။

ဆရာတော် ရွှေကိုင်းသား ကိုယ်ပိုင်အဖြစ်နဲ့ စုဆောင်းထားတဲ့ တံဆိပ် ခေါင်း၊ အလေး၊ ဆေးတံတိုနဲ့ ပတ်သက်ပြီးတော့လည်း ရွှေကိုင်းသားက စုရုံတွင် မဟုတ်ဘူး။ တခြား စုဆောင်းနေသူတွေလည်း သိရအောင်၊ မစု ရသေးတဲ့သူတွေလည်း စုချင်လာအောင် 'တံဆိပ်ခေါင်း စုဆောင်းခြင်း'ဆိုတဲ့ ဆောင်းပါးမျိုး၊ 'မြန်မာ့ဆေးအိုး ဆေးတံများ' ဆိုတဲ့ဆောင်းပါးမျိုး၊ မြန်မာ့ အလေးများဆိုတဲ့ ဆောင်းပါးမျိုးတွေကို လူထုသတင်းစာနဲ့ ဂျာနယ်မှာ ရေးသေးတယ်။ အလေးနဲ့ ဆေးတံကိုတော့ ပန်းချီပုံတွေ၊ ဓာတ်ပုံတွေနဲ့ ဖော်ပြပါသေးတယ်။

ဆရာတော်က သမိုင်းကိုလည်း ငယ်ကတည်းက စိတ်ဝင်စားခဲ့တာမို့၊ ဘယ်သင်းဟာဖြင့် ဘယ်တော့ အနှစ်ဘယ်လောက်ရှိလိမ့်မယ်ဆိုတာကို စောစောကကတည်းက ကြိုတင်ပြီး သတိရတတ်ပါတယ်။ ဥပမာ–မန္တလေး

မြို့တည်တာ ၁၉၅၉ ခုနှစ်မှာ အနှစ် (၁၀၀) ပြည့်လိမ့်မယ်။ ဒါကြောင့် အဲဒီတော့ ရာပြည့်ပွဲ ကျင်းပသင့်တယ်လို့ (၃)နှစ်လောက် ကြိုပြီး သတိပေးပါတယ်။ ရွှေကိုင်းသားက သတိပေးရုံတင်မက မန္တလေးဆိုတဲ့ စာအုပ်ကြီးကိုလည်း ဓာတ်ပုံတွေနဲ့ တခမ်းတနား ဒီရာပြည့်အမီ ထုတ်ဝေဖို့ ရေးပါတယ်။

မန္တလေးမြို့ အနှစ်(၁၀၀) ပြည့် ပွဲကြီး ကျင်းပနိုင်ခဲ့တာ ဆရာတော်ရွှေကိုင်းသားရဲ့ ကြိုတင်သတိပေး တိုက်တွန်းချက်အရ ဦးလှတို့ ဝိုင်းဝန်းပြီး၊ အကောင်အထည် ဖော်ကြလို့ ဖြစ်ပါတယ်။

အမရပူရ အနှစ်(၂၀၀) ပြည့်တော့မှာကိုလည်း ဆရာတော်က ကြိုပြီး သတိပေးခဲ့တယ်။ ရာပြည့်ပွဲ ကျင်းပဖို့လည်း အကြံဉာဏ်ပေးတယ်။ အင်းဝနှစ် (၆၀၀) ပြည့်တုန်းကလည်း ဆရာတော်အနေနဲ့ ကြိုပြီး သတိပေးရင်း တတ်စွမ်းရာက ဝိုင်းဝန်းကူညီခဲ့ပါတယ်။

## သမ္မတ မိန့်ခွန်း

နိုင်ငံခြားတိုင်းပြည်တွေမှာတော့ သမ္မတတို့ ဝန်ကြီးချုပ်တို့က သူတို့ပြောဖို့ မိန့်ခွန်းရေးပေးဖို့ အရေးတော်တဲ့ လူတွေကို အဖိုးအခ များများပေးပြီး ငှားရမ်းထားလေ့ရှိတယ်။ ငှားတာမှ တစ်ယောက်တည်းကို မဟုတ်ဘူး။ အများအပြားကို ငှားထားတာပါ။ ဘယ်အခမ်းအနားမှာ ဘယ်အကြောင်းကိစ္စအတွက် ဘယ်သူက ဘာမိန့်ခွန်းကို ရေးပေးဆိုပြီး တော်တဲ့လူတွေ တတ်တဲ့လူတွေကို တသီးတသန့် တာဝန်ပေးပြီး ရေးခိုင်းကြတယ်။ ပြီးမှ သမ္မတတို့ ဝန်ကြီးချုပ်တို့ အဲဒီမိန့်ခွန်းကို ပြောတယ်။ ကျွန်မတို့ဆီမှာတော့ ဒီလိုအလုပ်ကို စကားပြောဖို့ အလွန်ဝန်လေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်က အဖိုးအခ တစ်ပြားမှ မရဘဲ လုပ်ပေးခဲ့တာ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ဆရာတော်ရွှေကိုင်းသားပါပဲ။

စစ်ကိုင်း လျှောင်ကြီးကြောင့် ပြိုကျသွားတဲ့ ရတနာစေတီ ဆင်များရှင်ဘုရားကို ပြန်လည်တည်ဆောက်တော့မယ်၊ အုတ်မြစ်ချ အခမ်းအနားကြီးကျင်းပပြီး (ထိုစဉ်က) နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်က မိန့်ခွန်းပြောမယ်

ဆိုတော့ ဒီမိန့်ခွန်းကို ရွှေကိုင်းသားက ရေးပေးပါတယ်။ ၁၃၂၃ ခု ပထမဝါဆို လပြည့်နေ့ ၂၇၊ ၆၊ ၆၁ မှာ ဒီမိန့်ခွန်းကို ဖတ်ကြားမိန့်မြွက်ပါတယ်။ ဒီအခမ်းအနားမှာပဲ (ထိုစဉ်က) ဝန်ကြီးချုပ်ဦးနုက မိန့်ခွန်းပြောဖို့ ရှိပါတယ်။ အဲဒီမိန့်ခွန်းကိုလည်း ရွှေကိုင်းသားပဲ ရေးပေးရပါတယ်။ အဲဒီနေ့က အကြောင်း မညီညွတ်လို့ ဦးနု မတက်နိုင်တာနှင့် (ထိုစဉ်က) သာသနာရေးဝန်ကြီး ဦးဘစောက ဦးနုကိုယ်စား ဒီမိန့်ခွန်းကို ဖတ်ကြားပါတယ်။

အဲဒီနှစ်ထဲမှာပဲ ပဒုစည်းခုံတော်ကြီး ထီးတော်တင် အခမ်းအနား ကျင်းပ တယ်။ ဒီအခမ်းအနား ၂၂၊ ၁၁၊ ၆၁ မှာ ကျင်းပတော့ ဦးဘစောက မိန့်ခွန်းပြောကြားတယ်။ မိန့်ခွန်းကို ဆရာတော်ရွှေကိုင်းသားပဲ ရေးပေးပါ တယ်။

## သိပ္ပံပညာ

ရွှေကိုင်းသားဟာ အင်္ဂလိပ်စာကို မသင်ဖူးလေတော့ မြန်မာစာသာ တတ်တဲ့လူ Vernacular Hand လို့ ခေါ်ရသူ မျိုးပေါ့။ ဒါပေမဲ့ သိပ္ပံပညာကို အလွန်စိတ်ဝင်စားပါတယ်။ သိပ္ပံပညာကို တွေ့ရမှာ ဆည်းပူးမှတ်သား တာပါ။

သူကိုယ်တိုင် အင်္ဂလိပ်စာသင်တဲ့ကျောင်း ဘယ်ကျောင်းမှာမှ မနေဘူး တာ အမှန်ပဲ။ နို့ပေမယ့် ရွှေကိုင်းသားကို အင်္ဂလိပ်စာ လုံးဝမတတ်ဘူးလို့ တော့လည်း ပြောလို့မဖြစ်ဘူး ထင်ပါတယ်။ ဘာလို့လဲဆိုတော့ သိပ္ပံပညာရပ် တစ်ခုခုနဲ့ ပတ်သက်ပြီး သူသိချင်တာ၊ သူလိုချင်တဲ့ အကြောင်းအရာတစ်ခု အင်္ဂလိပ်ဘာသာနဲ့ ရေးထားတာထဲက ရှာရှာလာပြီး၊ ကျွန်မကို ဘာသာပြန် ခိုင်းတတ်ပါတယ်။ ဘယ်နေရာက ဘယ်အထိ ဘာသာပြန်ပေးပါလို့၊ အတိ အကျ ထောက်ပြပြီး အပြန်ခိုင်းတာပါ။ သူမဖတ်တတ်ဘဲနဲ့တော့ ဒီလို မခိုင်းနိုင်ပါဘူး။ နားလည်သင့်သလောက် နားလည်တယ်။ အတိအကျ လိုချင် လို့သာ ကျွန်မကို ဘာသာပြန်ခိုင်းတာလို့ပဲ ကျွန်မယုံကြည်ပါတယ်။ ဘယ် ဆောင်းပါး၊ ဘယ်စာတမ်း၊ ဘယ်စာအုပ်ပဲရေးရေး သူသုံးလိုတဲ့ အကြောင်း

အရာရှိရင် ကျွန်မဘာသာပြန်ပေးရတာချည်းပဲ။ အဲဒါကိုလည်း ရွှေကိုင်းသား ကိုယ်တိုင်က ရှာယူလာပြီး ထောက်ပြထားတာတွေချည်းပဲ။ အဲဒီတော့ ရွှေကိုင်းသား အင်္ဂလိပ်စာကိုလည်း ဘာသာသင်တဲ့နည်းနဲ့ သင်ထားတယ်။ အသင့်အတင့်တော့ တတ်သိတယ်လို့ပဲ ကျွန်မယုံပါတယ်။ တကယ် စိတ်အား ထက်သန်သန်နှင့် မဖြစ်မနေ လုပ်ဆောင်ရင် ဖြစ်နိုင်တယ်ဟုတ်လား။ ရွှေကိုင်းသားက သိပ္ပံပညာကို သူချည်း စိတ်ဝင်စားတာမဟုတ်ဘူး။ သူများ စိတ်ဝင်စားအောင်လည်း ရေးသေးတယ်။

စစ်ပြီး ဒီဘက် သာသနာ့ဘောင်ကို ဝင်ပြီးမှ ရွှေကိုင်းသားရေးတဲ့ စာတွေထဲမှာ ငလျင်ဆောင်းပါးလိုဟာမျိုးအပြင် "နေကြတ် လကြတ် စာတမ်းများ" ဆိုပြီး၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့မှာ အပြည့်ကြတ် (သဗ္ဗကြတ်) ကို ကြိုဆိုသောအားဖြင့်စတဲ့ ဆောင်းပါးရှည်ကြီးတစ်ပုဒ် လူထုသတင်းစာမှာ (၄) ခါ ရေးခဲ့တယ်။ နောက် နေကြတ်ပြီးတဲ့နောက် နေကြတ်တာကို လေ့လာချင်ရင် ဘယ်လိုလေ့လာရမယ်ဆိုတဲ့ ဆောင်းပါး တစ်စောင်၊ ဆောင်းပါးနံပါတ် (၅) အဖြစ်နဲ့ ရေးပြန်တယ်။ အဲဒီဆောင်းပါး မှာ နေကြတ်တာကို စောင့်ကြည့်တော့ ပထမ (၁) မှန်ကို မှိုင်းခံပြီး၊ အဲဒီ မှိုင်းမိမှန်နဲ့ နေကို ကြည့်နည်း။ (၂) မှောင်ချထားတဲ့ အခန်းတွင်းနံရံမှာ အပေါက်ငယ်ငယ်ကလေးဖောက်ပြီး၊ ဒီအပေါက်က ကျလာတဲ့ နေရောင် ခြည်တန်းကို ဂျပ်စက္ကူအဖြူနဲ့ ခံပြီးကြည့်နည်းဆိုတာတွေကို ပထမဖော်ပြ တယ်။ အဲဒီနည်း (၂) နည်းကတော့ သူများတွေ လုပ်တာကိုင်တာကို တစ်ဆင့် ဖောက်သည်ချတာပဲ။ ရွှေကိုင်းသားဘာသာ တီထွင်ကြံဆထားတဲ့ တတိယ နည်းကိုလည်း ဖော်ပြသေးတယ်။ အဲဒါကတော့ ဓာတ်ပုံ ပုံကူးစက္ကူနဲ့ အရိပ်ကို ဖမ်းယူတဲ့နည်းတဲ့လေ။ ဓာတ်ပုံစက္ကူပေါ်မှာ ထင်ပေါ်လာတဲ့ အရိပ် ကို ပုံဖော်ဆေးမှာစိမ်ပြီး ဟိုက်ဖိုနဲ့ ချုပ်လိုက်တဲ့အခါ စက္ကူနက်ဂတစ်အဖြစ် ရသတဲ့။ အဲဒါကို ထပ်ကူးလိုက်တဲ့အခါ ပေါ့စတစ် ပုံမှန်ရသတဲ့။

ရွှေကိုင်းသားက နေကြတ်တာ၊ လကြတ်တာအားလုံးကို အမြဲတမ်း စိတ်ဝင်စားတယ်။ ဒါကြောင့် ဘယ်တော့ကြတ်ကြတ် စောင့်ကြည့်တယ်။

မှတ်တမ်းတင်တယ်။ ပြီးတော့ နေကြတ် လကြတ် ဆောင်းပါးတွေ လူထု ဂျာနယ်မှာ မကြာမကြာ ရေးပါတယ်။ ဒါတွေကို စုလိုက်ပေါင်းလိုက်ရင် စာတမ်းတစ်စောင် ဆောင်းပါးကောင်း ဖြစ်မယ်လို့လည်း ပြောပါတယ်။

အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက မန္တလေး ဓမ္မဗိမာန်မှာ စာတမ်းဖတ်ပွဲတွေ ပြုလုပ်တော့ ရွှေကိုင်းသားက "စကြဝဠာကို လေ့လာခြင်း" ဆိုတဲ့ စာတမ်းတစ်စောင် ၁၉၇၀ ခုနှစ်က ဖတ်ကြားပါတယ်။

ရွှေကိုင်းသားဟာ သိပ္ပံပညာကို ဘယ်လောက် စိတ်ဝင်စားတယ်ဆိုတာ ဒီစာတမ်းနဲ့ပဲ သိသိသာသာ ထင်ရှားလာပါတယ်။

ရတနာမွန် မဂ္ဂဇင်း

၁၉၈၇ အောက်တိုဘာလ

တော်ဝင်ဂျာနယ်

( ၁၉၉၅ ၊ မေ ) ၊ ( ၁၉၉၅ ၊ ဇွန် )

❑

# ရဟန်းဘဝ

ရွှေကိုင်းသားရဲ့ ရဟန်းဘဝဟာ မူလကတည်းက အသက်သုံးဆယ်ရှိကာမှ ငယ်ဖြူအဖြစ်နဲ့ တကယ်သံဝေဂဖြစ်လို့ သာသနာ့ဘောင်ကို ဝင်တာဖြစ်လေတော့ ဝိနည်းတော်ကိုလည်း တကယ်ရိုသေပါတယ်။ ဆရာတော် ရွှေကိုင်းသားရဲ့ ရဟန်းအမဟာ မယ်တော်မို့ ကျွန်မတို့တော့ ရဟန်းအမ မဖြစ်လိုက်ရဘူးပေါ့။ သို့ပေမယ့် ပစ္စည်းလေးပါးကို ထာဝစဉ်လှူဒါန်းနေတယ်။ ဆရာတော်လိုသမျှ အလှူခံဖို့လည်း ဖိတ်ကြားထားတယ်။ ကျောင်းကထိန်ကိုတောင် တပည့်တော်တို့ပဲ ခင်းပါရစေလို့ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က စလျှောက်ထားပြီး၊ နှစ်စဉ် မပျက်မကွက် လှူလာခဲ့တယ်။

ဆရာတော်ဟာ လူဝတ်ကြောင်တုန်းကလည်း တစ်ဖက်သားကို အလွန်အားနာတတ်တယ်။ သာသနာ့ဘောင်ကို ဝင်သွားတော့ အားနာမှုက သာလို့ပဲ ကြီးလာခဲ့တယ်။ ဒါကြောင့် ဆရာဒကာ အရင်းချာဆုံး ဖြစ်ပေမယ့် ဦးပဥ္ဇင်းမှာ ဘာလိုတယ်လို့ ဘယ်တော့မှ မပြောဘူး။ ‘လိုတာ အမိန့်ရှိပါဘုရား’ ဘယ်နှစ်ခါလျှောက်လျှောက် ‘ပြည့်စုံပါတယ်’ ချည်း ပြန်လို့မိန့်တာပဲ။ ဒါကြောင့် ကျောင်းကို မကြာခဏသွားပြီး၊ ဝတ်ကြီးဝတ်ငယ် ပြုစုနေတဲ့ စစ်ကိုင်းက

ဆရာတော့်တူမများ လာတဲ့အခါမှ ကျောင်းမှာ ဘာတွေလိုနေလဲဆိုတာကို မေးပြီး၊ လိုတာကို လှူရတယ်။ ဆရာတော်ရွှေကိုင်းသားက ကျောင်းမှာ ပစ္စည်းပေါပေါများများ ရှိတာကိုလည်း မလိုလားလှဘူး။ သီတင်းသုံးရတာက အဖော်အပေါင်း နည်းလေတော့ လူမသမာများ ရန်ကိုလည်း ကြောက်တယ်။ ကိုယ်တိုင်ကလည်း လောဘအလွန်နည်းတယ်လေ။ ဒါကြောင့် ကထိန်ကြီးကြီးမျိုး ခင်းရမှာတောင် ကြောက်ရှာ၊ စိုးရိမ်ရှာတယ်။

ဆရာတော်ကို ကြည်ညိုလို့ ဆရာတော်ကျောင်းကို ဝင်ကြ ထွက်ကြသူများကလည်း အများအားဖြင့်က စာပေသမားတွေ၊ ပညာသည်တွေ မဟုတ်လား။ ဒီလူတန်းစားက စီးပွားရေးသမား ကုန်သည်ပွဲစားတွေလို ရှာလည်း ရှာနိုင်၊ လှူလည်း ရက်ရက်ရောရော လှူနိုင်တဲ့ လူစားတွေ မဟုတ်ကြဘူး။ အဲဒီတော့ စစ်ကိုင်းတောင်ရိုး အလွန့်ခေါင်တဲ့ အနုရုဒ္ဓါလှိုဏ်ထဲမှာ တစ်ပါးတည်း ဆင်းဆင်းရဲရဲ သီတင်းသုံးနေတဲ့ ဆရာတော်ဆီက ပညာလိုချင်လို့ လာကြတာ။ ဆရာတော်က သူ့ရှိတာလေး စွန့်ကြဲပြီး ချက်ကျွေးရင် စားသွားကြတာက များများပဲ။ တစ်ခါတလေ ကျွန်မတို့က ဆရာတော့်ချောင်သွားမယ်ဆိုသူတွေကို "ဟိုမှာ ဆရာတော့်ချောင်က ဝေးလည်းဝေးတယ်၊ ခေါင်လည်းသိပ်ခေါင်တာနော်။ ဝယ်ခြမ်းစားစရာ ဘာမှရှိတာမဟုတ်ဘူး၊ ခေါက်ဆွဲထုပ်လိုဟာမျိုး ဝယ်ပြီး ယူသွားကြ" လို့ သတိပေးရတယ်။ ဆရာတော်ကတော့ သူ့မှာ မရှိပေမယ့် ရှိတာကလေးတွေကိုတော့ ပေးကမ်း ကျွေးမွေးလှူဒါန်းနေတာပဲ။ ဘယ်အလှူခံမှ မလာရင်တောင်မှ တောထဲတောင်ထဲက တောကြက်ကလေးတွေ၊ ငှက်ကလေးတွေ၊ တောင်လိပ်ကလေးတွေကို အစာကျွေးနေတာ။

မေတ္တာတရားကလည်း ကြီးမားပါဘိသနဲ့၊ မြွေကြီးတစ်ကောင်ကို ကြောက်ရဲ့သားနဲ့ မောင်းမထုတ်ဘူး။ မေတ္တာပို့ပြီး ကျောင်းငယ်လေးတစ်ကျောင်းထဲမှာ အတူနေနေပါတယ်။ ဆရာတော့်ကျောင်းမှာ ခေတ်ကာလ ပရိဘောဂနဲ့ စားမှုသောက်ဖွယ် ဆင်းရဲပေမယ့် စာပေနဲ့ဆိုင်ရာ၊ ဗဟုသုတနဲ့ဆိုင်ရာ၊ ယဉ်ကျေးမှုနဲ့ဆိုင်ရာ၊ သမိုင်းနဲ့ဆိုင်ရာ စုဆောင်းထားချက်တွေတော့

ဖြင့် မှတ်စုတွေနဲ့၊ ဖိုင်တွေနဲ့ အထပ်လိုက် ရှိလေရဲ့။ အဲဒါတွေက ပေါပါပေ့၊ များပါပေ့။ ဗဟုသုတ ပညာလိုချင်လို့ဖြင့် လာခဲ့။ မြောက်ကျွန်းသူရဲ့ ထမင်းအိုးလိုပဲ နှိုက်မကုန်နိုင်ဘူး။ သမိုင်းကော်မရှင်လို ဌာနကလည်း ဆရာတော့်ဆီ လာတာပဲ။ တက္ကသိုလ်တွေက မြန်မာစာဌာန၊ သမိုင်းဌာနတွေကလည်း လာတာပဲ။ မော်ကွန်းတိုက်၊ ပြတိုက် စတာတွေကလည်း လာတာပဲ။ မဟာဝိဇ္ဇာတွဲ့ ယူချင်သူတွေလည်း လာတာပဲ။ နိုင်ငံခြားဧည့်သည်တွေကလည်း လာတာပဲ။

နိုင်ငံခြားက ဧည့်သည်တစ်ဦးက မြန်မာနိုင်ငံမှာ သုံးစွဲခဲ့တဲ့ အလေးတွေအကြောင်း သိချင်ပါတယ်။ သူလည်း စုဆောင်းနေပါတယ်။ အဲဒါ ဘယ်သူ့ကို မေးရပါ့မယ်ဆိုရင် ကျွန်မတို့မှာ ရွှေကိုင်းသားဆီ ညွှန်ရတာပဲ။ ညွှန်သာညွှန်ရတယ်။ ရွှေကိုင်းသားရှိရာက ဘယ်လိုသွားပါလို့ ပြောရုံနဲ့ နိုင်ငံခြားသားမပြောနဲ့ မြန်မာလူမျိုးတောင် စစ်ကိုင်းတောင်ရိုးကို မကျွမ်းကျင်တဲ့ အဝေးကဧည့်သည်ဆိုရင် ရောက်အောင်သွားဖို့ မလွယ်ဘူး။ အဲဒီတော့ အပိုတစ်ယောက်ထည့်လိုက်ရသေးတယ်။

တံဆိပ်ခေါင်းစုတဲ့ နိုင်ငံခြားသား၊ ဒင်္ဂါးဟောင်းစုတဲ့ နိုင်ငံခြားသားဆိုရင်လည်း ရွှေကိုင်းသားဆီကိုပဲ ပို့ရတာပဲ။ ရွှေကိုင်းသားက တံဆိပ်ခေါင်းတို့၊ ပိုက်ဆံဟောင်းတို့ကို ငယ်ငယ်ကတည်းက စုလာတာ။ သူ့မရှိတဲ့ ပိုက်ဆံဆိုရင် သူများဆီက ခေတ္တငှားပြီး ဗလာစာအုပ်ကလေးထဲမှာ ခဲနဲ့ခြစ် ကူးယူထားတာဖြစ်လေတော့ စုံလည်းစုံ၊ စနစ်တကျလည်း ရှိတာကိုး။ ကျွန်မနဲ့ ဦးလှနိုင်ငံခြားတိုင်းပြည်တွေကို သွားတယ်ဆိုရင် ရွှေကိုင်းသားဖို့ နိုင်ငံခြားတိုင်းပြည်တွေက သုံးတဲ့ ငွေအကြွေနဲ့ တံဆိပ်ခေါင်းကတော့ သေသေချာချာပါအောင်ယူခဲ့ရတာပဲ။ နောက်ပြီး ရွှေကိုင်းသားဆီမှာရှိရင် ဘယ်အချိန်မဆို လိုချင်လို့ရတယ်။ ကိုယ့်ဆီမှာကိုယ် သိမ်းထားတယ်ဆိုရင် လိုချင်တော့ ပျောက်နေတာက များတာကိုး။ ရွှေကိုင်းသားကတော့ စနစ်တကျ သိမ်းထားတာမို့ အချိန်မရွေး ရနိုင်တယ်။ ကိုယ့်လက်လှမ်းမီတဲ့ ပုဂ္ဂလိက ပြတိုက်ကလေးမျိုး

မဟုတ်လား။ ဒါကြောင့် ကိုယ်ပိုင်စုဖို့တောင် စိတ်အားမထက်သန်ဘူး။ ဘာမဆို ရွှေကိုင်းသားဖို့ပဲ ဂရုတစိုက် ယူခဲ့ကြမိတယ်။

ရွှေကိုင်းသား ဒီလိုအစုအဆောင်း ဝါသနာပါတာနဲ့ ပတ်သက်ပြီး တစ်ခါတော့ မေးမိတယ်။ ဘာလို့ ဒီလိုစုနေတာလဲလို့။ ပေးတဲ့အဖြေက "ဟိုတုန်းက နိုင်ငံတော် စာကြည့်တိုက်တို့၊ နိုင်ငံတော်ပြတိုက်တို့က ရှိသေးတာမဟုတ်ဘူး။ အဲဒီတော့ ကိုယ့်အဝန်းအဝိုင်း၊ ကိုယ့်အတိုင်းအတာကလေးအတွင်းကနေပြီး ကိုယ်လိုချင်တာလေးတွေ တစ်နေ့တော့ ရအောင်ဆိုပြီး စုဆောင်း သိမ်းဆည်းထားတာပဲ" တဲ့။

ရွှေကိုင်းသားဆီမှာ မြန်မာလူမျိုးတွေ ရှေးကတည်းက သောက်ရှုခဲ့ကြတဲ့ ဆေးတံအိုးလေးတွေလည်း စုဆောင်းထားတာ စိတ်ဝင်စားဖွယ်ရာ အများကြီးရှိပါတယ်။ ရှေးက မြေဆေးအိုး၊ မြေဆေးတံကို ဆင်းရဲသားက သောက်လေ့ရှိတော့ လယ်ထွန်၊ ယာထွန်ရင်း ဒီမြေဆေးအိုးလေးတွေက မြေကြီးထဲက ပေါ်ပေါ်လာတတ်တယ်။ တချို့လည်း အကျိုးအပဲ့ကလေးတွေပေါ့။ တချို့လည်း အကောင်းအတိုင်းပဲပေါ့။ နောက်ပြီးတော့မှ လူ့အထက်တန်းလွှာများ သောက်ရှုဟန်ရှိတဲ့ ကြေးနဲ့လုပ်တဲ့ ဆေးအိုးဆေးတံ၊ သံနဲ့လုပ်တဲ့ ဆေးအိုးဆေးတံကလေးများလည်း တွေ့ထားတာ မြင်ဖူးပါရဲ့။ ရွှေကိုင်းသားဆီမှာ သရေခေတ္တရာ၊ ပျူခေတ်သုံး ဆေးအိုး၊ ဆေးတံကစပြီး သိမ်းဆည်းစုဆောင်းပြီးသား တွေ့ဖူးပါတယ်။

## ဘုရားသမိုင်း

သက်ဆိုင်ရာပုဂ္ဂိုလ်တွေက မေတ္တာရပ်ခံပန်ကြားလို့ ရွှေကိုင်းသား ရေးပေးတဲ့ ဘုရားသမိုင်းချည်း (၁၁) အုပ်နီးပါး ရှိပါပြီ။ ဒါတွေကို စာပေသမားတွေက သိပ်မသိကြဘူး။ သက်ဆိုင်ရာဘုရားတွေ သွားဖူးတဲ့အခါမှသာ ဆရာတော် ရွှေကိုင်းသားရေးပေးထားတဲ့ သမိုင်းစာအုပ်ကလေးတွေကို တွေ့နိုင်တာကိုး။ ရွှေကိုင်းသားရဲ့အရေးအသားက အရင့်အရင်က ရှိနှင့်ဖူးတဲ့ ဘုရားသမိုင်း

တွေနဲ့တော့ ခြားနားတယ်လေ၊ ဒဏ္ဍာရီတွေ နည်းနိုင်သမျှ နည်းပြီး၊ သမိုင်းစစ်ကို အသားပေးပြီး ခေတ်အတွေးအခေါ်နဲ့ ရေးတဲ့ သမိုင်းတွေပဲ။ ကျွန်မမှတ်မိသလောက်ဆိုရင်...

## သမိုင်းစာအုပ်များ

၁။ စစ်ကိုင်း–ရတနာစေတီ ဆင်များရှင် သမိုင်း (၁၃၁၉ ခု)။
၂။ စစ်ကိုင်း–ပတ္တမြားစေတီသမိုင်း (၁၃၂၂ ခု)။
၃။ စစ်ကိုင်း–ပုညရှင်စေတီသမိုင်း (၁၃၂၂ ခု)။
၄။ အမရပူရ–ရွှေကြက်ယက်ဘုရား သမိုင်း (၁၃၂၄ ခု)။
၅။ ရွှေဘို–အင်ကြင်းတောဘုရား သမိုင်း (၁၃၂၄ ခု)။
၆။ ပလိပ် ကထိန်နှစ် (၂၀၀)ပြည့်နှင့် ပိတောက်ချောင် ဆရာစဉ်ဆက် သမိုင်း (၁၃၂၄ ခု)။
၇။ ပုပ္ပားသမိုင်း (စာအုပ်အဖြစ် မရောက်)
၈။ ရတနာမဥ္ဇူ ဘုရားစာတမ်း။

စုစုပေါင်း (၈) အုပ်ရှိပါတယ်။ ဒါတွေကို ရွှေကိုင်းသားက သာသနာပြုတဲ့အနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများကို ပေးလှူလိုက်တာပါ။

## ဗိသုကာပုံစံများ

မောင်ထွန်းလှိုင်ဘဝတုန်းက ကမ္ဘည်းကျောက်စာဌာန၊ ကျောက်စာဝန်ဦးမြလက်အောက်မှာ ပန်းချီဆရာအဖြစ်နဲ့ ဝင်ပြီး၊ အမှုထမ်းတော့ ပထမဆုံး ကွင်းဆင်းအလုပ်ဝင်ရတာ အပယ်ရတနာဘုရားမှာ ဖြစ်သတဲ့။ အလုပ်တော်တော်ကြာ လုပ်မိတော့ ကျောက်စာဝန်ဦးမြက ရွှေကိုင်းသားရဲ့ လုံ့လဝီရိယနဲ့ စိတ်ရှည်ပုံ၊ ပညာလိုချင်ပုံ၊ စိတ်ကောင်း စေတနာကောင်း ရှိပုံတွေကို သိမြင်လာတယ်။ ဒါကြောင့် ဗိသုကာ ပညာတစ်ရပ်ဖြစ်တဲ့ ပန္နက်ပုံစံရေးဆွဲတဲ့ အတတ်ကိုလည်း စနစ်တကျ သင်ပြပေးပါတယ်။

မောင်ထွန်းလှိုင်ဟာ ကျောက်စာဝန်ဦးမြ သင်ပြပေးသွားတဲ့ ပုံစံထုတ်လုပ်မှုအတတ်ကိုလည်း ရလိုက်တယ်။ ဒီပညာကိုရတော့ သာသနာ့ဘောင်ဝင်တဲ့အခါ အသုံးချရပါတယ်။ ချပုံက…

၁။ ဝတ်ချက်ရွာ (ယခုအခေါ် ဝါးချက်) မစိုးရိမ်တိုက် မဟာသစ်ဝင်ချောင်မှာ ကမ္ဘာစစ်ကြီးအတွင်းတုန်းက လမ်းဗိုလ် မစ္စတာရာဂျန်းတို့ စစ်ပြေးဘဝနဲ့ ကျောင်းရိပ်ကန်ရိပ်မှာ ခိုလှုံသွားကြဖူးတယ်။ စစ်ကြီးပြီးတော့ မစ္စတာရာဂျန်းက "စစ်ပြီးစေတီ" ဆိုပြီး မစိုးရိမ်တောင်ထိပ်မှာ စေတီတစ်ဆူတည်ချင်သတဲ့။ ဒါကြောင့် ရွှေကိုင်းသားဆရာတော်က ရွှေစည်းခုံစေတီတော်အတိုင်း စေတီပုံစံတစ်ခု ထုတ်ပေးပါတယ်။

၂။ ပုဂံရွှေစည်းခုံ ဘုရားပုံတော် ပုံစံအတိုင်း ရေဦးနှောကုန်းဘုန်းကြီး ကျောင်းဦးမှာ တည်ချင်တဲ့ စေတီအတွက်လည်း ပုံစံတစ်ခု နောက်ထပ် ထုတ်ပေးရပါတယ်။

၃။ စစ်ကိုင်းတောင် ကန္နီကွေ့၊ အောင်မြေဘုံစံ ကျောင်းတိုက်အတွင်းမှာ တည်ချင်တဲ့ ဘုရားအတွက်တော့ ကုလားကျောင်းခံ ကွမ်းတောင်တက် ပုဂံဘုရားပုံစံ ထုတ်ပေးရပါတယ်။

၄။ စစ်ကိုင်းတောင် မဟာသမယချောင်မှာရှိတဲ့ တောင်ထိပ်မှာ တည်ချင်တဲ့ စေတီတစ်ဆူအတွက်လည်း ပုံစံတစ်ခု ထုတ်ပေးပါတယ်။

၅။ တည်ဆောက်ဆဲ စစ်ကိုင်းက ရတနာစေတီ ဆင်များရှင်ဘုရားအတွက်တော့ ပုံစံတော်ဟောင်းအတိုင်း သီဟိုဠ်နဲ့ မြန်မာပုံရောပြီး ပုံစံတော် ထုတ်ပေးပါတယ်။

ရွှေကိုင်းသား ထုတ်ပေးသမျှ ပုံစံတွေဟာ ခေတ်ပညာရှင် ဗိသုကာကြီးတွေရဲ့ပုံစံအတိုင်း အားလုံးစနစ်တကျ စကေးနဲ့ပုံ ထုတ်ပေးတာပါ။ ပြီးတော့ ရှေးဟောင်းယဉ်ကျေးမှု အထူးသဖြင့် ပုဂံယဉ်ကျေးမှုကို ဖော်ထုတ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ပါသတဲ့။ ကုလားကျောင်း၊ ကွမ်းတောင်နဲ့ မုခ်ခုံးများ၊ ဘီလူးပန်းဆွဲများကို ပုဂံလက်ရာအတိုင်း စနစ်တကျ

ရေးဆွဲပေးပြီး၊ ဆင်များရှင် ဘုရားပုံစံမှာတော့ သီဟိုဠ်က ဘုရားတွေကို သေသေချာချာ လေ့လာပြီးမှ သီဟိုဠ် ကျနိုင်သမျှ ကျအောင် ပုံစံထုတ်ပေးတာ ဖြစ်ပါသတဲ့။

၆။ တံတားဦးမြို့က ဂိုဏ်းထောက် ကျောင်းဆရာတော် ဦးဥက္ကဋ္ဌကလည်း စေတီတစ်ဆူ တည်လိုတာနဲ့ စစ်ကိုင်းအောင်မြေဘုံစံကျောင်းတိုက်အတွင်းက ပုဂံဘုရားပုံစံမျိုး ပုံစံတစ်ခု ထုတ်ပေးလိုက်ရသေးသတဲ့။

စေတီတွေအတွက်သာမက ပုညရှင်စေတီမှာ အာရုံခံနဲ့တွဲပြီး မုခ်ဦးပြာသာဒ်ဆောင် ဘုရားပတ်ဝန်းကျင်က စင်္ကြံ တန်ဆောင်းနဲ့ ထောင့်ပြာသာဒ်ဆောင်များအတွက်လည်း ဆရာတော်ရွှေကိုင်းသားပဲ ပုံစံထုတ်ပေးခဲ့တယ်။ ပုညရှင်မှာ ရွှေကိုင်းသားထုတ်ပေးတဲ့ ပုံစံတွေက အခုဆိုရင် အားလုံးဆောက်လုပ်လို့ ပြီးသလောက် ရှိပါပြီ။ ဆရာတော်က ဘုရားတွေနဲ့ မုခ်ဦးပြာသာဒ်တွေကို ဒီလိုပုံစံထုတ်ပေးတဲ့အခါ ဗိသုကာအတတ်မှာ အထက်တန်းကျခဲ့တဲ့ ပုဂံယဉ်ကျေးမှုတွေကို အလျဉ်းသင့်တိုင်း ပြန်လည်ဖော်ထုတ် အသုံးပြုပေးတယ်။ အဲဒီပုံစံတွေကို အလုပ်အပ်တဲ့ သက်ဆိုင်ရာများက ကျေကျေနပ်နပ် လက်ခံတာကို တွေ့ရရင် အပင်ပန်းခံရကျိုးနပ်ပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သတဲ့လေ။

ရွှေကိုင်းသားရဲ့မူဝါဒက အဟောင်းနဲ့အသစ်ကို ပေါင်းကူးပေးရေး၊ အဟောင်းကို တတ်နိုင်သလောက် ထိန်းသိမ်းရေး မဟုတ်လား။

## စာရေးကျဲလာမှု

ဆရာတော်ရဲ့ အသက်(၆၀)ကျော်လာတော့ စာရေးကျဲလာတယ်။ ကျဲရတာက အသက်ကြီးလို့တော့ မဟုတ်လှဘူး။ အကြောင်းတစ်ခု ပေါ်လာလို့ပဲ။ ဆရာတော် ယွန်းကျောင်း(၁၆)နှစ်ကြာ သီတင်းသုံးနေရာက အဲဒီကျောင်းကလေးက ခေါင်လွန်းတာကြောင့် တောင်ခြေ ဝတ်ချက်ရွာနားက မစိုးရိမ်တိုက် မဟာသစ်ဝင်ချောင်ကို ဆရာတော်က (၁၉၅၉) ခုနှစ်မှာ ပြောင်းလာခဲ့တယ်။

အဲဒီ မဟာသစ်ဝင်ချောင်မှာ (၃) နှစ် နေမိတော့ ဆရာတော်တို့ သံဃာ့ဂိုဏ်းဝင် အနုရုဒ္ဓါချောင်ဆရာတော် ပျံလွန်တော်မူတယ်။ ဒီဆရာတော်က ရွှေကိုင်းသားရဲ့အစ်ကိုဝမ်းကွဲလည်း တော်ပါတယ်။ အနုရုဒ္ဓါချောင်ဆိုတာက စစ်ကိုင်းတောင်ရိုးမှာ မူလပထမရှိတဲ့ ချောင်ကိုးချောင်ထဲက တစ်ချောင်ပေါ့။ ဒီချောင်မှာ အနုရုဒ္ဓါဆရာတော် အစဉ်အဆက် ကျောင်းကို လှူဒါန်းလာတဲ့ ပစ္စည်းပစ္စယကလေးတွေကို မသုံးစွဲဘဲ ဘုရားလှူတဲ့ အလေ့ရှိခဲ့တယ်။ ဒါကြောင့် အနုရုဒ္ဓါကျောင်းရဲ့ ဘုရားဆောင်ဟာ ရှေးပစ္စည်းကလေးတွေ စုဝေးရာ ပြတိုက်ကလေးလို ဖြစ်နေတယ်။

ဥပမာဆိုပါတော့ ကြွေရည်ချိုင့်ဆိုရင် ဝိတိုရိယ ဘုရင်မ သူ့ကြင်ယာနဲ့ နန်းတက်တဲ့နှစ်က ဘုရင်မ နန်းသိမ်းပွဲ အထိမ်းအမှတ်အဖြစ် သူတို့နှစ်ဦးရဲ့ ရုပ်ပုံနဲ့ ထုတ်လုပ်ရောင်းချတဲ့ ကြွေရည်ချိုင့်၊ နန်းတက်ခုနှစ် သက္ကရာဇ်နဲ့ပေါ့။ အဲဒါကို အလှူခံခဲ့တဲ့ ဆရာတော်က မသုံးစွဲဘဲ ဘုရားမှာ လှူထားတယ်။

နောက်ဆရာတော်က အက်ဒဝပ် ရုပ်ပုံ၊ နောက် ဂျော့ဘုရင်ရဲ့ ရုပ်ပုံနဲ့ ကြွေရည်ချိုင့် အဆက်ဆက်လှူကြတော့ ရေချိုင့်တွေကပဲ နောက်လူတွေ ကြည့်ဖို့ရာ၊ ကြည့်စရာကလေးတစ်ခုလို ဖြစ်လာတယ်။ အဲဒီလို အဆက်ဆက် လှူထားခဲ့ကြလို့ ပစ္စည်းပြတိုက်ငယ်ကလေး ဖြစ်နေတာပါ။ အနုရုဒ္ဓါဆရာတော် ပျံတော်မူတော့ နောက်သံဃာတစ်ပါး ဒီကျောင်းမှာ ဆက်လက်သီတင်းသုံးဖို့ သံဃာအစည်းအဝေးက ဆုံးဖြတ်တယ်။ ဆုံးဖြတ်ပြီး ဘယ်သူ သီတင်းသုံးသင့်သလဲ စဉ်းစားတဲ့အခါ ရွှေကိုင်းသားကို မြင်ပါတယ်။ ရွှေကိုင်းသားက ဒီကိစ္စ ကျွန်မတို့ကို တိုင်ပင်ပါတယ်။ ကျွန်မတို့ကလည်း အနုရုဒ္ဓါက ဘုရားဆောင်ကို သံယောဇဉ်ရှိတာကြောင့် ဆရာတော်လက်ခံရင် ကောင်းပါတယ်လို့ပဲ လျှောက်မိပါတယ်။

အဲဒီအနုရုဒ္ဓါကို ဆရာတော် ၁၉၆၂ ခုနှစ်က ပြောင်းရွှေ့ သီတင်းသုံးရတယ်၊ အဲဒီရောက်တော့ ဘုရားဖူးက မပြတ်တော့ဘဲ ပြတိုက်လိုက်ပြရတာက ဆရာတော့်မှာ အလုပ်ကြီးတစ်ခု၊ လိုက်မပြဘဲ ဘုရားဖူးချည်းလည်း လွှတ်လိုက်လို့မဖြစ်။ ဒါနဲ့ စာရေးချိန်၊ စာဖတ်ချိန်တွေဟာ ပြတိုက်က နှုတ်မှန်းမသိ

နှုတ်တော့ လျှော့မှန်းမသိ လျှော့ကုန်တာလည်း စာရေးကျဲတဲ့အကြောင်း တစ်ခုတည်းမှာ အကြောင်းတစ်ကြောင်း ပါပါတယ်။ ကျွန်မတို့က ဆရာတော် စာရေးကျဲတဲ့အကြောင်း လျှောက်ရင် “ဒေါ်အမာတို့ပဲ ဒီကျောင်းလက်ခံဖို့ တိုက်တွန်းတာပဲ” လို့ ဆရာတော်က ပုံချလေ့ရှိပါတယ်။

## ကျန်းမာရေး

ကျန်းမာရေးအနေနဲ့ကတော့ သိသိသာသာ ရောဂါဝေဒနာတစ်ခုခု စွဲကပ်တဲ့ လက္ခဏာမရှိပါဘူး။ နို့ပေမယ့် ဆရာတော်က ဆေးဝါးနဲ့ အထောက်အကူပြုမှု၊ ကုသမှုနဲ့ပတ်သက်ရင်တော့ ရှေးကျတဲ့ အဘိုးကြီးဆန်ပါတယ်။ ဆေးအလုံးလည်း မမျိုတတ်ဘူး။ အရည်ဖြစ်ရင် သောက်မယ်။ အလုံးဆိုရင် ဝါးပြီး ဘုဉ်းပေးတာပါ။

တစ်ခါတော့ ဆရာတော် နားမကြားတော့ဘူး။ နားလုံးလုံး မကြားရတော့ဘူးလို့ ကျွန်မတို့ဆီ သတင်းရောက်လာပါတယ်။ ဒါကြောင့် “နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်နဲ့ ပြကြည့်ချင်ပါတယ်။ ဆရာတော် မန္တလေး ကြွပါ” လို့ ကျွန်မတို့က ပင့်တယ်။ ဆရာတော်က “အသက်ကြီးလို့ဖြစ်တာ၊ သူ့နားလေးတာဟာ အိုနာဖြစ်မှာပဲ၊ မပြလိုဘူး” တဲ့။ ကျွန်မကလည်း “နားလုံးလုံး မကြားဘဲနဲ့ အနုရုဒ္ဓါမှာ တစ်ပါးတည်း သီတင်းသုံးရင် သူများရိုက်သတ်သွားပါလိမ့်မယ်။ ဆရာဝန်မပြလို့ မဖြစ်ပါဘူး” လို့ ဖွတ်အတင်းလျှောက်ပြီး ဖွတ်အတင်းပင့်ရပါတယ်။

ကြွလာတော့ ဒေါက်တာတင်ညွှန့်အိမ်ကို သွားပြကြတယ်။ ဒေါက်တာတင်ညွှန့်က “နားဖာချေး အတောင့်လိုက် ပိတ်နေတာပါ” လို့ ဆိုပြီး၊ နားဖာချေးနူးစေမယ့်ဆီ ပထမ ခတ်ပေးပြီး ဖြည်းဖြည်းချင်း ထုတ်ပေးပါတယ်။ တက်ထရာဆိုက်ကလင်း ဆေးတောင့်ထက် မငယ်တဲ့ အတောင့်(၂)ခု နားနှစ်ဖက်က ထွက်သွားတော့ အကောင်းပကတိ ပြန်ကြားလာပါတယ်။ နားကို တစ်သက်လုံး တစ်ခါမှ ဘာနဲ့မှ မနှိုက် မချွတ်ဘူးတဲ့။

နောက်သုံးနှစ်လောက်ကြာတော့ နားမကြားဘဲ ဖြစ်လာပြန်ပါတယ်။ ဒီတစ်ခါလည်း ပင့်ပြန်တော့ အိုနာဆိုပြီး ဆရာတော်က ဆရာဝန်ပြဖို့ မန္တလေး ကြွမလာဘူး။ ကျွန်မ ဖွတ်အတင်း ပင့်တော့မှ ကြွလာတယ်။ ကြွလာလို့ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန် ဒေါက်တာကံညွန့်နဲ့ ပြတော့ ဆရာဝန်က အရင်ဆရာဝန်လိုပဲ နားထဲမှာ မရှိအပ်တာတွေ ထုတ်ပစ်လိုက်ပြီး၊ ခြောက်လတစ်ခါ လာပြပါလို့ မှာလိုက်ပါတယ်။ နားကလည်း ကောင်းသွားပြန်ပါပြီ။ နောက်တစ်ခါတော့ ဆရာတော်က လာမပြသေးပါဘူး။

ဆရာတော်နေတဲ့ချောင်က ခေါင်လေတော့ ဆရာတော် ရုတ်တရက် နေထိုင်မကောင်းရင် ဆရာဝန်တစ်ယောက်ယောက်က လွယ်လွယ်ကူကူ စောင့်ရှောက်နိုင်ဖို့လိုတယ် ဟုတ်လား။ ဒါကြောင့် မောင်နှမလို ခင်မင်တဲ့ စစ်ကိုင်းက ဆရာဝန် ဒေါက်တာလှရွှေကို ကျွန်မတို့က ဆရာတော့် ကျန်းမာရေး ဂရုစိုက်ပေးပါ။ အရေးအကြောင်းရှိရင် အနုရုဒ္ဓါကို အချိန်မရွေး သွားပေးပါလို့ ပြောထားပါတယ်။

ဆရာတော်က ကျောင်းတိုက်ကြီး တံမြက်လှည်းတဲ့ဝတ်ကို နေ့တိုင်း ဆောင်ရွက်ပါတယ်။ တောင်ပေါ်မှာ နွေခါဆိုရင် တောမီးက သိပ်ကြောက်ရတာပါ။ ကြွေနေတဲ့ သစ်ရွက်ခြောက်ပေါ် ဆေးလိပ်မီးပွားကျရုံနဲ့ တောမီးလောင်နိုင်ပါတယ်။ တောမီးတဲ့ဟော့ဆိုရင်လည်း ကိုယ့်ကျောင်း ကိုယ့်ကန်နဲ့ ဘယ်လောက်ပဲ ဝေးသေးပေတဲ့ တောင်ရိုးနေ သူတော်ကောင်းတွေအားလုံး ကြားကြားသမျှ မီးထွက် ငြိမ်းသတ်ကြရတာပါ။ မဟုတ်ရင် မီးက အကြီးအကျယ်လောင်နိုင်တာကိုး။ ဘုရားဖူးက ဒီအန္တရာယ်ကို သတိပြုမိကြတာ မဟုတ်ဘူး။ လမ်းသွားရင်း ဆေးလိပ်သောက်တယ်။ ဆေးလိပ်တိုကို လွယ်လွယ်ပဲ ပစ်ချင်ရာရာ မီးမငြိမ်းဘဲနဲ့ ပစ်ခဲ့တတ်ကြတယ်။ အဲဒီတော့ သစ်ရွက်ကြွေတဲ့ နွေဦးကစပြီး တစ်နွေလုံး တံမြက်စည်းကတော့ နိုင်နိုင်ကြီး လှည်းရော့ပဲ။ တတ်နိုင်ရင် ကျောင်းပရိဝုဏ် တစ်ခုလုံးသာမက ဘေးပတ်လည်မှာပါ သစ်ရွက်ခြောက်မရှိအောင် လှည်းနိုင်ရင် တောမီးအန္တရာယ်က လွတ်နိုင်ပါ

တယ်။ ဆရာတော်ဟာ ကျန်းမာရေးအတွက်ရော မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက်ရော တံမြက်လှည်းတဲ့ဝတ်ကို မပျက်တမ်း ဆောင်ရွက်ပါတယ်။ စာရေးကျဲတဲ့အကြောင်းထဲ ဒါမျိုးလည်း ပါမယ်ထင်ပါရဲ့။

## ပညာဒါန ပညာအလှူ

ဆရာတော်ကျောင်းမှာ ရှားပါးတဲ့ စာအုပ်မျိုးချည်း (၁၀၀၀) ကျော်ရှိတယ်။ ပြီးတော့ ဆရာတော် ကျောင်းသားငယ်ဘဝကစပြီး ကနေ့ထက်ထိ စုဆောင်း၊ မှတ်သား၊ ဖြတ်တောက်ပြီး သိမ်းဆည်းထားတဲ့ စာပေဆိုင်ရာ သိပ္ပံပညာဆိုင်ရာ အနုပညာဆိုင်ရာ စတဲ့ စတဲ့ သူ့အခန်းနဲ့သူ ဖိုင်တွဲစုဆောင်းထားတာတွေလည်း အကြောင်းအရာများဖြင့် (၂၀၀)ကျော် (၃၀၀) နီးပါးရှိတယ်။ အဲဒါတွေဟာ ဆရာတော် တစ်သက်လုံး တကုပ်ကုပ်နဲ့ စုဆောင်းသိမ်းဆည်းလာတာ။ မစားရက်၊ မသောက်ရက်၊ လှူအဆင်းရဲခံပြီး ဝယ်ခြမ်း စုဆောင်းထားတာတွေပဲ။ အဲဒီ ပညာဘဏ်တိုက်ကို ဘယ်သူကဖြစ်ဖြစ် ဆရာတော့်ဆီလာပြီး ရယူရင် ဆရာတော်က အနှမြောအတွန့်အတို မရှိဘူး။ ဘယ်သူ့ကိုဖြစ်ဖြစ် သူ့မှာရှိတာကို ရှာဖွေပြီး ထုတ်ပေးတာပဲ။

ဆရာတော် ဘယ်သူ့အပေါ်ကိုမဆို ပညာအလှူကို ကြိုးစားလို့ ပေးလှူနေပါတယ်။ သူ ရှိသေသလို မရှိသေဘဲ၊ သူမြတ်နိုးသလို မမြတ်နိုးဘဲနဲ့ ငှားရမ်းသွားပြီး ပျက်စီးလာခဲ့တာ၊ ပျောက်ရှသွားခဲ့တာ၊ ပြန်မပေးဘဲ အပိုင်စီးချင်တာ စတဲ့ မသမာစိတ်ရှိသူများနဲ့ တွေ့ရင်သာ ဆရာတော်ခမျာ စိတ်ဆင်းရဲရှာတာပါ။ "အရှင်ဘုရားဆီမှာ ဘာနဲ့ ပတ်သက်တာ မရှိဘူးလား၊ ဘာလိုချင်တယ်ဘုရား" လို့ ကျွန်မက လျှောက်တယ်ဆိုပါတော့ ဆရာတော်က စိတ်ရှည်လက်ရှည် ရှာဖွေလာတာပဲ။ ကျွန်မရေးတဲ့ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး စာအုပ်မှာ ရိုက်ပြီးစာဖောင်တွေကို ပြတော့ ဒီစာအုပ်ဟာ နောင်တစ်ခါတော့ အဖိုးတန်မယ့်စာအုပ်။ ဒီအထဲက ပါတာတွေကို အက္ခရာစဉ်မာတိကာ ထုတ်သင့်တယ်။ ဇာတ်သဘင် ဝေါဟာရတွေရော၊ သီချင်းတွေရော၊

ဇာတ်သမားတွေရော အက္ခရာစဉ် မာတိကာ ထည့်သင့်တယ်ဆိုပြီး၊ တစ်ရွက်ချင်းဖတ်၊ တစ်လုံးချင်းကောက်ပြီး ရွှေကိုင်းသားက အက္ခရာစဉ် မာတိကာ (အက္ခရာအညွှန်း) လုပ်ပေးပါတယ်။ ကျွန်မ ဒီစာအုပ်ကို ရေးပေမယ့် ဒါလောက် ပင်ပန်းတာမျိုး၊ ဒါလောက် စိတ်ရှည်ရတာမျိုး ကျွန်မ မလုပ်နိုင်ပါဘူး။ ကျွန်မ စာအုပ်မှာပါတဲ့ အဲဒီအက္ခရာစဉ်၊ မာတိကာဟာ ဆရာတော် ရွှေကိုင်းသား လုပ်ပေးတာပါ။

ရတနာမွန် မဂ္ဂဇင်း

၁၉၈၇ ၊ နိဝင်ဘာလ

တော်ဝင်ဂျာနယ်

၁၉၉၅ ၊ ဩဂုတ်

❑

# ဆရာတော့်မှတ်တမ်း

ဆရာတော် ရွှေကိုင်းသား ကျန်းမာရေး ကောင်းစဉ်အခါတုန်းကတော့ အနုရုဒ္ဓါချောင်ကနေပြီး၊ ကျွန်မတို့ လူထုတိုက်ကို အနည်းဆုံး (၁)လ တစ်ခေါက်လောက်တော့ ကြွလာတာပဲ၊ မနက် (၉) နာရီလောက်ဆိုရင် ထီးကလေးကိုင်၊ ကချင်လွယ်အိတ်ကလေး ပခုံးချိတ်ပြီး ရောက်လာတတ်တာ ပါ။ ဦးလှက 'မာရေ ဦးပဥ္စင်း ကြွလာတယ်ဟေ့' လို့ဆိုရင် ကျွန်မက ဆွမ်းကပ်ဖို့ ပျာပျာသလဲ စီစဉ်မယ်လုပ်တော့ ဦးပဥ္စင်းက 'ဆွမ်းမကပ်နဲ့၊ ပြည့်စုံခဲ့ပြီ၊ အချိုပွဲပဲ ကပ်' တဲ့။

တောကြီးထဲ နေရာတာ မြို့ဘက် တစ်ခါတလေမှ ကြွလာတာမို့ ခေါက်ဆွဲလို၊ မုန့်တီလို ထုထုထည်ထည်ဘုဉ်းပေးစရာနဲ့၊ ကာဖီ၊ မုန့်၊ သစ်သီး၊ လက်ဖက်နဲ့ လက်ဖက်ရည်ကြမ်းကို အချိုပွဲအဖြစ် ပြင်မယ် လုပ်တော့လည်း ခေါက်ဆွဲတွေ မုန့်တီတွေ မထည့်ပါနဲ့တော့တဲ့ ကာဖီကလေးတစ်ခွက်၊ မုန့် ကလေး တစ်ခုလောက်၊ သစ်သီးကလေး တစ်စိပ်၊ တစ်ခြမ်း၊ လက်ဖက်ရည် ကြမ်းကလေး တစ်ပန်းကန်လောက်ဆိုရင် နေ့ဆွမ်းကိစ္စ ပြီးလိုက်ပါရော။

ဒါလောက် နည်းနည်းကလေးဘုဉ်းပေးတာကို ကျွန်မက လုံးဝမကျေနပ်ဘူး။ မကျေနပ်ပေမယ့် ထပ်ကပ်လို့လည်း ရတာမဟုတ်ဘူး။ ဖွတ်ငြင်းပြီးတော့ အသိမ်းခိုင်းတာပဲ။ အဲဒီတော့ ဦးပဥ္စင်းဟာ ပါးစပ်အကျင့်ပါနေမှာ စိုးလို့များလေလား။ ဘာပြုလို့များ စုံအောင် မဘုဉ်းပေးပါလိမ့်လို့ မချင့်မရဲ အမြဲတမ်းဖြစ်ရပါတယ်။ နောက်အကြာကြီးနေတော့မှ သိရတာက မြို့ဘက်ကို ကူးလာတော့မယ့်နေ့ဆိုရင်တဲ့ ကျောင်းမှာ ဆွမ်းကိုလည်း လျော့ဘုဉ်းပေးခဲ့ရတယ်။ ရေကိုတောင်မှ လျှော့သောက်ခဲ့တာတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မြို့ဘက်မှာ အခင်းကြီး အခင်းငယ် စွန့်နေရမှာကို အားနာလို့ ရှက်လို့တဲ့လေ။ ဒါကြောင့် ကျွန်မတို့အိမ်ကလည်း ဘာကိုပဲကပ်ကပ် တကယ့်နည်းနည်းကလေး ဘုဉ်းပေးတာပါတဲ့။ ဆရာတော်နဲ့ ကျွန်မတို့နဲ့ သိကျွမ်းခင်မင်လာတာ နှစ်ပေါင်း ၅၀ နီးပါး၊ မောင်နှမတမျှ ရှိခဲ့ကြတာပါ။ အနို့ပေမယ့် ဆရာတော်ကို နားမလည်နိုင်စရာတွေက ပျံတော်မူလို့သာ သွားပါရော မကုန်သေးပါဘူး။ အပုံကျန်ပါသေးတယ်။

ဓားပြအရိုက်မခံရခင် အသက် ၆၀ ကျော်လောက်မှာ ဆရာတော်ရှေ့က သွားတစ်ချောင်း အလိုလိုကျိုးသွားပါတယ်။ ဒီသွားကို ကျွန်မက သွားစိုက်ဆိုင်မှာ ပြန်စိုက်ဖို့ အတန်တန် လျှောက်ပါတယ်။ ဘယ်လိုလျှောက်လို့မှ မရပါဘူး၊ 'နေပါစေတော့'တဲ့၊ 'အိုလို့ ကျိုးတာဟာပဲ' တဲ့။ 'အရှင်ဘုရား စကားပြောတော့ မပီဘူး၊ စာဖတ်တော့ မပီဘူး၊ စိုက်ဦးမှာပေါ့' လို့ လျှောက်ပေမယ့် မရပါဘူး။ နောက်တော့ ဓားပြရိုက်လို့ ကျိုးတာရောမို့ ကျန်သွားတွေကပါ ယိုင်ကုန်ပြီး လျှောက်ကျိုးကုန်ပါတော့တယ်။

ကျန်းမာရေးမကောင်း ဖြစ်လာတော့ ဆရာတော်က အခါတိုင်း ကြွလာသလို မကြွလာနိုင်တော့ဘူးလေ။ ကျွန်မတို့ကပဲ အနုရုဒ္ဓါကို တစ်ခါတစ်ခါ သွားရတော့တယ်။ နေကောင်းတုန်းကတော့ ကြွလာတယ်ဆိုရင် ရေးလာတဲ့ ဆောင်းပါးကလည်း တစ်မျိုးမဟုတ်တစ်မျိုး ပါလာတတ်တာပဲ။ အဲဒါနဲ့ ပတ်သက်လို့ ဆွေးနွေးတာ၊ နောက်ရေးချင်တဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ ဆွေးနွေးတာ၊ ကနေ့ သူများရေးသားနေတာတွေနဲ့ ပတ်သက်လို့

ဆွေးနွေးတာများ လုပ်ပြီးရင် ကျွန်မတို့ ကပ်လှူတာများ လက်ခံပြီး ပြန်ကြတာပဲ။

ဆရာတော် ပြန်ကြွသွားတဲ့ ရက်က စပြီး နောက်တစ်ပတ် မလာမီအထိ တိုက်က စာအုပ်သစ် ထွက်ထားရင် ဆရာတော်ဖို့ ၂ အုပ်၊ မဟာသစ်ဝင် ဆရာတော်တို့ဖို့ ၁ အုပ်၊ ပေါင်း ၃အုပ် သီးသန့်ဖယ်ပြီး ဆရာတော် လှူဖို့စုထားတဲ့နေရာမှာ ထားရတယ်။ ကြွလာတော့ မမေ့အောင်လို့ပါ။ ဒီကြားထဲ သူများက ဆရာတော်ဆီပို့ပေး၊ လှူပေးပါလို့ တစ်ဆင့်ပို့ထားတဲ့ စာအုပ်ရှိရင်လည်း အဲဒီနေရာမှာပဲ သိမ်းထားရတယ်။ တခြားဆရာတော်ဖတ်ဖို့ ကောင်းတဲ့ဟာ မှန်သမျှ ဖတ်စေချင်တာမှန်သမျှလည်း တစ်ကော်ပီ သိမ်းပါတယ်။ ပြီးတော့ ရတတ်တဲ့ နိုင်ငံခြားတံဆိပ်ခေါင်းအဆန်းတို့၊ နိုင်ငံခြား ပိုက်ဆံအကြွေတို့ ရှိရင်လည်း ဆရာတော်ဖို့ သိမ်းရပါတယ်။ ဆရာတော်က တံဆိပ်ခေါင်းကို ၁၉၃၉ ခုနှစ်ကတည်းက စုလာတာ၊ ဦးလှကလည်း သတိတရ အဲဒီကတည်း ပို့ပေး၊ ကူစုပေးလာတာ။ အဲဒီကတည်းက တံဆိပ်ခေါင်း အဆန်းရတိုင်း ဆရာတော်ကို ပေးခဲ့တာပဲ။ တခြားဆရာတော် စုတဲ့ အလေးတို့၊ ဆေးတံတို့ဆိုတာမျိုးတွေလည်း တွေ့ရင်ရရင် ဆရာတော်ဆီ အမိက ပို့တာပါ။ ပိုနေမှ ကျွန်မက စုပါတယ်။ ဆရာတော်ဆီမှာ ရှိတာက ကိုယ့်ဆီ ရှိတာထက် စိတ်ချရတယ်။ စနစ်တကျထားတယ်။ လိုရင် သုံးလို့ရတယ်ဆိုပြီး ဆရာတော်ကို ပေးတာချည်းပါပဲ။ ဆရာတော် ကိုင်တွယ်တဲ့ အကြောင်းအရာ မှန်ရင် ကျွန်မတို့ လင်မယားက ဝိုင်းကူပြီး ဖြည့်တင်းပေးတာပဲ။

ဦးလှမဆုံးခင် ၄လက ကျွန်မတို့နှစ်ယောက် မော်လမြိုင်ကို သွားကြတယ်။ မော်လမြိုင်မှာ ဦးလှရဲ့မိတ်ဆွေ ဦးထွန်းသောင်း(မွန်)ရဲ့သမီး ဒေါ်ခင်ဆွေသောင်းနဲ့ ကိုမြငြိမ်းတို့တိုက်မှာ ကျွန်မတို့ တည်းကြတော့ သူတို့တိုက်ဘေးမှာ အပ်ချုပ်ဆိုင်တစ်ဆိုင် ရှိပါတယ်၊ အဲဒီဆိုင်က သူတို့ ချုပ်ပေးနိုင်တဲ့ အင်္ကျီပုံတွေကို ဆိုင်းဘုတ်မှာ ရေးထားတာတွေ့ရတော့ ဆင်ယင်ထုံးဖွဲ့မှုကို စိတ်ဝင်စားတဲ့ ဦးပဍ္ဍင်းပေးဖို့ဆိုပြီး ကျွန်မက အပ်ချုပ်ဆိုင်က ဆိုင်းဘုတ်ကို ကူးခဲ့ပါတယ်။

အမြန်ထည့်များ လက်ခံပြီး…

ရှပ်
ကွတ်
ဘောင်းဘီ
ဂျာကင်
ဂျင်းပင်
ဂျင်းဂျက်ကက်
ဆာဖာရီကုတ်
ယူနီဖောင်း
တိုက်ပုံ
လုပ်သားဝတ်စုံ
သကြ်န်ဝတ်စုံ
ဘလောက်စ်
မယ်တာနီတီကုတ်

အမြန်ဆုံးချုပ်ပေးနေပြီတဲ့။

ဒါကို ကျွန်မက ကူးခဲ့ပြီးပေးတော့ ဦးပဉ္စင်းက သဘောကျလို့။ အဲဒီလို ဟာမျိုးအပြင် စာရေးစရာ စက္ကူရယ်၊ တခြားဆရာတော် ဘာလိုသေးမလဲ မေးလျှောက်ပြီး လိုအပ်တာလေးများရယ် လှူပြီးရင် ဆရာတော်က တောင် ရိုးပြန်ကြွတာပဲ။ ပြန်တော့လည်း ကား ဂိတ်ကို လိုက်မပို့ရပါဘူး။ 'ဦးပဉ္စင်း ဘာသာ ခြေကျင်ကြွမယ်၊ စာအုပ်ဆိုင် ဝင်ဦးမှာ' လို့ ပြောပြီး ကျွန်မတို့ လှူလိုက်တဲ့ နဝကမ္မ ငွေစကလေးနဲ့ ဆရာတော် လိုချင်တဲ့စာအုပ်ရှိရင် ဝင်ဝယ်ပြီးမှ ပြန်ကြွလေ့ရှိပါတယ်။

စားပြန်ပိပ်စက်လို့ ကျန်းမာရေး ချို့တဲ့သွားတဲ့ အချိန်ကျတော့ ဆောင်း ပါးတွေလည်း မရေးနိုင်တော့ဘူး။ လူထုတိုက်ကိုလည်း မှန်မှန်ကြွမလာတော့ ပါဘူး။

၁၉၈၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့ကတော့ ကပ္ပိယတစ်ယောက်နဲ့ ဆရာတော်ကြွလာပါတယ်။ ကျွန်မလည်း ဝမ်းသာအားရ ကန်တော့၊ နေ့စာ အချိုပွဲကပ်၊ ပြီးတော့ စကားစမြည် ပြောတဲ့အခါ ဆရာတော်က ဒီတစ်ခါ အေးအေးဆေးဆေးမှ ပြန်မယ်တဲ့။ ဒါနဲ့ ဆရာတော်နဲ့ စပ်မိစပ်ရာတွေ၊ မေးနေ လျှောက်နေမိတယ်။ ပြီးတော့ ဆရာတော်ပြောတာလေးတွေကို အမှတ်တရ ရေးမှတ်ယူလိုက်မိတယ်။

အဲဒီနေ့က ဆရာတော်ဟာ စိတ်လည်း ကြည်ကြည်လင်လင် ရှိတယ် ထင်ပါရဲ့၊ စုံလို့ပဲ ပြောပြတာတွေ၊ တချို့ ကျွန်မတို့ အရင်က တစ်ခါမှ မကြားဖူး၊ မသိဖူးတာတွေလည်း ပါတယ်။ ဆရာတော်က–

"ဦးပဥ္စင်း အဖေဒကာကြီးက စစ်ကိုင်းသား၊ အမေဒကာမကြီးက တောသူ၊ ဝါးချက်ရွာက အချိတ်ရက်ကန်းသည်။ ဒကာမကြီးက စာမတတ်ဘူး၊ ဒကာကြီးက စေ့စပ်တယ်၊ သေချာတယ်၊ ဘာမဆို စနစ်တကျ သိပ်ရှိတယ်၊ ဘာကိုပဲလုပ်လုပ် သပ်သပ်ရပ်ရပ် လုပ်တတ်တယ်။ ပန်းချီရော ပန်းပုရော ဒကာကြီးကတတ်တာ၊ ဦးပဥ္စင်းတို့ငယ်ငယ်က ဒကာကြီး အရုပ်ကလေးတွေ ထုပေးတာ ရဖူးတယ်။ ဒကာကြီးက သူလုပ်တာကိုင်တာ သပ်ရပ်သလို သူများကလည်း သပ်သပ်ရပ်ရပ်လုပ်မှ ကြိုက်တယ်။ ဒကာမကြီးက ဖြစ်ကတတ်ဆန်း။ ဒကာကြီးနဲ့ ဒကာမကြီးတို့ စရိုက်ချင်းမတူတော့ လင်မယားပေမယ့် တကျက်ကျက်နဲ့ နေကြတာ။ သူတို့မှာ အကြင်လင်မယား ဖြစ်နေပေမယ့် ဝါသနာချင်းကမတူ၊ အကြိုက်ချင်းက မတူ၊ အမြင်ချင်းက မတူပဲကိုး။ ဦးပဥ္စင်းက ရုပ်ရော စိတ်ရော ဒကာကြီးကို တူတာ၊ ကိုဘကွန်းတို့က ဒကာမကြီးကို တူတာ၊ ဒကာကြီးနဲ့ ဒကာမကြီးတို့ တကျက်ကျက် နေတာ မြင်ရတော့ မိန်းမယူချင်တဲ့စိတ် ကုန်တယ်။

ဦးပဥ္စင်းကျောင်းနေတုန်းက အတန်းနည်းနည်းကြီးတော့ ဆရာမက ဟိုဟာဒီဟာခိုင်းတယ်။ ခိုင်းတဲ့အခါ ကျောင်းပြန်ရတာ မိုးချုပ်တော့ တစ်နေ့မှာ ဦးပဥ္စင်းနဲ့ ဦးဘသန်းနဲ့ နှစ်ယောက်သား မြင်းရထားခိုပြီး နောက်မြီးက စီးပြန်ကြတယ်။ အဲဒီတော့ မြင်းရထားသမားက ကြာပွတ်နဲ့ရိုက်လို့ ဦးပဥ္စင်းရဲ့

ဘီးဆံပတ်ခုံဖိနပ်ကလေးက ရထားဘီးထဲ ညပ်သွားပြီး လူက ရထားနောက်မြီးက ကျွမ်းပြန်ကျ နေရစ်ရော။ အဲဒီမှာ ညာဘက်ညို့သကျည်းရိုး ကျိုးသွားလို့ အင်း၀က ဘလဲ့ဘဆီမှာ ကျပ်စည်းရတယ်။ ကျပ်စည်းထားရတော့ ဘယ်မှ မသွားရဘဲ အိပ်နေရတာပေါ့။ အဲဒါ ဒကာကြီးနဲ့ ဒကာမကြီးတို့က ကလေးအနားမှာ လူနာစောင့်ရင်း တကျက်ကျက် ရန်ဖြစ်နေကြတာ၊ နောက်တော့ သူများတွေက ကလေးစိတ်ညစ်လိမ့်မယ် ရန်မဖြစ်ကြပါနဲ့လို့ ပြောမှ ဆင်ခြင်ပြီး၊ တည့်အောင် သည်းခံနေသွားကြတယ်။

ဦးပဥ္စင်းငယ်ငယ်ကတော့ မိန်းကလေးမိတ်ဆွေရှိပါတယ်။ တကောင်းရပ်က ဆရာကြီးဦးဘိုးလူ ကျောင်းမှာ ၃ တန်းအထိ နေပြီးတော့ ရွှေတောင်ဦးမော် အထက်တန်းကျောင်းကို ပြောင်းနေရတယ်။ ဖေယျာမောင် ဦးကိုလေးတို့၊ မဟာဆွေတို့လည်း ဒီကျောင်းထွက်တွေပဲ။ ဦးကိုလေးက ဉာဏ်ကောင်းလို့ တစ်နှစ် နှစ်တန်း တက်သွားတာ။ ဦးပဥ္စင်းတို့က တကောင်းရပ်ထဲ နေတာဆိုတော့ ဘုတာရုံကြီးကိုကျော်ပြီး ကျောင်းတက်ရတယ်။

ကျောင်းမှာ မင်းဇရပ်က မစောဆိုတဲ့ ကျောင်းသူလေးနဲ့ မောင်နှမလို ခင်မင်နေကြတယ်။ ကျောင်းသွားလည်း အတူတူသွားကြတာ။ မစောက နောက်ကျနေရင် စောင့်ခေါ်ရတယ်။ တစ်ခါတော့ ဦးပဥ္စင်းမှာ ညှင်းပေါက်လာလို့ စိတ်ညစ်လိုက်တာ၊ လူထဲ မတိုးဝံ့တော့ပါဘူးဆိုပြီး သိပ်စိတ်ညစ်နေတော့ မစောက ညှင်းပျောက်တဲ့ဆေး ဖော်ပေးတယ်။ သူ့ဆေးကို တစ်ညပဲ လိမ်းလိုက်ရတယ်။ ညှင်းက ကွာကျပြီး ပျောက်သွားရော။

ဦးပဥ္စင်းတို့ငယ်ငယ်က ကြည့်တဲ့ ရုပ်သေးက 'မင်းဇသူ မစော' ဆိုတဲ့ ဇာတ်ကို ခင်းတတ်တယ်။ အဲဒီရုပ်သေးဇာတ်ထဲက မစောက ရုပ်ချောသတဲ့။ ခု ဦးပဥ္စင်းမိတ်ဆွေ မင်းဇသူမစောကလည်း ရုပ်ချောပါတယ်။ သူ့ကို ကျောင်းသားလူပျိုပေါက်တွေက သိပ်ပိုးကြ ပန်းကြတယ်။ တချို့က ပန်းချီဆွဲတတ်တော့ ပန်းချီကားလေးတွေဆွဲပြီး မစောကို ပေးကြတယ်။ အဲဒီကားလေးတွေကို မစောက ဦးပဥ္စင်းကို ပေးတယ်။ ပြီးတော့ ကောင်းကင်မှာရှိတဲ့ ကြယ်တွေကိုမြင်ရင် မင်းကို သတိရသတဲ့။ အမှတ်ရတယ်တဲ့။ နှစ်ယောက်

စလုံးက စောင့်စည်းကြပါတယ်။ တကယ်တော့ မစောနဲ့ သားချင်းမကင်းဘူး။ သူက အကလည်း ကောင်းတယ်။ အရပ်ဇာတ်မှာ ဝင်ကတယ်။

ဦးပဥ္စင်း ခုနစ်တန်းရောက်တော့ အသက်(၁၆)နှစ်ရှိပြီ၊ ဆရာမက ဦးပဥ္စင်းကိုယုံလို့ မစောကို စောင့်ခေါ်ခဲ့ဖို့ ဦးပဥ္စင်းကို အပ်တာပါ။ မစောနဲ့ တွေ့ကြတာ သုံးနှစ်လောက်ကြာတယ်။

တခြား မိန်းကလေးမိတ်ဆွေ တစ်ယောက်လည်း ရှိသေးတယ်။ သူက သာစည်က မကြင်ရွှေတဲ့။ သူကလည်း ဆရာမနဲ့ တစ်ရပ်တည်းဆိုတော့ ဆရာမက ဦးပဥ္စင်းကို ခင်သလို၊ ယုံသလို၊ သူကလည်း ခင်တာပဲ။ ဒါပေမဲ့ မစောနဲ့က ပိုခင်တယ်။

မကြင်ရွှေကတော့ ဦးပဥ္စင်း သင်္ကန်းဝတ်မှတောင် လာပြီး ကန်တော့သေးတယ်။ သူတို့ တော်တော်နဲ့ အိမ်ထောင်မကျဘူး။ ဦးပဥ္စင်းနဲ့ ငြိမှာ စိုးလို့တဲ့၊ မတွေ့ရဘူး။ နှမတွေ အသုံးမကျလို့ပေါ့။

ဦးပဥ္စင်း အရင်အနုရုဒ္ဓါမှာ ကျောင်းထိုင်သွားတဲ့ အနုရုဒ္ဓါဆရာတော်က ဦးပဥ္စင်းနဲ့ အမေညီအစ်မ အရင်းမွေး ညီအစ်ကိုတော်ပါ။ ဒကာကြီးလည်း အနုရုဒ္ဓါချောင်ထွက်ပဲ။ နောက်တော့ ဒကာကြီးက သင်္ကန်းဆီးသွားတယ်။ ဦးပဥ္စင်း အရင် ဆယ်နှစ်စောပါတယ်။

စစ်ကြီးဖြစ်နေတဲ့အချိန်မှာ စိတ်ဆင်းရဲစရာတွေကများ၊ အမေ ဒကာမကြီးနဲ့ အတူနေရတာ အမြင်မတူ၊ ဝါသနာမတူနဲ့ စိတ်ချင်းမတိုက်မိတာတွေ များလို့လည်း စိတ်ဆင်းရဲတော့ အရင်ကဝတ်ဖို့ စိတ်ကူးရှိတဲ့အတိုင်း သင်္ကန်းဝတ်ဖြစ်သွားတာပါပဲ။

စစ်ကြီးဖြစ်လာတော့ ဦးပဥ္စင်းလည်း စစ်ကိုင်းပြန်လာပြီး အမေ ဒကာမကြီးနဲ့အတူ ဝါးချက်ရွာမှာ နေကြတာပဲ။ ဂျပန်ခေတ်မှာ အာရှလူငယ်တွေ ဖွဲ့ကြတော့ အာရှဝင် လုပ်သေးတယ်။ ရှင်ဖြူရှင်လှမှာ စစ်ကိုင်းတောင်ရိုးရဲ့ အာရှလူငယ်စခန်းရှိတယ်။ အာရှ ဥက္ကဋ္ဌက ဗိုလ်ဗကိုပါ၊ ဝါးချက်ရွာ ဖုံးကျလို့ မီးလောင်တော့ အာရှလူငယ်တွေဖြစ်တဲ့ ဦးပဥ္စင်းတို့က ဝိုင်းငြိမ်းကြတာပေါ့။

ဦးလှနဲ့ ဦးပဉ္စင်းနဲ့ မင်းကွန်းမှာ တွေ့ပါတယ်။ ဦးလှက အာရှလူငယ်ကိစ္စနဲ့ မင်းကွန်းလာတာပါ။ ဒါနဲ့ ဦးပဉ္စင်း ဦးလှရှိရာ ကပိုင်ကိုလာပြီး ကြီးပွားရေးတိုက်ထုတ် စာအုပ်တွေ ယူရောင်းသေးတယ်။ ၁၉၃၉ ခုနှစ်က ဇွန်လ ၁၂ ရက်နေ့၊ ၂၆ ဘီလမ်းမှာ ကြီးပွားရေးစာအုပ်ဆိုင်ဆိုပြီး အရင်းငွေ ၂၀၀ ကျပ်နဲ့ ကိုဘသောင်းနဲ့အတူ ဖွင့်ဖူးသေးတယ်။

စစ်အတွင်းမှာ ပို့စကတ်ရေးပြီးလည်း ရောင်းပါသေးတယ်။ အာရှလူငယ် ရင်ထိုးတံဆိပ်လည်း ရေးပြီး ရောင်းပါသေးတယ်။

ဦးပဉ္စင်း ကာတွန်းရေးဖြစ်တာ ကြီးပွားရေးနဲ့ ပေါင်းမိလို့ပါပဲ။ ကြီးပွားရေးမဂ္ဂဇင်းက အတူတူခေတ်ပြိုင်တွေထဲမှာ ခေတ်ရှေ့က ပြေးလာတာ၊ အဲဒီမှာ ဦးလှနဲ့ပေါင်းမိတော့ ဦးပဉ္စင်းလည်း ကြီးပွားရေးမှာ ကာတွန်းရေးဖြစ်လာတာပေါ့။ ကြီးပွားရေးက နိုင်ငံရေးဆန်တော့ နိုင်ငံရေးကာတွန်းတွေရေးဖြစ်လာတယ်။ ဟိုတုန်းက အီတလီအာဏာရှင် မူဆိုလိုနီရဲ့ရုပ်က ကာတွန်းရေးလို့ကောင်းတဲ့ မျက်နှာမျိုးကိုး။ ဦးပဉ္စင်းတို့ ကာတွန်းက စုတ်နဲ့ရေးတာပါ။ ကလောင်က နုပ်တယ်။ အဲဒီခေတ်က အောင်သန်း၊ ဘဂျမ်း၊ ထွန်းလှိုင်၊ ဘဇော်၊ ဟိန်စွန်း၊ ခင်မောင်တို့ ကာတွန်းရေးနေကြတာပဲ၊ ကာတွန်းတစ်ခုဟာ ဆိုင်းထိုးထိုး မထိုးထိုး ဘယ်သူ့လက်ရာလို့ သိပါတယ်။ ကိုယ်ပိုင်မူရှိကြတာကိုး။ ဦးပဉ္စင်းတို့ ကာတွန်းရေးတုန်းက ပုံအကြီးကြီးတွေ ရေးကြတာပါ။

ကြီးပွားရေး မဂ္ဂဇင်းကြောင့် ညောင်လေးပင်နဲ့ မန္တလေးနဲ့ စစ်ကိုင်းတို့ ဆုံစည်းမိကြတာပဲ။ မောင်နှမသုံးယောက်လိုပဲ။ ဦးပဉ္စင်းတို့ သိကျွမ်းခင်မင်ကတည်းက တစ်ခါမှ ပြဿနာ မပေါ်ခဲ့ဖူးပါဘူး။ ကောင်းတာက ဒါပါပဲ။ သူ့ဘက် ကိုယ့်ဘက် ကတ်သတ်တာမျိုးမှ မရှိပဲကိုး။ ဦးပဉ္စင်းတို့သုံးယောက် တွေ့ကြကတည်းက ခင်မင်ကြတာ၊ သူစိမ်းတစ်ရံဆံတွေ ဒါလောက် နှစ်တွေကြာအောင် အခင်အမင်မပျက်တာမျိုး မရှိတတ်ဘူး။ ဦးပဉ္စင်းတို့သုံးယောက်ကတော့ မိတ်ဆွေဖြစ်ပြီးသား ပြန်မပျက်တော့ဘူး။ အသက်တွေသာ ကြီးလာကြတာ။ ဒါကြောင့် ဦးပဉ္စင်းတော့ ဆုတောင်းတယ်။ နောင်ဘဝတွေမှာ

လည်း ဒီသုံးပွင့်ဆိုင် ပြန်တွေ့ကြပြီး ဒီလိုပဲ ပညာနဲ့ အလုပ်လုပ်နိုင်ပါရစေလို့။

ဦးပဋ္ဌင်းရဲ့စိတ်က အရင်က လူထဲကို မတိုးဝံ့ဘူး။ ဒေါ်အမာတို့နဲ့တွဲမိမှ ဦးလှက အတင်းတွန်းပို့လို့ တိုးရဲတာပဲ။ ဦးပဋ္ဌင်းအနေနဲ့ တခြားနေရာတွေမှာ ရေးတာရှိတော့ရှိပါတယ်။ ဒါပေမဲ့ နည်းတယ်။ ဦးလှဆီမှာက ကိုယ်ကိုင်တွယ်ချင်တဲ့ အကြောင်းအရာနဲ့ ကြီးပွားရေးနဲ့ လူထုတို့မူတွေက ညီနေတယ်။ ကျေးလက်တေးသံလိုဟာမျိုးဆိုရင် ဦးပဋ္ဌင်းတို့ ကြီးပွားရေးမှာ ဟိုလွန်ခဲ့တဲ့ နှစ်လေးငါးဆယ်ကတည်းက ဖော်ပြခဲ့ကြတာပါ။

မန္တလေးမှာ ကျင်းပခဲ့တဲ့ စာတမ်းဖတ်ပွဲတွေက ဦးပဋ္ဌင်းကို ရဲဆေးတင်ပေးခဲ့တာတွေပဲ။ ဦးပဋ္ဌင်းက အစက လူထဲစကားပြောရမှာ သိပ်ကြောက်တာ၊ နောက်တော့ ပရိသတ်နဲ့တွေ့ရတာ အားရှိလာတယ်။ အားမွေးပေးတာတွေပေါ့လေ။ ပြောစ ဆိုစ မရှိလို့တော့ မဟုတ်ဘူး။ သွားတို့၊ လျှာတို့က ချွတ်ယွင်းလာလို့လည်း ဖြစ်တယ်။ ဦးလှကျေးဇူးကြောင့် ပရိသတ်တိုးဖူးတာ၊ ဦးလှနေရာပေးတာတွေပါ။

ဦးလှတို့ စာတမ်းဖတ်ပွဲတွေ လုပ်တာဟာ လူငယ်တွေချည်းဆိုရင် ပြဿနာအများကြီး ဖြစ်နိုင်တယ်။ သူရှိလို့ သူက အထက်လူကြီးတွေနဲ့လည်း သင့်မျှအောင် ပေါင်းနိုင်တယ်။ ပရိသတ်ကိုလည်း ထိန်းနိုင်တယ်။ ပရိသတ်ထိန်းဖို့ လူတိုင်းမတတ်နိုင်ဘူး။

ဦးလှက သူများကို နေရာပေးပြီး စည်းရုံးတာ၊ စည်းရုံးရေး ကောင်းတယ်။ လူတစ်ဘက်သားမှာရှိတဲ့ အရည်အချင်း ထွက်လာအောင်လည်း လုပ်ပေးတတ်တယ်။

ဦးလှဆုံးသွားတယ်ဆိုတော့ လိုက်မပို့နိုင်ဘူး။ စိတ်ထိခိုက်လွန်းလို့။ ညီလို အစ်ကိုလို တွယ်တာမှုလည်း ရှိကြတာကိုး” လို့ ဆရာတော် ရွှေကိုင်းသားက ပြောသွားပါတယ်။

ဆရာတော် ရွှေကိုင်းသားက သူ့အကြောင်းကို ပြောပြတုန်းက သူက သူ့အဖေ ဒကာကြီးနဲ့ ရုပ်လည်းတူတယ်၊ စိတ်လည်းတူတယ်လို့ ဆိုပါတယ်။

ဆရာတော့် အဖေဒကာကြီးရဲ့ဓာတ်ပုံတွေ ဆရာတော်ရဲ့ ဓာတ်ပုံစာအုပ်ထဲမှာ ကျွန်မ မကြာမကြာ တွေ့ဖူးပါတယ်။ မှန်ပါတယ်။ သားအဖ မျက်နှာကျ တစ်ထေရာတည်းပါ။ ဒကာကြီးက စေ့စပ်သေချာတယ်လို့ ဆိုပါတယ်။ ဆရာတော် ရွှေကိုင်းသားလည်း အင်မတန် စေ့စပ်သေချာတာပါ။ အင်္ဂလိပ်သက္ကရာဇ် ၁၉၃၉ ခု၊ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်က သူ့နေ့စဉ်မှတ်ဒိုင်ယာရီစာအုပ် ကျွန်မကို သူ ပျံလွန်တော်မမူမီ ပေးထားခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဆရာတော်ရဲ့မှတ်တမ်းမှတ်ရာမှာ သူငွေကြေးအသုံးအစွဲနဲ့ပတ်သက်လို့လည်း စနစ်တကျ မှတ်သားသုံးစွဲထားတာကို တွေ့ရပါတယ်။ ဒိုင်ယာရီစာအုပ်အဖုံးမှာ သူမှတ်ထားတဲ့ ပြီးခဲ့တဲ့နှစ်က အသုံးစာရင်းလေးကို ကြည့်ပါ။

| | ၁၉၃၇ ခု | ၁၉၃၈ ခု | |
|---|---|---|---|
| ဓာတ်ပုံပညာ | ၃၄ ကျပ် ၉ ပဲ ၆ ပြား | ၁၀၄ ကျပ် ၅ ပဲ ၆ ပြား | X |
| စာပေ | ၄၁ ။ ၁၃ ။ ၆ | ၂၉ ။ ၃ ။ ၆ ပြား | + |
| ဒင်္ဂါးဟောင်းစုဆောင်းခြင်း | မရှိ | ၅ ။ ၂ ။ ၀ ။ | * |
| တံဆိပ်ခေါင်းစုဆောင်းခြင်း | မရှိ | ၁၉ ။ ၀ ။ ၆ ။ | * |
| ရုပ်ရှင် | ၁၂ – ၁၂ (တစ်ပွဲ ၄ ပဲနှုန်းကျ) | ၁၈ ။ ၁၂ X (တစ်ပွဲ ၄ ပဲ နှုန်းကျ ၅၈ ကြိမ်) | |
| အဝတ်အစား | ၄၄ ကျပ် ၁၅ ပဲ | ၆၃ ။ ၁၄ | X |
| မိဘနှစ်ပါးသို့ | ၂၀၀ ။ | ၂၄၇ ။ | X |
| ထောက်ပံ့ကြေးအလှူပါ | ၂၂ ။ | ၃၄ ။ | X |
| | ၃၅၆ ကျပ် ၂ ပဲ | ၅၂၁ ကျပ် ၅ ပဲ ၆ ပြား | |

လခ ၆၄ ကျပ် X ၁၂ = ၇၆၈ ကျပ်

၆၄ + ၄ = ၆၈

လခ ၆၈ ကျပ် X ၁၂ = ၈၁၆ ကျပ်

+ ၁၉၃၇ ခုနှစ် အသုံးထက်နည်း

X .................................. များ

* .................................. လုံးဝ ပိုသည်။

အဲဒီလို တွက်ချက်မှတ်သားထားတာကို တွေ့ရပါတယ်။

ငွေသုံးစွဲရာမှာ အဲဒါလောက် စေ့စပ်သေချာတဲ့ လူပေမယ့် ခဲမူးစေ့တွေနဲ့တွေ့တဲ့အခါလည်း ရှိသေးသတဲ့။ ၁၉၃၉ ခု၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ၁၃၀၀ ပြည့်နှစ် တပေါင်းလဆန်း ၅ ရက်နေ့မှာ ရေးမှတ်ထားတာက...

*"ယနေ့ စဘူးကိုဖောက်လိုက်ရာ ဖကျပ် ၅ပဲ ရရှိလေပြီ။ စဘူးဖောက်ရခြင်း အကြောင်းအရင်းမှာ လက်ထဲတွင် ဖ ပဲခန့်သာ ကျန်တော့သဖြင့် လခမထုတ်မီ သုံးစွဲရန် အလျင်မမီတော့ပါ။ ဈေးဗွားရမှာကလည်း အကြောင်းအမျိုးမျိုးဖြင့် မညီမညွတ်ဖြစ်နေရကား စိတ်မှာ လွန်စွာ ညစ်လျက်ရှိတော့သည်။ ထိုအထဲ မုန့်ကလည်း ခဏခဏ ဆာနေသဖြင့် မတတ်နိုင်တော့ဘဲ စဘူးကို ဖောက်လိုက်ရတော့သည်။ စငွေထဲမှာ ၂ ကျပ်ခန့် ခေတ္တယူသုံးမည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။ ၎င်းနောက် ည ၇ နာရီခွဲခန့်တွင် လက်ဖက်ရည်ဆိုင်သို့ သွားပါတော့သည်။ အိတ်ထဲ၌လည်း ခဲမူးစေ့တစ်စေ့ကို ထည့်သွားပြီး စွံအောင် သုံးမည်ဟု စိတ်ကူးသွားပါသည်။ (ခဲမူးစေ့ဆိုတာ မူးစေ့အတုပါ) လက်ဖက်ရည်ဆိုင်သို့ ခရီးရောက်မဆိုက်ပင် ရောက်နှင့်နေသော ဆိုက်ကားသမား နှစ်ဦးအနက် တစ်ဦးမှာ ခဲမူးစေ့ကို သုံးမိသဖြင့် တရုတ်က လက်မခံပါ။ ထိုသူတို့ ပြောချက်မှာ ဆိုက်ကားခထဲမှ မျက်စိမှားပြီး ပါလာသည်ဟုဆို၏။ ၎င်းပြင် ထိုသို့ ခဲမူးစေ့ ပေးသွားသူကိုလည်း လေထဲသို့ မှန်းခဲ့ အပြစ်တင်ပြီး စိတ်မကျေမနပ်နှင့် ချုသံပါအောင် ညည်းရှာပါသည်။ ထိုသူတို့၏ ဝမ်းနည်းဖွယ် အဖြစ်အပျက်ကို တွေ့မြင် ကြားသိရသဖြင့် ကျွန်တော်၏ မူလအကြံအစည်မှာ အရည်ပျော်သွားပြီး၊ သတိသံဝေဂရလာပါသည်။ နောင်ကိုလည်း ထိုအပြုအမူမျိုးကို သတိနှင့် ဆင်ခြင်တော့မည်ဟု အဓိဋ္ဌာန်လိုက်မိပါသည်။*

* *အမှားကို ပြန်လည်မသုံးလိုက အစက သတိနှင့်ယှဉ်–ထွန်းလှိုင် ယောက်ျားစာအုပ်ဝယ် ၃ ပြား၊*
*ရဟန်းပျိုအဖွဲ့ ဥက္ကဋ္ဌ ဦးကလျာဏ ကို (၁၄၅) ပုဒ်မအရဖမ်းသည်။*

အဲဒီမှတ်တမ်းမှာ ခဲမူးစေ့သုံးဖို့ စိတ်ကူးတဲ့ အကြောင်းအရာတစ်ခုလုံးကို မင်နဲ့ဝိုင်းထားပြီး ထိပ်က သတိဆိုတဲ့ စာလုံးကြီးကြီးနဲ့ ရေးထားတာလည်း တွေ့ရပါတယ်။

ဆရာတော်ရဲ့ မှတ်တမ်းကလေးက စိတ်ဝင်စားစရာတွေ အလွန်ကောင်းလှပါတယ်။ သူ့ပိုက်ဆံစုတာကိုလည်း အဲဒီနှစ် ဇန်နဝါရီလ ၆ ရက်၊ ၁၃၀၀ ပြည့်၊ ပြာသိုလဆုတ် ၂ ရက် သောကြာနေ့ မှတ်တမ်းမှာ...

*ကျွန်တော်၏မွေးနေ့ မွေးရက်ဖြစ်သည်။ (ငွေစ၍စု မတ်ပြား၄ ပြား၊ ငါးမူးပြား၂ပြား ပေါင်း၂ကျပ်) လို့ ရေးထားပြီး ဘေးမှာ ၁၃၀၀–၁၂၇၃=၂၇လို့ မင်နီနဲ့ ရေးထားပါသေးတယ်။ အသက်၂၇ နှစ် ပြည့်တဲ့နေ့ပေါ့။*

အဲဒီ အသက် ၂၇ နှစ်ပြည့်နေ့က မှတ်တမ်းမှာ–

*တံတားကလေးနေစဉ် ကိုသိန်းအပ်ထားသော ငွေ ၃ကျပ် ကိုသိန်းမိန်းမ ရုံးလာ၍ အားလုံးပေးလိုက်ပြီး ရွှေဘို ကိုဘထွန်းထံ ငွေ၃ကျပ်တင်ပို့လိုက်သည်၊ ၂ ပဲ။ ကြီးပွားရေးသို့ ရွှေကူရွာ ဆောင်းပါးပို့ ဓာတ်ပုံ ၁ ပါ ၁ ပဲ ၆ ပြား၊ ကာနေဒါအသင်းသား တစ်ဦးထံမှ ကာနေဒါခေါင်းအချို့နှင့် စာလာ။*

*တိုကီဝါမှ ဓာတ်ပုံရွေး ၁ကျပ် ၁၂ ပဲ ပေးလိုက်ပြီ။*

*ချည်ညံမှ ရှပ်အင်္ကျီတစ်ထည် ဝယ် ၁ ကျပ် ၂ပဲလို့* ရေးမှတ်ထားပါတယ်။

ရတနာမွန် မဂ္ဂဇင်း
၁၉၈၇ ၊ ဒီဇင်ဘာလ

❑

# ဆရာတော်နဲ့ ကျွန်မ

ဆရာတော်နဲ့ ကျွန်မက လူထုဦးလှ ထုတ်ဝေတဲ့ ကြီးပွားရေးမဂ္ဂဇင်းမှာ ကလောင်ပေါက်စနှစ်ချောင်းအနေနဲ့ ၁၉၃၆ ခုနှစ် စတင်ဆုံစည်းခဲ့ကြတာပါ။ အဲဒီတုန်းက ဆရာတော်က ကျောက်စာဝန်ရုံးက ကိုထွန်းလှိုင်၊ ကျွန်မက တက္ကသိုလ်ကျောင်းသူဘဝ။ ကြီးပွားရေးမှာ ၁၃ နှစ်လောက်ဆုံမိပြီး ဦးလှနဲ့ ကျွန်မ စာရေးဆရာကလောင်ရှင်နဲ့ အယ်ဒီတာနယ်ကို လွန်ပြီး အထူးတလည် ခင်မင်မှုရှိကြတဲ့အချိန်မှာတော့ ကိုထွန်းလှိုင်က ကျွန်မတို့ ဖူးစာရေးနတ်ပါ။

ကိုထွန်းလှိုင်ရော ကျွန်မပါ ကလောင်ရှင်ပီပီပြင်ပြင် ဖြစ်လာကြရတာ ဦးလှကြောင့်။ ပြီးတော့ ဒီကလောင်သုံးချောင်း တစ်သက်လုံး ကြီးပွားရေး လူထုဂျာနယ်နဲ့ လူထုသတင်းစာတို့မှာ အမြဲတမ်း ပါဝင်ရေးသားလာနိုင်တာလည်း ဦးလှကြောင့်။ ဒါကြောင့် 'ကလောင်ညီအစ်ကို မောင်နှမသုံးယောက်' လို့ ဆရာတော်က ထုတ်ဖော်မိန့်ကြားဖူးပါတယ်။

ဒီကလောင်သုံးချောင်းအနက် ဦးလှက ၁၉၈၂ ခုနှစ်မှာ ကွယ်လွန်တယ်။ ဆရာတော်က ၁၉၈၇ ခုနှစ်မှာ ပျံလွန်တော်မူတယ်။ ကျွန်မပဲ ကနေ့ထက်ထိ

ရှိနေသေးတာဆိုတော့ ကျွန်မဟာ ဦးလှအကြောင်းရော ဆရာတော့်အကြောင်း ကိုရော ရေးသားရမယ့်လူ ဖြစ်နေရစ်ပါတယ်။ ဒါကြောင့် ဆရာတော်ရွှေကိုင်း သားအကြောင်းကို ချယ်ရီမဂ္ဂဇင်းမှာ စရေးပါပြီ။ လစဉ်ဆက် ဖော်ပြဖို့ ကြိုးစားပါမယ်။

ဆရာတော် ရွှေကိုင်းသား ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာကို ဆရာတော် စာ အရေးပြတ်သွားတဲ့ ခု ၁၀ နှစ်လောက် ဒီဘက်မှစပြီး စာဖတ်လာတဲ့ လူငယ် လူရွယ်လေးတွေက သိချင်မှ သိမယ်။ ဒါကြောင့် ဆရာတော့်အကြောင်း မော်စကိုတက္ကသိုလ် ‌လျှောင်ပညာဆိုင်ရာ ပါမောက္ခသိတဲ့ ‘ဦးသောဘိတ’က စပြီး ရေးပါမယ်။

## လျှောင်ဆိုတာ

လျှောင်ဆိုတာ လေကြောင်းရန်လို အချက်ပေးဥသြလည်း မရှိဘူး။ နို့တစ် လည်း မပေးဘူး။ ဗြုန်းဆို သူလှုပ်ချင်တဲ့အချိန် ကောက်လှုပ်လိုက်တာပဲ၊ လှုပ်တာက တော်လဲသံတွေနဲ့အတူ၊ ဒါကြောင့် လျှောင်တဲ့ဆိုရင် ပြေးပေါက် မရှိဘူး။ စိတ်ခတ်ကလည်း ဖြုတ်ဆို ပြန်ကောက်မရအောင် ကျသွားတတ် တယ်။ အဲ နို့ပေမယ့် ကိုယ့်ဆီမှာ အပြိုအပျက် မရှိဘူးဆိုရင်ဖြင့် ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်တော့ အန္တရာယ်ကင်းကြပြီပေါ့၊ ပြီးသွားပြီ နောက်ထပ် ကြောက်ဖို့ မရှိတော့ဘူးပေါ့၊ ဒါလျှောင်ငယ်လှုပ်တိုင်း ဖြစ်ပျက်တဲ့ အနေ အထားပဲ။

သို့ပေမယ့် (၁၆–၇–၅၆) နေ့မှာ လှုပ်တဲ့ စစ်ကိုင်းလျှောင်တုန်းကတော့ ဒီလိုမဟုတ်ဘူး။ မန္တလေးမှာလည်း ဒီလျှောင်လှုပ်တယ်။ တော်တော်ပြင်းပြင်း ကြီး။ ကျွန်မတို့ အနောက်နားမှာ တိုက်တစ်လုံး ပြိုသတဲ့၊ လူတွေ ဒဏ်ရာ ရသတဲ့လို့ ကြားရတယ်။ ခဏနေတော့ လျှောင်က စစ်ကိုင်းမှာ သိပ်ပြင်းတယ်၊ အပြိုအပျက်တွေ အများကြီး၊ လူတွေလည်း အသေအပျောက်ရှိတယ်၊ ဆင် များရှင်ဘုရားကြီး ပြိုကျတာ စောင်းတန်းထဲနေကြတဲ့ ခိုကိုးရာမဲ့တွေ အများ

ကြီးသေသတဲ့၊ မြို့ထဲမှာလည်း လူသေတာတွေရှိသတဲ့ဆိုတဲ့ သတင်းတွေ ကျွန်မတို့သတင်းစာတိုက် ချက်ချင်းရောက်လာပါတယ်။ ဒါကြောင့် သတင်းထောက်တွေ စစ်ကိုင်းဘက်လည်း လွှတ်ရတယ်။ မန္တလေးက အပျက်အစီး သတင်းတွေလည်းယူပြီး စုံလင်တဲ့ သတင်းပေးနိုင်အောင် ကြိုးစားရပါတယ်။

ငလျင်သတင်း စုံလင်အောင်ပေးပြီးတော့ ဝတ္တရားကျေပြီ။ ငလျင်အတွက် နောက်ထပ်လည်း ဘာမှ ကြောက်စရာ မရှိတော့ဘူးလို့ စိတ်က အောက်မေ့လိုက်ကြတယ်။ နို့ပေမယ့် ဘယ်ဒီလို ဟုတ်လိမ့်မလဲ၊ နောက်ထပ်လည်း လှုပ်လိုက်တာ ခပ်ပြင်းပြင်းကြီး၊ ဒီနောက်လည်း လှုပ်သေးတာပဲ။ ဒီနောက်လည်း လာပြန်ချီသေး။ တစ်နေ့တည်း သုံးလေးခါ။ အဲဒီလို လှုပ်နေတာချည်း သုံးလေးရက်၊ နောက်နေ့လည်း နှစ်ခါလောက်၊ နောက်တော့ တစ်နေ့တစ်ခါ၊ နောက်တော့ရက်ခြား၊ တစ်လလောက်ကြာပြီ၊ ငလျင် မပြတ်သေးဘူး၊ လှုပ်တုန်း။

အဲဒီတော့ ဘယ်တော့ ဘယ်အချိန်မှာ အကြီးအကျယ် လှုပ်လိုက်ဦးမှာပါလိမ့်ဆိုပြီး ကိုယ်အိပ်တဲ့နေရာမှာ မအိပ်ဝံ့ကြတော့ဘူး။ နေ့ဆိုတော့ တော်သေးတယ်၊ ည အိပ်ပျော်နေတုန်းဆိုရင် တချို့က ကွက်လပ်၊ တချို့က သစ်ပင်အောက်၊ တချို့က တဲတွေထဲ ဝင်အိပ်နေကြတော့တယ်။ စစ်ကိုင်းငလျင်ဟာ နောက်ဆက်တွဲ အရှည်ဆုံးငလျင်တစ်ခု ထင်ပါရဲ့။

လူတွေ စိတ်ဓာတ်ကျလိုက်ပုံများတော့ ပြောစရာမရှိဘူး။ တစ်ဘက်က ဒီလိုစိတ်ဓာတ်ကျတာနဲ့အတူ ကမ္ဘာမှာ သိပ္ပံပညာတွေ တိုးတက်နေတယ်ဆိုပြီး ငလျင်လှုပ်မှာကိုတော့ ဘာကြောင့် ကြိုမသိကြသေးတာလဲ၊ ယုတ်စွအဆုံး မိုးလေဝသ ခန့်မှန်းခြေလောက်တော့ ဘယ်နေရာ ဘယ်ဒေသလောက်ဆီမှာ ဘယ်လောက်ပြင်းတဲ့ ငလျင်မျိုး လှုပ်နိုင်တန်ရာတယ်ဆိုတဲ့ ကြိုတင်သတင်းပေးနိုင်မှုမျိုးလောက်တော့ ရှိသင့်ပါပြီ။ ခု ဘာကြောင့် မလုပ်နိုင်ကြသေးတာလဲလို့ မချင့်မရဲကြီး ဖြစ်ရတာလည်း အလွန်ပါ။

လျှော်က ပြတ်တယ်မှ မရှိသေးဘဲ၊ တသိမ့်သိမ့် လှုပ်နေတုန်းကိုး။ အဲဒီတော့ ကြောက်တဲ့အကြောက်က တစ်နေ့ထက်တစ်နေ့ ပိုလို့သာလာတယ်။ ဒီအထဲ ဆင်များရှင်ဘုရားကြီး ပြိုပြီးထားတဲ့ ဓာတ်ပုံတွေ၊ မြေကြီးတွေမှာ လက်တစ်ဝါးမက ကွဲထွက်သွားတဲ့ကွဲကြောင်း အက်ကြောင်းတွေ၊ စစ်ကိုင်းဈေးနားက တိုက်အိုး တိုက်ပြိုကြီးတွေကိုလည်း မြင်နေရသေးတာကိုး။

စစ်ကိုင်းလျှော်လှုပ်ပြီးလို့ နှစ်လလောက်ကြာမှ၊ လျှော်ငယ်တွေ ဆက်လှုပ်နေတာ ရပ်သွားမှ၊ လျှော်ကို ကြောက်တဲ့ အကြောက်ကြီး တဖြည်းဖြည်းချင်း လျော့လျော့သွားရပါတော့တယ်။

၁၉၅၈ ခုနှစ်ရောက်တော့ ယူနက်စကိုက စေလွှတ်လိုက်တဲ့ လျှော်ပါရဂူတစ်ယောက် မြန်မာနိုင်ငံကို ရောက်လာပါတယ်။ 'မြန်မာနိုင်ငံတွင် လျှော်လှုပ်တတ်သော နေရာဒေသများကို ဖော်ပြမည့် မြေပုံတစ်ခု' ဒီပါရဂူက ရေးဆွဲပေးမှာပါတဲ့၊ မျှော်လင့်ချက်ရောင်ခြည်ကလေးပေါ့။ ရန်ကုန်ကနေပြီး တစ်နေ့တော့ စစ်ကိုင်းကို ဒီကိုယူနက်စကိုပါရဂူ ရောက်လာတယ်လေ၊ သူက ရုရှားအမျိုးသားပါ။ သူနဲ့အတူ အဖော်တစ်ယောက်လည်း ပါလာသေးတယ်။ ပါရဂူက မော်စကိုတက္ကသိုလ်၊ ဘူမိဗေဒဌာန ဒိုင်းနမစ်–ဂျီအော်လော်ဂျီဌာန ဥက္ကဋ္ဌ၊ ပါမောက္ခ ဂျီပီဂေါ်ရှကော့ပါတဲ့။

ယူနက်စကိုပါရဂူက မြန်မာနိုင်ငံက ဒေသအရပ်ရပ်နဲ့ ပထဝီဝင်အနေအထားတွေကို လိုက်ကြည့်ခဲ့တယ်။ မန္တလေးရောက်လာတဲ့အခါ ၁၉၅၆ ခုနှစ်က လျှော်ကြီး လှုပ်ခဲ့တယ်ဆိုတဲ့ စစ်ကိုင်းဒေသကိုလည်း သေသေချာချာသွားကြည့်ချင်သတဲ့၊ ဒါကြောင့် ကျွန်မတို့ လူထုသတင်းစာတိုက်က ယူနက်စကို ပါရဂူကို တတ်နိုင်သလောက် အကူအညီပေးပါလို့ သက်ဆိုင်ရာက မေတ္တာရပ်ပါတယ်။ ကျွန်မတို့ သတင်းစာတိုက်က အင်္ဂလိပ်စကား လည်လည်ဝယ်ဝယ်ပြောနိုင်တဲ့ အယ်ဒီတာကိုသိန်းဟန်ကလေးကို ပါမောက္ခ ဂေါ်ရှကော့တို့ကို လိုက်ပြဖို့ ထည့်ပေးလိုက်ပါတယ်။

ယူနက်စကိုပါရဂူက မြေလျှောင်ဟာ ဘယ်အတိုင်းအတာအထိ ပျက်စီးစေခဲ့တာလဲလို့ ပိုင်နိုင်အောင် သိချင်ဟန်တူပါရဲ့။ စစ်ကိုင်းတံတားကြီးဟာ သူတင်တဲ့ဘောင်ပေါ်က ရွှေ့ထွက်သွားတယ်ဆိုတဲ့ တံတားအရှေ့ထိပ်သံဘောင်က စပြီး ကြည့်သွားလိုက်တာ မြို့ထဲကို ဖြတ်ပြီး ဆင်များရှင်နဲ့ မရှိခဏဘုရားအထိပါပဲတဲ့။ မြေကြီးမှာ ထင်ကျန်ရစ်တဲ့ ကွဲကြောင်းကြီးတွေလည်းကြည့်သတဲ့။ အဲဒီကပြီးတော့ စစ်ကိုင်းတောင်ရိုးနဲ့ မင်းဝံတောင်တန်းတို့ လျှောင်ဒဏ် ဘယ်လိုခံရသလဲဆိုတာကိုလည်း လိုက်ကြည့်သတဲ့။ မင်းဝံတောင်တန်းက လျှောင်အလယ်ဗဟိုချက်နဲ့ နီးတဲ့နေရာတွေဆိုတော့ လျှောင်ဒဏ်ခံရပုံတွေက အထင်အရှားကိုး။ မင်းဝံတောင်တန်းရောက်တော့ ကားပျက်ကြလို့တဲ့။

ပါရဂူနဲ့မောင်သိန်းဟန်က ပတ္တမြားစေတီတောင်ကို ခြေကျင်တက်လာခဲ့ကြတယ်။ ပတ္တမြားစေတီကမှ တောင်ဘက်ဖြည်းဖြည်းချင်း အနုရုဒ္ဓါလှိုဏ်ထဲဆင်းလာကြတယ်။ အချိန်က နေပူချိန်၊ ခရီးက ခပ်ကြမ်းကြမ်းမို့ သွားရတာတော့ သိပ်မသက်သာဘူး။ ဒါပေမဲ့ ပါရဂူနဲ့ သူ့အဖော်က မညည်းမညူဖွဲ့ကောင်းကောင်းနဲ့ သွားနေကြတယ်။ ဒါကြောင့် မောင်သိန်းဟန်ကလည်း သူတို့နဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလာခဲ့တယ်၊ လှိုဏ်ထဲဆင်းမိလို့ ခဏကြာတော့ အနုရုဒ္ဓါချောင် မရောက်ခင် တစ်ကွေ့ လက်ယာဘက်က တောင်ကမ်းပါး ပေ ၁၅၀ လောက် အထက်က ပြန့်ကလေးငယ်ငယ်မှာ ယွန်းကျောင်းဆိုတဲ့ ဆိုင်းဘုတ်ကလေးတစ်ခု သစ်သားပေါ်ရေးထားတာတွေ့ရတယ်။

ကျွန်မတို့က အချိန်ရရင် စစ်ကိုင်းတောင်ရိုးက ရွှေကိုင်းသား ဦးသောဘိတဆီကိုလည်း ခေါ်သွား။ ပါရဂူ သိချင်တာများ ဦးပဥ္စင်းဆီက ရချင်ရမယ်လို့ မှာလိုက်လို့ မောင်သိန်းဟန်က ယွန်းကျောင်းရှိရာကိုပဲ တက်ပါတော့တယ်။

ယွန်းကျောင်းဆိုတာက သုံးခန်း လေးခန်း၊ နှစ်ထပ်အသား ကျောင်းဟောင်းကလေးတစ်ကျောင်း၊ တောင်ကို ကျောပေးပြီး ကမ်းပါးယံမှာ ဆောက်ထားတာ။ ဒီကျောင်းနဲ့ မျက်နှာချင်းဆိုင်မှာတော့ ချောက်ကို ကျောပေးဆောက်ထားတဲ့ အခန်းနှစ်ခန်း ဆွမ်းစားကျောင်းကလေး၊ အဲဒီကျောင်းရှိရာကို လမ်းကျဉ်းကလေးက တက်သွားတော့ ကျောင်းရောက်ခါနီး ဝဲယာမှာ အုတ်ရေကန်ကလေးနဲ့ မီးတင်းကုပ်ကလေး ရှိပါတယ်။ ယွန်းကျောင်းရဲ့ အခြေအနေက ဒါပါပဲ။

မောင်သိန်းဟန်က ကျောင်းရောက်လို့ ဦးသောဘိတကို တွေ့တွေ့ချင်း ကန်တော့ဝတ်ချပြီး သူနဲ့အတူပါလာတဲ့ ဧည့်သည်နှစ်ယောက်က ဘယ်သူဘယ်ဝါပါလို့ လျှောက်တဲ့အခါ ဦးသောဘိတက "မှာထား အလားသင့်" ဆိုတာမျိုး သူမျှော်နေတဲ့ ဧည့်သည်ရောက်လာတဲ့အတိုင်း ပြုံးပြီး ကျောင်းပေါ်သင်ဖြူးခင်းပေးဖို့ အတူတူနေသူ ကိုရင်လှမြင့်ကိုပြောရင်း "ကဲရေသောက်ကြဦး" လို့ ကျောင်းရေအိုးစင်ကို လက်ညှိုးထိုးပြတယ်။

ပါမောက္ခ ဂေါ်ရှကော့နဲ့ သူ့အဖော်ရော မောင်သိန်းဟန်ကရော မောမောနဲ့ ရေသောက်ကြတယ်။ အမောပြေတော့ ကျောင်းပေါ်မှာ ဦးသောဘိတကို ပါမောက္ခဂေါ်ရှကော့က သူ့လာရင်းကိစ္စကို ပြောပြတယ်။ အဲဒီတော့ ဦးသောဘိတက ကျောင်းထောင့်နေရာမှာထားတဲ့ ထင်းရှူးသေတ္တာတစ်လုံးထဲက စာဖိုင်တစ်ခုကို ရွေးထုတ်လာပြီး ဖိုင်ထဲက စစ်ကိုင်းငှက်တုန်းက သတင်းစာတွေက သတင်းပေးထားကြတာကို ကတ်ကြေးနဲ့ညှပ်ပြီး သူဖိုင်တွဲထားတာတွေ ထုတ်ပြပါတယ်။ အဲဒါနဲ့အတူ သူ့ဖိုင်ထဲမှာ ရှေးက လှုပ်ဖူးတဲ့ ငှက်တွေမြန်မာနိုင်ငံမှာ ဘယ်နေရာက ဘယ်မြို့ ဘယ်အရပ်မှာ ဘယ်လို လှုပ်သွားတယ်ဆိုတဲ့ သတင်းစာတွေမှာ ပါခဲ့ဖူးသမျှ သူဖြတ်ယူပြီးစု ဖိုင်တွဲထားတာတွေကိုလည်း ထုတ်ပေးပါတယ်။ မြန်မာသတင်းစာဂျာနယ် မဂ္ဂဇင်းတွေမှာ ငှက်နဲ့ပတ်သက်ပြီး ဆောင်းပါးရေးထားကြတဲ့ ဆောင်းပါးတွေကိုလည်း သူစုထားတာကို ပြတယ်။

ဒါကြောင့် ယူနက်စကိုပါရဂူက သူလိုချင်တဲ့ အချက်အလက်တွေကို သူမမျှော်လင့်တဲ့ စစ်ကိုင်းတောင်ရိုး လှိုဏ်ကြားထဲက ဘုန်းကြီးကျောင်းငယ်လေးတစ်ခုပေါ်က မြန်မာဘုန်းကြီးတစ်ပါးဆီက ရနေတာကို ဝမ်းသာ အံ့သြနေမိတယ်။ အံ့သြမှုကြောင့် ဘုန်းကြီးလေးကိုလည်း မကြာမကြာ လှမ်းကြည့်ပြီး အကဲခတ်ပါတယ်။ ဦးသောဘိတ ထုတ်ပေးတဲ့ အချက်အလက်တွေက မြန်မာနိုင်ငံမှာ ပြေလျှောင်လှုပ်ဖူးတဲ့ ကတ်တလောက်တစ်ခုကို ထုတ်ပေးတာမျိုးကိုး။

ပါမောက္ခက ဦးသောဘိတကို မကြာမကြာလှမ်းပြီး အကဲခတ်ရင်း ဘာပြောသလဲဆိုတော့ ဒီမှတ်တမ်းမျိုး ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှာ ရှိဖို့ကောင်းတယ်။ ဒါပေမဲ့ သူရောက်ခဲ့တယ်။ အဲဒီမှာ မရှိဘူး။ မြန်မာနိုင်ငံ မိုးလေဝသဌာနမှာလည်း ရှိဖို့ကောင်းတယ်။ အဲဒီကိုလည်း သူရောက်ခဲ့တယ် မရှိဘူး။ အခု ဦးသောဘိတဆီမှာ ရှိနေတာကို သူအင်မတန် အံ့သြဝမ်းသာတယ်လို့ ပါးစပ်က ဖွင့်ပြောပါတော့တယ်။

ဒီလိုပြောပေမယ့် ဦးသောဘိတက ဂုဏ်ယူဝင့်ကြွားမှုမျိုး၊ ဝမ်းသာပီတိဖြစ်တာမျိုး စတဲ့ အမူအရာ ဘာမှမပေါ်လာဘဲ ပကတိ အေးအေးဆေးဆေး ရိုးရိုးသားသားနဲ့ပဲ စောစောက ချိန်းထားတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရသလို ပါရဂူနဲ့ ငလျင်အကြောင်းတွေကို ကောက်ကာငင်ကာဆက်ပြီး ဆွေးနွေးနေပါတယ်။

ဦးသောဘိတဆီမှာ မြန်မာနိုင်ငံမှာ လှုပ်တဲ့ ငလျင်သတင်းတွေသာမက နိုင်ငံခြားတိုင်းပြည်တွေမှာလှုပ်တဲ့ ငလျင်ကြီးတွေအကြောင်း သတင်းစာတွေမှာ ပါဖူးသမျှ ဖိုင်တွဲထားတာကိုလည်း ပါမောက္ခဂေါ့ရှကော့ကို ထုတ်ပေးသေးတယ်။ အဲဒီတော့ သတင်းစာထဲမှာ မပါတဲ့ နိုင်ငံခြားငလျင်ကြီးတွေ လှုပ်စဉ်က အဖြစ်အပျက်အကြောင်းအရာတွေကို ပါမောက္ခဂေါ့ရှကော့က ဆရာတော် စိတ်ဝင်စားမှန်းသိလို့ သူသိသလောက် ပြောပြပါတယ်။ ဆရာတော်ကလည်း တပြုံးပြုံးနဲ့ နားထောင်ပါတယ်။

ဒီခေတ်လျောင်တွေအကြောင်း တော်တော်စုံတဲ့အခါ ဦးသောဘိတက မြန်မာရာဇဝင်တွေမှာပါတဲ့ လျောင်တွေအကြောင်းကို ပြောပြပြန်တယ်။ အမရပူရခေတ် ရွှေဘိုမင်းလက်ထက်မှာ လျောင်ကြီးလှုပ်ခါနီးတော့ ပစ္စယာနာဂ ဆင်ဖြူတော်ကြီးက လျောင်ကြီးမလှုပ်ခင်ကတည်းက ကြိုတင်သိနေတဲ့အနေနဲ့ သူ့ဆင်ထိန်းတွေ ဆင်တင်းကုပ်ထဲ မဝင်ကြနဲ့လို့ နှာမောင်းနဲ့ ဆွဲထုတ်နေသတဲ့။ သူကိုယ်တိုင်လည်း ဝင်ဖို့ငြင်းဆန်သတဲ့။ ဒီအကြောင်းကို ဆင်ထိန်းတွေက ဘုရင်ကိုတင်တော့ ဘုရင်က 'ဆင်တော် မကြိုက်လို့ဖယ်တာ ဆင်တော်ကိုလည်း မသွင်းနဲ့၊ နင်တို့ မပါဝင်ဘဲနေကြ' လို့ မိန့်တော်မူသတဲ့၊ နောက်မကြာခင် လျောင်ကြီး လှုပ်တာပဲ၊ အဲဒီတော့ ဆင်တင်းကုပ်ကြီး ပြိုကျတယ်လို့ ရာဇဝင်ထဲ ပါတဲ့အကြောင်း ပြောပြတဲ့အခါ ပါမောက္ခ ဂေါ့ရှကော့က တိရစ္ဆာန်တွေက လျောင်ကို ကြိုတင်သိတယ်ဆိုတာ မှန်ပါတယ်။ ဘာဖြစ်လို့ ကြိုသိမှန်းကတော့ မသိသေးပါဘူးလို့ ပြန်ပြောပြတယ်။

ဦးသောဘိတက မြန်မာရာဇဝင်မှာ ပုဂံခေတ်တုန်းက တစ်ကြိမ်၊ အမရပူရခေတ်မှာတစ်ကြိမ် အလွန်ကြီးတဲ့ လျောင်ကြီးတွေ လှုပ်တယ်။ ပုဂံလျောင်ကြီးလှုပ်တုန်းက မြစ်ရေအထက်ဆန် စီးတယ်လို့ ရာဇဝင်ရေးတယ်လို့ ပြောပြတော့ ပါမောက္ခက ဖြစ်နိုင်ပါတယ်။ လျောင်လှုပ်တဲ့အခါ မြေကြီးတွေ ကွဲတတ်တယ်။ မြစ်ကြောင်းအောက်က မြေတွေထဲ ရေဝင်ကုန်တော့ မြစ်ရေဟာ တစ်နေရာမှာ အောက်က အထက်ဆန် စီးနိုင်တာပဲ။ ဒါပေမဲ့ အကြာကြီးတော့လည်း စီးနေမှာမဟုတ်ဘူး။ ယာယီဖြစ်သွားမှာပါ။ နောက်တော့ စီးမြဲအထက်က အောက်ကို ပြန်စီးမှာပဲလို့ ပြန်လျှောက်တယ်။ အမေရိကန်ပြည်ထောင်စု မစ္စစ္စီပီမြစ်ဝှမ်းမှာ ဒီလို ဖြစ်ဖူးတယ်လို့ ကြားဖူးတဲ့အကြောင်းကိုလည်း ပြန်လျှောက်ပါတယ်။

ဆရာတော်က မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်က 'ပုပ္ပားတောင်မကြီး မြေမှစုံ့စုံ့တက်လာသည်။ စမုံစမာမြစ်များ ရတ်ချည်းပေါ်လာသည်' လို့ ရာဇဝင်မှာဆိုတယ်။ 'အဲဒီတုန်းက လျောင်ကြောင့် ဧရာဝတီမြစ်ရဲ့

မြစ်ကြောင်းကြီး လုံးလုံးပြောင်းပြီး စီးသွားခဲ့ရတယ်။ ဧရာဝတီမြစ်ဟာ ပထမတုန်းက မန္တလေးကနေပြီး တောင်ကိုတည့်တည့်၊ အခု မန္တလေး– ရန်ကုန် မီးရထားလမ်းအတိုင်း လျှောက်စီးသွားတာ။ ငလျင်ကြီးလှုပ်တော့မှ မြစ်ကြောင်းပြောင်းသွားပြီး မန္တလေးက အနောက်ကို ကွေ့ထွက်သွားလို့ ချင်းတွင်းမြစ်နဲ့ပေါင်းမိပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်း စီးသွားတာ။ မူလ ဧရာဝတီနေရာမှာတော့ စစ်တောင်းမြစ်ပဲ ကျန်ရစ်တော့တဲ့ သဘောရှိတယ်' လို့ ပါမောက္ခကို ပြောပြတော့ ယူနက်စကို ပါမောက္ခက ဦးသောဘိတရဲ့ တင်ပြချက်ကို သူလက်ခံသတဲ့။

ဦးသောဘိတနဲ့ ရုရှားပါရဂူတို့ တစ်နာရီခွဲ နှစ်နာရီနီးပါး ဆွေးနွေးကြ ပြီး ဦးသောဘိတက သူစုဆောင်းထားတဲ့ ကျောက်တုံးကလေးတွေ အမျိုးမျိုး ရှိတာကိုလည်း ထုတ်ပြတယ်။ ဦးသောဘိတက ကျောက်ခဲကလေး ဆန်း ရင်၊ လှရင် ကောက်ထားသိမ်းထားလေ့ ရှိပါတယ်။ အဲဒီတော့ ပါမောက္ခက ဦးသောဘိတကို အံ့သြတဲ့မျက်စိနဲ့ ထပ်ကြည့်ပြန် အကဲခတ်ပြန်ရော။ ပြီးတော့ မှ ဘယ်ကျောက်က ဘယ်လောက် သက်နုတယ်၊ ဘယ်ကျောက်က ဘယ် လောက် သက်ရင့်တယ်။ သက်နုတယ်ဆိုပေမယ့် နှစ်တွေ သန်းနဲ့ချီပြီး ကြာပြီဆိုတာကို ပြောပြတယ်။ ပြောရင်းလည်း ပါမောက္ခက ဦးသောဘိတရဲ့ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ပြန်တယ်။

ကျောင်းပေါ်မှာ ကျောင်းပရိဘောဂရယ်လို့ ဘုရားစင် ဆင်းတုတော်ငယ် တစ်ဆူနဲ့ ပန်းတော် ရေတော်ခွက်များ၊ တစ်ထောင့်တစ်နေရာမှာ သေတ္တာ အချို့နဲ့ စာအုပ်ဗီရိုနှစ်လုံး၊ ကြမ်းပြင်ပေါ်မှာ စာအုပ်ပုံကလေးတွေ၊ တန်းပေါ် မှာ လွှားထားတဲ့ သင်္ကန်းတစ်ထည်။ ကြမ်းပေါ်ခင်းထားတဲ့ သင်ဖြူးနှစ်ချပ်၊ ထောင်ထားတဲ့ သင်ဖြူးနှစ်ချပ်၊ စာရေးစားပွဲငယ်တစ်လုံး၊ ရေနံဆီမီးအိမ်တစ် လုံး ဒါပဲတွေ့ရတာကိုး။ ကျောင်းအောက်ထပ်မှာလည်း ဘာမှရှိတာ မဟုတ် ဘူး။ ပါမောက္ခ နှံ့နှံ့စပ်စပ် ဝင်ကြည့်ရင် ရှိနေကြ လင်းမြွေကြီးတစ်ကောင် ကျောင်းအောက်မှာ တွေ့ကောင်း တွေ့လိမ့်မယ်။ ဦးသောဘိတနဲ့အတူ သီတင်းသုံးဖော်က သူ့တူ ကိုရင်ငယ်တစ်ပါး။

ဆရာတော် ရွှေကိုင်းသားကို ကြည့်လိုက်တော့လည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရိုးရိုးသားသားနဲ့ ငြိမ်းငြိမ်းချမ်းချမ်း၊ ဒီလိုဗုဒ္ဓဘာသာ ရဟန်းတစ်ပါး အလွန်ချောင်ကျတဲ့နေရာက ကျောင်းဟောင်းငယ်ငယ်ကလေး ထဲမှာ သူလိုချင်တဲ့ အချက်အလက်တွေ ရန်ကုန်တက္ကသိုလ်မှာ မေးလို့မရတဲ့ အကြောင်းအရာတွေကို ထုတ်ပေးနေတယ်ဆိုတော့ သူ့ခမျာ ဘာရယ်လို့ မတွေးတတ်တော့ဘူး။ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေဟာ အချိန်အားရှိတဲ့အခါ ဒီလိုပဲ စုဆောင်းသိမ်းဆည်းတတ်တဲ့ အလေ့ရှိတယ် ထင်ပါရဲ့လို့ပဲ နောက်ဆုံး လွယ်လွယ် ကောက်ချက်ချသွားပါလိမ့်မယ်။

ဒီယူနက်စကိုပါမောက္ခ ရန်ကုန် ပြန်သွားပြီးတဲ့နောက် မကြာခင်မှာပဲ ဦးသောဘိတဆီ စာတစ်စောင် ရောက်လာပါတယ်။ သူ့စာက ...

မှ
ရန်ကုန်တက္ကသိုလ်
ရူပဗေဒဌာန
ယူနက်စကိုပါရဂူ
ပါမောက္ခဂျီပီဂေါ့ရှကော့

သို့
မန္တလေးမြို့
လက်ဆည်ကန်၊ ဗိုလ်ချုပ်လမ်း
လူထုသတင်းစာတိုက်မှတစ်ဆင့်
ရွှေကိုင်းသား (ဦးသောဘိတ)။

နေ့စွဲ။ ၁၉၅၉ခု ဇန်နဝါရီ(၂၉)ရက်

ဦးပဥ္စင်းဦးသောဘိတထံမှ စာကို ရရှိ၍ ကျေးဇူးများစွာ တင်ရှိပါသည်။ ဦးပဥ္စင်းကဲ့သို့ ဆက်စမော်လော်ဂျီခေါ် ငလျင်လှုပ်ခြင်းကို တိုင်းတာသည့်ဗေဒ၌ စိတ်ပါဝင်စားသော ပုဂ္ဂိုလ်တစ်ဦးနှင့် သိကျွမ်းဆွေးနွေးခဲ့ရသည်ကို နှစ်ထောင်း

အားရရှိပါသည်။ ဦးပဥ္စင်းသည် မြန်မာပြည်လျှော်လူပ်ပုံ ကက်တလောက် တစ်ခုကို မြန်မာပြည်ရာဇဝင်အပေါင်းတို့မှ ထုတ်နုတ်ပြီးစီးကြောင်း သိရသဖြင့် အလွန်ဝမ်းမြောက်မိပါသည်။ ထိုကက်တလောက်ကို မြန်မာပြည် မိုးလေဝသဌာနမှ ထုတ်ဝေရန်ကိုလည်း အကြံဉာဏ်ပေးလိုပါသည်။

ဦးပဥ္စင်း၏ကက်တလောက် ထွက်လာ၍ ကျွန်ုပ်တို့အသုံးပြုရသည့်အချိန်တွင် ယင်းသည် ရန်ကုန်တက္ကသိုလ်၌ ကိရိယာများဖြင့် တိုင်းတာခြင်းအားဖြင့်သာ ရရှိထားသော ယခုလက်ရှိ ကက်တလောက်အဖို့လည်း အကူအပံ့ဖြစ်ပြီးလျှင် ဦးပဥ္စင်းအဖို့လည်း အားရစရာဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ဦးပဥ္စင်းရေးထားသော ဆောင်းပါးကို လူထုသတင်းစာတိုက်မှ ထုတ်မည့်ရက်ကို မျှော်မှန်းလျက်ရှိပါသည်။

ကျွန်ုပ်သည်ရန်ကုန်မြို့တွင် ဧပြီလဆန်းအထိ ရှိပါဦးမည်။ အထက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။ ကျွန်ုပ်မော်စကိုလိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပါမောက္ခဂျီပီဂေါ့ရှကော့
ဒိုင်းနမစ်ဂျီအိုလိုဂျီဌာန ဥက္ကဋ္ဌ
ဘူမိဗေဒမဟာဌာန
မော်စကိုတက္ကသိုလ်
မော်စကို ဗီ–၂၃၄

အဆက်အသွယ်ရရန် စောင့်စားလျက်

ပါမောက္ခဂျီပီဂေါ့ရှကော့… လို့ ပါပါတယ်။

ပါမောက္ခဂေါ့ရှကော့ မျှော်လင့်တဲ့ ဆောင်းပါးကို ရွှေကိုင်းသားက လူထုသတင်းစာမှာ ၁၉၅၉ ဇန်နဝါရီလထဲမှာပဲ ၅–ရက်ခွဲပြီး ရေးထည့်ပါတယ်။ ဆောင်းပါးနာမည်က 'မှတ်တမ်းတင် မြေလျှင်' ပါတဲ့။ အဲဒီ

ဆောင်းပါးတွေထဲမှာ ပြည်တွင်းပြည်ပ ကမ္ဘာအရပ်ရပ်မှ လှုပ်ဖူးတဲ့ မြေငလျင်တွေကို ရက်စွဲနေ့စွဲနဲ့တကွ ဖော်ပြတယ်။

ပြီးတော့မှ ဒီငလျင်လှုပ်ခဲ့တဲ့ ရက်တွေကို သေသေချာချာ လေ့လာတဲ့အခါ မြန်မာလတန်ခူးကနေပြီး တော်သလင်း၊ အင်္ဂလိပ်လ ဧပြီကနေပြီး စက်တင်ဘာလအတွင်းမှာချည်း ငလျင်လှုပ်တာကို တွေ့ရတယ်။ ဒါကြောင့် ဒီခြောက်လဟာ ငလျင်လှုပ်တတ်တဲ့လ၊ ကျန်ခြောက်လမှာ ငလျင်လှုပ်တာ မတွေ့ရဘူးလို့ ဆောင်းပါးအမှတ် ၅ မှာ ရွှေကိုင်းသားက သုံးသပ်ပြသွားပါတယ်။

ဒီသုံးသပ်ချက်ကိုလည်း ပါမောက္ခဂေါ်ရှကောတို့က ကြိုက်နှစ်သက်ဦးမှာပါပဲ။

မော်စကိုက ပါမောက္ခက ဦးသောဘိတရဲ့အကြောင်းကို တကယ်တော့ ဘာမှ မသိရှာလို့သာ ဒီလောက်ကလေး အံ့သြသွားတာပါ။ ကျွန်မတို့ သိသလိုသာ သူသိရင်ဖြင့် ဘယ်နှယ်များ နေမယ်ဆိုတာ ပြောတောင် မပြောတတ်ပါဘူး။

ချယ်ရီ မင်္ဂဇင်း
၁၉၉၃ ၊ နိုဝင်ဘာလ
❑

# ဆရာတော်ရွှေကိုင်းသား စာမရေးနိုင်တော့

‘လူထုချစ်သမျှ လူထုဦးလှ’ စာအုပ်မှာ ဆရာတော် ရွှေကိုင်းသားရဲ့ ဆောင်းပါး မပါလို့ ရေးဖော်တွေက ဘာလို့ မပါတာလဲလို့ ကျွန်မကို မေးကြပါတယ်။ ဆရာတော့် ကျန်းမာရေး သိပ်မကောင်းလို့ စာမရေးနိုင်လို့ မပါတာပါ။ ဆရာတော်ဟာ ဓားပြတိုက်ခံရပြီးကတည်းက စာရေးဖို့ ကြိုးစားပေမယ့် မအောင်မြင်ရှာသေးပါဘူး။

၁၉၈၂၊ ဧပြီလ ၂၀ ရက်လောက်က ဆရာတော်ဓားပြတိုက်ခံရပါတယ်။ ဓားပြများက အကြီးစားတွေ ဟုတ်ဟန် မတူပါဘူး။ သိမ်တော်ချောင်နဲ့ အနုရုဒ္ဓါချောင်နှစ်ချောင်က ဘုန်းကြီးနှစ်ပါးကို ရိုက်နှက်ပြီး ရှိတာ လုသွားကြတာဆိုတော့၊ စစ်ကိုင်းတောင်ရိုးပေါ်မှာ ဘယ်နေရာ လူပြတ်သလဲ၊ ဘယ်နေရာ ချောင်ကျသလဲ၊ ဘယ်ချောင်သံဃာနည်းသလဲဆိုတာကို ရွေး၊ ငွေရှိမှန်းမသိ၊ မရှိမှန်းမသိ လူကိုအတင်းရိုက်နှက်တောင်းပြီး ထွက်ပြေးတဲ့ ဓားပြမျိုးပါ။ သိမ်တော်ချောင်က အနုရုဒ္ဓါချောင်ရဲ့မြောက်ဘက်က ကပ်ရက်၊ တစ်ချောင်နဲ့တစ်ချောင် သိမ်ကုန်းပဲ ခြားတယ်။ အနုရုဒ္ဓါချောင်က တောင်ဘက်က ကပ်ရက်မို့ ချောင်က အော်ရင်ကြား၊ ခေါ်ရင် ကြားတဲ့အနေအထား။ တခြားချောင် နီးနီးနားနားမှာ မရှိပါဘူး။ သိမ်တော်ချောင်မှာက သံဃာ

၂ ပါး၊ ၃ ပါး၊ အနုရုဒ္ဓါက သံဃာ ၂ ပါး၊ အဲဒီချောင်မျိုးကို ရွေးပြီး ဘာမပြော ညာမပြော ရှိတာပေးဆိုပြီး ရိုက်တာ နှက်တာပါ။ သိမ်တော်ဘုန်းကြီးဆီမှာ ဘုရားပြင်ဖို့ ဒကာ ဒကာမက အပ်ထားလှူထားတဲ့ငွေ ၂၀၀ဝ ကျော်ရှိလို့ သိမ်တော်ဘုန်းကြီးက အဲဒီငွေအားလုံး ထုတ်ပေးလိုက်ရသတဲ့။ အဲဒီကအပြီး အနုရုဒ္ဓါချောင်ရောက်လာပြီး ဆရာတော်ကို ရိုက်နှက်၊ အာဂန္တုဦးပဥ္စင်းကလေးကို ကုပ်ကုပ်နေ မလှုပ်နဲ့ဆိုပြီး ငွေတောင်းတော့ ဆရာတော်ရွှေကိုင်းသားက ဆီဖိုး ဆန်ဖိုး လှူတန်းထားတဲ့ ငွေ ၃၁၅ ကို စာအုပ်ကြားညှပ်ထားတာ ရှာဖွေပေးလိုက်တယ်။ ပေးစရာက ဒါပဲ ရှိတာပါ။ ရသွားပေမယ့် အေးအေးမပြန်ဘူး။ လူရိုင်းလူမိုက်တို့ ထုံးစံအတိုင်း သောက်ရေအိုးရိုက်ခွဲ၊ ဆရာတော်ကို ထပ်ရိုက်နှက်ပြီးမှ ထွက်သွားကြတယ်။ ဓားပြက ည ၈ နာရီ ၉ နာရီမှာ တိုက်တာဆိုတော့ သံချောင်းခေါက်ပြီး လူစုအကူအညီတောင်းလို့ ဝါးချက်ရွာက တက်လာကြပြီး ဓားပြတွေကို လိုက်ရှာကြတယ်။ မမိပါဘူး။ အဲဒီတော့ ရိုက်နှက်ထားလို့ နာကျင်နေတဲ့ ဆရာတော်နှစ်ပါးကို ထမ်းစင်နဲ့ ညတွင်းချင်း ထမ်းခေါ်လာပြီး စစ်ကိုင်းဆေးရုံကို တင်ကြရတာပေါ့။

ဆေးရုံမှာ ရက်ပေါင်းတစ်လခွဲလောက် နေခဲ့ရ ဆေးကုခဲ့ရပါတယ်။ ဆရာတော်ကို မျက်နှာမှာလည်း ရိုက်သွားတာမို့ သွားတစ်ချောင်းနဲ့သွားလို့ အဲဒီသွားဆေးရုံက နှုတ်ပေးလိုက်ရတယ်။ နံရိုးတစ်ချောင်း အက်သွားတာလည်း တွေ့ရတယ်။ အရှိုးတွေ အစင်းတွေ အညိုအမည်းတွေကတော့ ဆရာတော့်မျက်နှာ၊ ကျောနဲ့ လက်ပြင်တွေ လက်မောင်းတွေမှာ အများကြီးပါ။ ဆရာတော် ဓားပြတိုက်ခံရတယ်။ ဆေးရုံမှာဆိုတဲ့ သတင်းနောက်ရက် ကျွန်မတို့ဆီ ရောက်လာတယ်။ ဒါနဲ့ စစ်ကိုင်းဆေးရုံအုပ်ကြီး ဦးထွန်းရင်ကို ဦးလှနဲ့နှစ်ယောက် သွားတွေ့ပြီး ဆရာတော်ကို အပ်ရင်းဆေးရုံပေါ်မှာ ဝင်ဖူးကြပါတယ်။

သွေးထွက်သံယို ပေါက်ပေါက်ပြဲပြဲနဲ့တော့ မဖူးရဘူး။ ညိုမည်းနေတဲ့ အစင်းတွေအကွက်တွေနဲ့ပဲ ဖူးရတယ်။ ဒါပေမဲ့ ဓားပြတွေ ဘယ်လိုလာပြီး

ဘယ်လိုရိုက်တယ်၊ ဘာလုပ်ကြတယ်ဆိုတာကိုတော့ ဆရာတော်က အသေးစိပ် ဘာမှ ပြောမပြတတ်တော့ပါဘူး။ ကျွန်မက မေးခွန်းတွေ အများကြီးမေးပေမယ့် ဆရာတော်က တစ်ခွန်း နှစ်ခွန်းပဲ ဖြေပါတော့တယ်။ အဲဒီတုန်းက ခါးပြတိုက်ခံရပုံ၊ ခါးပြရိုက်ခံရပုံကို ကျွန်မက အသေးစိပ် သိချင်လို့ မကြာမကြာ မေးလျှောက်ကြည့်ပေမယ့် ဆရာတော်က ကျကျနန ဘာမှ ပြန်မပြောတော့ပါဘူး။ မဖြေပါများတော့ ကျွန်မက 'သြော်... ဆရာတော်ဟာ ဒီအကြောင်း ပြန်ပြောရရင် အသစ်ဖြစ်ပြီး၊ အကုသိုလ်ဖြစ်မှာစိုးလို့" ထင်ပါရဲ့ ဆိုပြီး မမေးမလျှောက်တော့ပါဘူး။ အဲဒီလို ဆေးရုံက ဆင်းခဲ့ပြီး တစ်နှစ်ခွဲလောက်ရှိတော့ ဆရာတော်နေမကောင်းပြန်လို့ စစ်ကိုင်းဆေးရုံ တင်ရပြန်ပြီဆိုတဲ့ သတင်းရောက်လာပြန်တယ်။ ဆရာတော်ဟာ တကယ်တော့ ဆေးရုံလည်း တက်ချင်တာ မဟုတ်ဘူး။ ဆေးထိုး ဆေးသွင်းမှာကိုလည်း ကြိုက်တာမဟုတ်ဘူး။ ကုန်ကုန်ပြောရရင် ဆေးအလုံးကိုတောင် မျိုချတတ်သူ မဟုတ်ပါဘူး။ ဘာဆေးပဲဖြစ်ဖြစ် အာလုံး အမှုန့်တောင်းပြီး တိုက်ရတယ်။ ခါးပတ်နဲ့ဆေးတွေကိုလည်း နှစ်ဖက်စွပ်ထားတာကို ဆွဲဖွင့်ပြီး ပါသမျှအမှုန့်ကို ပါးစပ်ထဲ သွန်ထည့်တိုက်ရတာပါ။ ကျွန်မက ဆရာတော့် ကျန်းမာရေးအတွက် စစ်ကိုင်းမှာ အမြဲနေတဲ့ ဒေါက်တာလှရွှေကို အပ်ပါတယ်။ သွားကြည့်ပေးပါ။ အားဆေးလိုရင် ထိုးပေးပါလို့။ ဆရာတော့်ကျောင်း အနုရုဒ္ဓါချောင်ကို သွားဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ ကိုယ်ပိုင်ကားရှိတယ်ဆိုဦးတော့ ကားက ပုညရှင်ဘုရားတက်တဲ့လမ်းက တက်လာပြီး ပဲစားချောင်အထိသာ သွားလို့ရတာပါ။ ပဲစားချောင်မှာ ကားထားခဲ့ပြီး ခြေကျင် တောင်ဆင်းတောင်တက် အနည်းဆုံး လေးဖာလုံလောက် သွားရပါသေးတယ်။ အဲဒီလို ကယိကထခံသွားမှ ရောက်တာပါ။ ဒေါက်တာလှရွှေက ကျွန်မမှာလို့ ဆရာတော့်ကျောင်းကို ခါးပြတိုက် မခံရခင်က အရောက်သွားတယ်။ အားဆေးထိုးပေးမယ်လို့ လျှောက်တယ်။ ဆရာတော်က သူဘယ်တော့မှ ဆေးထိုးမခံဘူးလို့ ပြောလိုက်သတဲ့။ အမောတကောလာရတဲ့ ဆရာဝန်က ဆရာတော့်စကား ကြားတော့ စိတ်ညစ်ပြီး ပြန်ခဲ့ရသတဲ့။

ဆရာတော်က အဲဒီလို ဆရာတော်ပါ။ ဓားပြတိုက်ခံရတော့မှ ဆေးရုံ ရောက်တာလေ။ ခုတစ်ခါ အကြီးအကျယ် နေမကောင်းပြီး စစ်ကိုင်းဆေးရုံကို ရောက်ပြန်ပြီတဲ့။ ဒီတစ်ခါတော့ အသားဝါတဲ့။ နှလုံးတဲ့၊ အဖျားတဲ့၊ ရောဂါက စုံလို့ပဲ။ ဦးလှဆုံးပြီးမှ တက်ရတာပါ။ ကျွန်မသွားကြည့်တာ အခေါက်ခေါက်ပါ။ တစ်လလောက်ကြာတော့မှ ဆေးရုံက ဆင်းရပါတယ်။

ဦးလှ ၇–၈–၈၂ နေ့မှာ ဆုံးတော့ ဆရာတော့်ဆီကို လူတစ်ယောက် လွှတ်ပြီး ချက်ချင်းအကြောင်းကြားပါတယ်။ ဆရာတော်က 'သူမကြွလာချင်တော့ဘူး။ ဒီရောက်ရင် ပရိသတ်ထဲ သူ့စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး' လို့ အမိန့်ရှိလိုက်တယ်ဆိုပြီး ကျွန်မလွှတ်လိုက်တဲ့ မောင်သိန်းတန်ပြန်လာတယ်။ မောင်သိန်းတန် ရောက်လာတာနဲ့ မရှေးမနှောင်းဘဲ ဆရာတော် အသုဘကို ကြွရောက်လာပါတယ်။ မျက်နှာမကောင်းဘူး။ ခဏပဲနေပြီး ပြန်ကြွသွားတယ်။ အသုဘချတဲ့နေ့လည်း မကြွလာတော့ဘူး။ ဒါကြောင့် သရဏဂုံ တင်လှူရန် ပစ္စည်းသက်န်းဒွိစုံတစ်စုံနဲ့ ဝတ္ထု ၁၀၀ိ ကို ဆရာတော့်တူမ မတွတ်နဲ့ ပို့အလှူ ခိုင်းရတယ်။

ဦးလှနဲ့ ဆရာတော်နဲ့ ရင်းနှီးတာက ကျွန်မနဲ့ ဦးလှသိကျွမ်းတဲ့အချိန်ထက် စောရင်သာ စောမယ်၊ နောက်မကျပါဘူး။ ကြီးပွားရေးမဂ္ဂဇင်း ဦးလှထုတ်ဝေတော့ ကျွန်မက ၁၉၃၆ ခုနှစ်မှာမှ ဆောင်းပါးရှင် စဖြစ်ပါတယ်။ 'ရတနာပုံဖိုးမှတ်စု' ကလောင်နာမည်၊ ရွှေကိုင်းသား၊ ကလောင်နာမည်၊ 'မောင်ထွန်းလှိုင်' ကလောင်နာမည်နဲ့ ကြီးပွားရေးမှာ ကျွန်မထက်စောပြီး ဆရာတော် ရေးနေတာပါ။ မောင်ထွန်းလှိုင်နာမည်နဲ့ ကာတွန်းတွေ ဆွဲတာပါ။ ကာတွန်းကလည်း နိုင်ငံရေးကာတွန်းပါ။ အဆင့်အတန်း အများကြီးမြင့်ပါတယ်။ ရတနာပုံဖိုးမှတ်စု ကလောင်နာမည်နဲ့တော့ ရိုးရာယဉ်ကျေးမှု ဖော်ထုတ်တဲ့ ဆောင်းပါးမျိုးတွေ၊ ခရီးသွားဆောင်းပါးမျိုးတွေ ရေးတာပါ။

အဲဒီတုန်းက သက်န်းမဆီးသေးပါဘူး။ ခုခေတ်ရှေးဟောင်းသုတေသန ဌာန၊ ရှေးခေတ်က ကျောက်စာရုံးလို့ခေါ်တဲ့ ဌာနမှာ ကိုထွန်းလှိုင်က ပုံဆွဲဆရာ၊ ဓာတ်ပုံဆရာအဖြစ် အမှုထမ်းလေတော့၊ သူ့ဆောင်းပါးကလေးတွေက

အလွတ်မလာတတ်ဖူး၊ ပါသင့်တဲ့ ခါတ်ပုံလေးတွေ၊ ပန်းချီလေးတွေနဲ့အတူ လာတာပါ။ ကိုထွန်းလှိုင်ရေးပို့တဲ့ ဆောင်းပါးမျိုးကို ဦးလှက ကြိုက်တယ်။ ကြီးပွားရေးမှာ ဦးလှ ပါစေချင်တဲ့ ဆောင်းပါးမျိုး ကိုထွန်းလှိုင်ကို တောင်းရင်၊ ကိုထွန်းလှိုင်က ရှာတတ် ဖွေတတ် ရေးပေးတတ်တယ်။ ဒီပုံစံနဲ့ ဦးလှနဲ့ ကိုထွန်းလှိုင်ဟာ ဆောင်းပါးရှင်နဲ့ အယ်ဒီတာမျှမက ညီအစ်ကိုလို ခင်မင် ရင်းနှီးလာတယ်။ ဦးလှက လူတစ်ယောက်နဲ့ တွေ့တယ်။ သိတယ်ဆိုရင် ဒီလူနဲ့ သူနဲ့ ခင်မင်မှုက ဘယ်တော့မှ နောက်မဆုတ်စေရဘူး။ တစ်နေ့တခြား တိုးခင်တဲ့ မိတ်ဆွေအဖြစ်ကိုပဲ ရောက်စေတယ်။ အဲဒါ သူတစ်သက်လုံး ကျင့်သုံးတဲ့ ဆက်ဆံရေးမူပဲ။

ကျွန်မကျောင်းကထွက်ပြီးတော့ ဦးလှနဲ့ ကျွန်မနဲ့ရဲ့ ဆက်ဆံရေးက ဆောင်းပါးရှင်နဲ့ အယ်ဒီတာ သိကျွမ်းမှုမျိုးမကတော့ဘဲ သမီးရည်းစားဘဝ ရောက်လာတယ်။ အဲဒီအခါ ကျွန်မကို တွေ့ဖို့ ဦးလှက မန္တလေးကို လာချင် တယ်။ မလာတတ်ဖူး။ မလာတတ်တော့ ကိုထွန်းလှိုင် လူပျိုကြီးက ကျွန်မ အိမ်ကို လိုက်ပို့ပါတယ်။ ဦးလှနဲ့ကျွန်မ အကြောင်းပါကြတဲ့အရေးမှာ ကိုထွန်းလှိုင်ဟာ ဖူးစာရေးနတ်ကြီးပါ။ ဒါကြောင့် ဦးလှရယ်၊ ကိုထွန်းလှိုင်ရယ် ကျွန်မရယ် သုံးပွင့်ဆိုင် ညီအစ်ကို မောင်နှမလို ဖြစ်လာပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ကိုထွန်းလှိုင် သက်န်းဆီးသွားပြီ၊ လူပြန် မထွက်တော့ဘူးတဲ့လို့ စစ်ပြီးတဲ့အခါ ကြားရတော့ သူ့ကလောင်ကို ကျွန်မ တို့က နမျောနေမိတယ်။ ဒါပေမဲ့ စစ်ပြီးခေတ်မှာ ကျွန်မတို့ ထုတ်ဝေတဲ့ လူထုဂျာနယ်နဲ့ လူထုသတင်းစာမှာ ရွှေကိုင်းသား ကလောင်နာမည်၊ ရတနာ ပုံဖိုးမှတ်စု ကလောင်နာမည်တွေနဲ့ ဆောင်းပါးတွေ လူ့ဘဝကထက်ပိုပြီး အရေးစိုက်လာပါတော့တယ်။ လူထုသတင်းစာရော၊ လူထုဂျာနယ်ရော ထွက် နေတုန်းက သတင်းစာမှာရော ဂျာနယ်မှာပါ ရေးနေတာပါ။ လူဝတ်နဲ့တုန်းက လခစားရုံးလုပ်ငန်းတွေကို ကျေပြွန်အောင် လုပ်နေရသေးတော့ စာရေးချိန် နည်းလို့ထင့် ရုံးလုပ်ငန်းတာဝန်တွေ လုံးဝမရှိတဲ့အခါ စာတွေ အများကြီး ထွက်လာပါတယ်။ ကျွန်မတို့လူထုဂျာနယ် နားလိုက်တော့လည်း လူထု

သတင်းစာမှာ အခန်းဆက်ဆောင်းပါးတွေ ပိုရေးလာပါသေးတယ်။ နို့ပေမယ့် လူထုသတင်းစာ ရပ်လိုက်ရတော့ ဆရာတော်ကလောင်လည်း စာအရေးကြဲ သွားပါတော့တယ်။

ဦးလှဆုံးပြီး ၇၅ ကြိမ်မြောက် မွေးနေ့မှာ ဦးလှအကြောင်း အပေါင်း အသင်းရောင်းရင်း မိတ်ဆွေတွေက စုရေးကြတဲ့စာအုပ်ထုတ်ဖို့ စီစဉ်တဲ့အခါ တော့ ဆရာတော့်ဆီက ဆောင်းပါးအရှည်ကြီးတစ်စောင် လိုချင်ပါတယ်။ အကန့်အသတ် မရှိပါဘူး။ ရေးချင်သလောက် ရေးပါလို့ ကျွန်မက လျှောက် ထားတယ်။ နို့ပေမယ့် အချိန်သာ တိုင်ပါရော။ ဆရာတော့်ဆီက ဆောင်းပါး က ရောက်မလာဘူး။ အဲဒီမတိုင်ခင်က ဦးလှပြုစုထားခဲ့တဲ့ 'အောက်ပြည် အောက်ရွာ နှစ် ၁၀၀' စာအုပ်ထုတ်ဝေချင်လို့ ဆရာတော့်ဆီကို ကျွန်မက အမှာစာတောင်းတယ်။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် စာအုပ်က မန္တလေးအကြောင်း၊ ခု စာအုပ်က အောက်ဗမာပြည် အကြောင်း ပါ။ 'သတင်းစာများသည် သမိုင်းကို ပြောနေကြသည်' မှာ ဆရာတော် ရွှေကိုင်းသားရဲ့အမှာပါ ပါတယ်။ ဒါကြောင့် ဒီစာအုပ်မှာလည်း ဆရာတော့် အမှာ ပါရမယ်ဆိုပြီး ရေးဖို့ လျှောက်တာပါ။ ကော်ပီသာ အထားမှားလို့ ခဏခဏ ပျောက်ပျောက်နေပြီး အမှာကတော့ မရေးဖြစ်ဘူး။

နောက်တစ်ခါ ကဗျာဆရာကြည်အောင်က 'မိခင်မာရသွန်' ကဗျာ စာအုပ်မှာ အမှာရေးပေးဖို့ လျှောက်ပြန်တယ်။ ဒါလည်း မရပါဘူး။ တခြား ဟာတွေ မရချင်နေ၊ 'လူထုချစ်သမျှ လူထုဦးလှ' အတွက်တော့ ဆရာတော့် ဆီက ရမှဖြစ်မယ်ဆိုပြီး ကျွန်မက တူမ မတွတ် လစဉ်လှူဒါန်းငွေ လာယူ တိုင်းလည်း စာရေးတောင်းပါတယ်။ ပါးစပ်ကလည်း မတွတ်ကို မှာပါတယ်။ ဒါပေမဲ့ ဆရာတော့်ဆီက ဆောင်းပါးမရဘူး။ ဒါနဲ့ ကျွန်မကိုယ်တိုင် တစ်ခါ သွားပြီး လျှောက်တော့' ဒေါ်အမာပဲ ရေးလိုက်ပါတော့၊ အားလုံး ဒေါ်အမာ သိနေတာပဲဟာ၊ ဦးဇင်းလက်မှတ်ထိုးမှာပေါ့' တဲ့။ ဆရာတော်က သူ့ကိုယ်သူ လည်း ဦးဇင်းလို့ ပြောတယ်။ ကျွန်မတို့ လင်မယားကလည်း ဦးဇင်းလို့ပဲ ခေါ်ခဲ့ပါတယ်။ ခုအသက်အရွယ်တွေ ကြီးကြတော့ ဆရာတော်လို့ ပြင်ခေါ်

ပေမယ့် နှုတ်ကျိုးနေလို့ တစ်ခါတစ်ခါ ဦးဇင်းပဲ ထွက်ပါသေးတယ်။ ဦးဇင်းလို့ ရေးရ ပြောရမှုလည်း အားရသလိုလည်း ဖြစ်ပါသေးတယ်။

တစ်နေ့တော့ ဆရာတော်ကို ဒီလို တော်ရုံသဖြင့် တောင်းနေလို့တော့ မဖြစ်ဖူး။ လူလွှတ်ပြီး စောင့်ယူမှ ဖြစ်တော့မယ်လို့ အောက်မေ့ပြီး စာရေးဆရာ မောင်မဲကို ဆရာတော့်ကျောင်း ဆောင်းပါး အယူလွှတ်ပါတယ်။ စောင့်ပြီး အရေးခိုင်းပါ။ မရမချင်း မပြန်ခဲ့ပါနဲ့။ ၃၊ ၄ ရက်ကြာပါစေ။ တပည့်တော် ဆောင်းပါးပါမှ ပြန်တော့မယ်လို့ လျှောက်ပါလို့လည်း မှာလိုက်တယ်။ သုံးရက်ကြာတော့ မောင်မဲပြန်လာပါတယ်။ သူနဲ့အတူ ပါလာတဲ့ ဆောင်းပါး ကို ပေးပါတယ်။ ဆရာတော့်ဆောင်းပါးက…

**ဒေါ်အမာ**

ရတတ်သမျှ အချိန်လုပြီး ရေးပေးလိုက်ပါသည်။ ဒေါ်အမာ သဘောကျ သလို ပြင်ဆင်ဖြည့်စွက် ရေးနိုင်ပါသည်။

**ဦးသောဘိတ**

အဲဒါက ဆောင်းပါးနဲ့အတူ ပါတဲ့ စာပါ။ ဆောင်းပါးက ကြီးပွားရေး မဂ္ဂဇင်း၊ ကြီးပွားရေး ဦးလှ၊ လူထုဒေါ်အမာ၊ ရွှေကိုင်းသားထောက်မှီသမျှ ပြန်လည်တင်ပြသည်။

တစ်နေ့တစ်နေ့ နေ့ပေါင်းများစွာမှ၊ နေ့ကလ၊ လကနှစ်သို့ တစ်နှစ်ပြီး တစ်နှစ်သစ်ပင်များ အသက်ရစ်ထပ် ထပ်ပြီး တတ်လာသလို စာရေးသူတို့မှာ လည်း လူရွယ်လူလတ်ပိုင်းမှ ထိုင်းမှိုင်းလေးလံသည့် ဇရာပိုင်းသို့ ကူးပြောင်း ခဲ့ကြလေပြီ။ ယခုဆိုလျှင် ဇရာပိုင်း၏ ထောင်းထုချေမှုန်းမှုကြောင့် မျက်စိ အကြည်ဓာတ်ကလည်း ယခင်ကလို မကြည်လင်တော့၊ မျက်မှန်အကူအညီ ကို ယူနေကြရလေပြီ။ ယခု အကူအညီပေးနေသည့် မျက်မှန်သည်ပင်၊ သူ သည်လည်း အနိစ္စနယ်ပယ်အတွင်းကမို့ သူသည်လည်း ယခင်ကလို မကြည် လင်တော့၊ သူ့ကို စွန့်ပြီး အသစ်ရှာရပေဦးမည်။ ထိုအသစ်သည်ပင် သူလည်း အနိစ္စမျိုးမို့၊ တစ်နေ့တွင် အိုမင်းရင့်ရော် သုံးမရတော့သဖြင့် အပယ်ခံဘဝ

ရောက်ရှာရပေဦးမည်။ မြင်မြင်သမျှ သင်္ခါရတွေဟာ ဘာမျှ မမြဲပါကလား၊ ဪ... အနိစ္စ၊ အနိစ္စ။

## ဪ... အနိစ္စ၊ အနိစ္စ

ဒါက ယခု စာကြောင်းရေးနေစဉ်မှာပင် ဖြစ်ပေါ်လာသည့် တရားဓမ္မကို လက္ခဏာရေးသုံးပါးတင်ပြီး ရှုမှတ်ကြည့်လိုက်ခြင်း ဖြစ်ပါသည်။ ဒါကတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ရှုဆင်ခြင်ကြည့်လိုက်မိခြင်း ဖြစ်သည်။ တကယ်လက်တွေ့အားဖြင့် စာတန်းကလေးကို တိုတိုနှင့် မြန်မြန် ပြီးအောင် ရေးဖို့ ဖြစ်သည်။ နမ ဒေါ်သိန်းရင်က သူ့တာဝန်အရ ဆွမ်းပြင်ပြီး ကြောင်း သတိပေးလာသည်။ အစီအစဉ်အားဖြင့် ပထမချက်ရေးပြုတ်ရေး၊ ပြီးလျှင် ဘုန်းကြီးကို ဆွမ်းကပ်ဖို့နဲ့ ဘုန်းကြီးပြီးတော့ ဧည့်သည်ဖြစ်တဲ့ တစ်နည်းအားဖြင့် စာမူယူဖို့ ဒေါ်အမာက လွှတ်လိုက်သည့် မောင်မဲကို ထမင်းကျွေးဖို့ ဖြစ်သည်။ ဘုန်းကြီးပြီးမှ သူတို့က စားကြရပေမည်။ သည်တော့ နမက သူသတ်မှတ်ထားသည့် ဆွမ်းလာကပ်သည်။ ဘုန်းကြီးပြီးမှ ဧည့်သည်ကို ကျွေးရမည်။ ဧည့်သည်ပြီးမှ သူက စားရမည်။ ပန်းကန်ခွက် ယောက်ဆေးရမည်။ စောင့်မျှော်နေကြတဲ့ ခွေးတွေကို ဝေပုံကျ ကျွေးရပေမည်။ သည်တော့ ဆောင်းပါးကို ခဏဖြတ်ထားရပေမည်။

### ခဏ

ခဏမှာ လက်ဖြစ်တစ်တွက်မျှသာ၊ ဘာမှ မကြာဘူးဆိုပေမယ့် ကြားမှာတော့ အာရုံက ပြောင်းသွားပြီ။ ထိုခဏမျှ အချိန်အတွင်းမှာပင် ရုပ်မှုန်တွေ အသိန်းအသန်းမက ကုန်ဆုံး ပျောက်ကွယ်သွားနိုင်သည်။ ပျောက်ကွယ်သွားသည့် ရုပ်ဟောင်းများနေရာတွင် ရုပ်သစ်များက ဝင်လာကြပေမည်။ သည်လိုနှင့် အဟောင်းနဲ့အသစ် အပြောင်းအလဲ ပြုလုပ်နေသည်ကို ဝေါဟာရအားဖြင့် အသက်ရှင်နေသည်ဟုပင် ခေါ်နေရပေသည်။ ဒါက တရားသဘောနှင့် ဆင်ခြင်ကြည့်မိခြင်း ဖြစ်သည်။

## သို့သော်

သို့သော်က အရေးမကြီး၊ နောက်ဆက် စကားကလေးကို ရှာမရတော့ သဖြင့် ရှေ့မဆက်တတ်အောင် ဖြစ်နေသည်။ စာရေးလို့ အရှိန်ရနေတုန်း၊ နှမက ဆွမ်းလာကပ်သည်။ ဆွမ်းစားပြီးလို့ ရေးလက်စ ကောက်ကြည့်တော့ ဆွမ်းမစားမီက စိတ်ကူးရထားသည့် အချက်အလက်တွေ ကြက်ပျောက် ငှက်ပျောက်၊ ပျောက်ကုန်သလို တစ်ကောင်တစ်မြီးမျှ ရှာမရတော့။

ဒါက အရေးမကြီး အချိန်ရှိတုန်း မြို့ကို လွှတ်ရမည်။ ရေးပြီးသမျှကိုပင် ပေးလိုက်ရပေမည်။ စကားဆက်ကို ဒေါ်အမာက ကြိုက်သလို ဆက်ပြီး ဆောင်းပါးကို အပြီးသတ်ပေးရန် ဖြစ်ပါသည်။

ယခင် စားပြတိုက်ခံရစဉ်က စားပြတွေ ရိုက်နှက်ထောင်းထုသွားကြသည့် ဒဏ်ရာဒဏ်ချက်တွေက သတ္တဝါနဲ့ လက်နက်နဲ့မမျှ ဆိုသလို ခံထားရတာမို့ စိတ်ရှိသလောက် မရေးနိုင်သည်ကို သည်းခံကြပါတော့။

**ရွှေကိုင်းသား**

အဲဒီဆောင်းပါးနဲ့ မောင်မဲက အနုရဒ္ဓါချောင်က ပြန်လာပါတယ်။ ကျွန်မ မှာ ဒီဆောင်းပါး ထည့်ရကောင်းနိုး၊ မထည့်ရကောင်းနိုး အကြာကြီး မဝေခွဲ နိုင်အောင်ဖြစ်ပြီး နေပါတယ်။ အဲဒီအတောအတွင်း ဒေါက်တာသန်းထွန်းက ဂျပန်ပြည်ကနေပြီး ရွှေကိုင်းသား စာမရေးနိုင်ဘူးလို့ ကျွန်မစာရေးတာနဲ့ မရေးနိုင်တော့ရင် ဆရာတော်ကို သွားတွေ့ မေးလျှောက်ကြည့်ပြီး ဆရာတော် ပြောတာတွေ ရေးချ၊ ပြန်ဖတ်ပြ မှားသေးရင် ပြင်၊ မှန်ပြီ ကျေနပ်ပြီဆိုမှ ဆရာတော် လက်မှတ်ထိုးစေပြီး ထည့်ပါလို့ စာရေးလာပါတယ်။

ဒါကြောင့် ဆရာတော်ရဲ့ လက်ရေးလေးနဲ့ ဆောင်းပါးလေးကို လူထုချစ် သမျှ လူထုဦးလှရဲ့ လက်ရေးစာမူဖိုင်ထဲမှာ တရိုတသေ သိမ်းထားလိုက်ပြီး ဆရာတော့်ကို ကျွန်မကိုယ်တိုင်တွေ့ မေးလျှောက်ထားပြီးမှ ရေးတော့မယ်၊ ဦးလှရဲ့ ပထမစာအုပ်မှာ မမီရင် ဒုတိယစာအုပ်မှာ ထည့်မယ်လို့ လျာထား လိုက်ပါတယ်။

၁၅–၅–၈၄ နေ့ကတော့ ဆရာတော် မန္တလေးကြွလာတယ်။ ဒါနဲ့ အနုရုဒ္ဓါချောင်ကို နေ့ချင်းပြန်မကြွစေဘဲ၊ အားဆေးသွင်းပေး၊ တစ်ညကျိန်းစေ ပါတယ်။ ကျွန်မစိတ်ကူးက ဆရာတော် ခုလို ကြွလာတဲ့အခါ လေး၊ငါးရက် ပင့်ထားပြီး အားဆေးတွေ သွင်းပေးဖို့ပါ။ နို့ပေမယ့် ဆရာတော်က သိပ် အားနာတတ်၊ ရှက်တတ်ပါတယ်။ ဆရာတော် သီတင်းသုံးဖို့ ကျွန်မတို့အပေါ် ထပ်မှာ သီးခြားအခန်း၊ ကုဋီ သီးခြားရှိပါရဲ့နဲ့ နေ့ဆွမ်းကိုလည်း နည်းနည်း လေး ဘုဉ်းပေးပါတယ်။ သစ်သီးရည်မှ အစ၊ ရေရိုးရိုးကိုတောင် များများဘုဉ်း မပေးပါဘူး။ ဘာပြုလို့လဲ လျှောက်တော့ သူများဆီမှာ အစာဟောင်းစွန့်ရတဲ့ ကိစ္စများမှာ စိုးလို့ပါတဲ့။ အဲဒီတော့ တစ်ရက်က နှစ်ရက် တားရင် ဆရာတော့် ကျန်းမာရေးထိခိုက်ကုန်ပါလိမ့်မယ်ဆိုပြီး ပြန်ပို့ရပါတယ်။ မန္တလေးအိမ်မှာ တစ်ညသီတင်းသုံးသွားတဲ့အချိန် ဦးလှနဲ့ ဆရာတော်နဲ့ အကြောင်းတွေ မေးမြန်းထားလိုက်လို့ ရတန်သလောက်တော့ ရလိုက်ပါတယ်။

စက်တင်ဘာလ ကုန်ခါနီးတုန်းကတော့ ဆရာတော် နေမကောင်းဘူး။ စကားမေးလည်း မရဘူးလို့ စစ်ကိုင်းတောင်ရိုးက သတင်းပို့လာတယ်။ အချိန်က ညနေစောင်း၊ မိုးတွေက ရွာနေချိန်၊ ဆရာတော် ဘာဖြစ်တာမှန်းလဲ မသိ။ ဆေးရုံချက်ချင်းတင်ရမှာလားလည်း မပြောတတ်။ ဒါနဲ့ တောင်ရိုးကို မန္တလေး ခဏရောက်နေတဲ့ တူဆရာဝန်ကိုခေါ်ပြီး ဆရာတော့်ဆီကိုသားနဲ့ အတူ အမြန်ဆုံးလွှတ်ရပါတယ်။ ည ၈ နာရီလောက်မှာ ဆရာဝန် မောင်ဇော်ဝင်းနဲ့ သားတို့ ဆရာတော်ဆီက ပြန်လာကြတယ်။ ဆရာတော်မှာ ရောဂါတော့ ရှာမတွေ့ခဲ့ဘူး။ ဒါပေမဲ့ ကောင်းကောင်းမအိပ်တာ ကြာပြီတဲ့။ မအိပ်တော့ မစားဘူး။ မစားတော့ အားသိပ်နည်းပြီး အိပ်ရာက မထတော့ဘူး။ စကားလည်း မပြောတော့ဘူး။ တခြားအဆုတ်တို့ နှလုံးတို့ ကောင်းတယ်။ သွေးတိုးလည်း မရှိဘူး။ အဖျားလည်း မရှိဘူး။ အားဆေးထိုးပေးခဲ့ပြီး အစားဝင်အောင် လုပ်ပေးဖို့ မှာခဲ့တယ်လို့ ပြောပါတယ်။ နောက်ရက်အားဆေး သွင်းဖို့ ဆရာဝန်ကျော်စွာထက်နဲ့ သားကို လွှတ်ရပြန်တယ်။ ပြီးတော့ ကျွန်မ ကျောင်းကို သွားတယ်။ ကျွန်မသွားတော့ ဆရာတော်က လျှောက်လို့

မေးလို့ ရပါတယ်။ စကားပြောတယ်။ ဖြေတယ်။ ကျွန်မ ပြန်မယ်ဆိုတော့ ခါတိုင်းလိုက်ပို့နေကြ အနုရုဒ္ဓါချောင်ထိပ်တံခါးဝအထိ လိုက်ကြွလာပြီး ပို့ပါတယ်။ ကျွန်မမလာခင်က ဆရာတော်က အိပ်ရာထဲက ထကို မထပါဘူး တဲ့။

နောက်သုံးရက်လောက်ကြာတော့ အောက်တိုဘာလဆန်းမှာ ဆရာတော် အိမ်ကို ကြွလာပါတယ်။ သူ့တူမပါတယ်။ တူတစ်ယောက်ပါတယ်။ ကျွန်မ လည်း အိမ်မှာပဲ သီတင်းသုံးစေပြီး ဝမ်းသာအားရ၊ ဆေးသွင်း၊ အာဟာရကပ်၊ ခွင့်ယူထားတဲ့ သမီးဆရာဝန်က ဆရာတော်ကို ပြုစုပေးတော့ အရက် ၂၀ ကျော် ကြာတဲ့အခါ တော်တော်လန်းလာပါတယ်။ ဒါနဲ့ ဆရာတော် စိတ်ချမ်း သာပါစေတော့ဆိုပြီး နှစ်တိုင်း ကျွန်မတို့ ခင်းနေကျ ကထိန်ခင်းဖို့ ဆရာတော် ကို ၂၆–၁၀–၈၄ နေ့မှာ ချောင်ပြန်ပင့်သွားပါတယ်။ ချောင်ရောက်တော့ ကထိန်ခင်းပြီးပေမယ့် မန္တလေးပြန်မကြွသေးဘူးဆိုပြီး ပင့်လို့ မရတော့ပါဘူး။ ချောင်မှာ နေရစ်ပါလေရော။

အဲဒီမှာ ဆရာတော်ဟာ ဘာမဆို မေ့လျော့နေပါတော့တယ်။ ဘာ လျှောက်လျှောက် မသိတော့ဘူး။ အသက်ဘယ်လောက်လဲဆိုတာတောင် မသိတော့ဘူးလို့ ဖြစ်နေပါတယ်။ ဒါကြောင့် ဒီနှစ် ဇန်နဝါရီလထဲမှာ ဆရာတော့် ကျန်းမာရေးအတွက် ရတနာမွန် ကိုအောင်တို့က ရန်ကုန်ပင့်ပြီး ဆရာဝန်ကြီးတွေနဲ့ ပြသပြီး ကုသပေးနေကြပါတယ်။

ဆရာတော်စာမရေးနိုင်တော့ဘူး ဆိုရင်ဖြင့် အလွန်နှမြောစရာကောင်းတဲ့ ကလောင်တစ်ချောင်း ရပ်နားနေတော့မှာမို့ ဆုံးရှုံးမှု ကြီးမားပါလိမ့်မယ်။ ဆရာတော်ဟာ ၁၂၇၃ ခု သားပါ။ ခုဆိုရင် သက်တော် ၇၄ နှစ် ရှိပါပြီ။

ဆရာတော် အသက် ၇၀ ပြည့်တုန်းက ဆရာတော့်အကြောင်း ရေးဖော် တွေက ဝိုင်းဝန်းရေးသားကြတဲ့ 'ဆရာတော် ရွှေကိုင်းသား' ဆိုတဲ့ စာအုပ် တစ်အုပ်နဲ့ ပူဇော်ကြမယ်လို့ စီစဉ်ခဲ့ကြပါတယ်။ အဲဒီစာအုပ်အတွက် ပါသင့် ပါထိုက်တဲ့ စာမူတချို့ လိုသေးတယ်ဆိုပြီး မရိုက်ဖြစ်သေးဘဲ စောင့်ဆိုင်းနေ ခဲ့ပါတယ်။ ခုလိုဆရာတော် ကျန်းမာနေတုန်း ဆရာတော့် သက်တော်

၇၅ ကို ရည်မှန်းပြီး' 'ဆရာတော်ရွှေကိုင်းသား' စာအုပ်ထုတ်နိုင်အောင် ကြိုးစားကြရင် ဆရာတော် ဝမ်းသာရှာလိမ့်မယ်လို့ အောက်မေ့မိပါတယ်။

ဆရာတော်စာတွေ ပြန်ပြီး ရေးနိုင်ပါစေ၊ ဆရာတော့် ကျန်းမာရေး ပြန်ကောင်းပါစေလို့ အလေးအနက် ဆုတောင်းလိုက်ပါတယ်။

❑

# ရွှေကိုင်းသားဆရာတော်

## လောဘသား လူမိုက်တွေရဲ့လက်ချက်ကြောင့် ဆရာတော်ခမျာ မပျံလွန်တော်မူမီ...

ရွှေကိုင်းသား ဆရာတော် ဦးသောဘိတ ၂၉-၆-၈၇ နေ့က ပျံလွန်တော်မူရှာတယ်။ မြန်မာအမျိုးသား ယဉ်ကျေးမှု အနုပညာဆိုင်ရာနဲ့ သမိုင်းကြောင်းဆိုင်ရာတွေမှာ အင်မတန် အားကိုးရတဲ့ ပုဂ္ဂိုလ်မို့ အစားထိုးမရတဲ့ ကြယ်ကြီးတစ်ပွင့် ကြွေရှာပြန်ပြီလို့ ပင့်သက်ချ နှမြောရပြန်တယ်။

ဆရာတော်ဟာ မပျံလွန်တော်မူမီက စစ်ကိုင်းနဲ့ မန္တလေးဆေးရုံပေါ်မှာ သုံးလနီးပါး ဝေဒနာခံစားသွားရရှာတယ်။ ဧပြီလတစ်ရက်နေ့ ညနေသုံးနာရီလောက်က သူ့ကျောင်း အနုရုဒ္ဓါမှာ ဆရာတော် လေဖြတ်သွားတယ်လို့ ဆရာတော့်တူမ မတွတ် ကျွန်မဆီလာပြီး သုံးရက်နေ့က အကြောင်းကြားပါတယ်။ ဒါဆိုရင် စစ်ကိုင်းဆေးရုံကို အမြန်ဆုံးတင်ပါလို့ မှာလိုက်တော့ မတွတ်တို့က စစ်ကိုင်းဆေးရုံကို နေ့ချင်းတင်လိုက်ကြပါတယ်။ ဆေးရုံပေါ်ကို ကျွန်မနဲ့ ကိုစောလွင်တို့ သွားကြည့်ကြတော့ လေဖြတ်ထားတဲ့ လူနာများထုံးစံအတိုင်း ဘယ်သူလာတယ်၊ ဘယ်ဝါ လာတယ်ရယ်လို့ ဆရာတော်က မသိရှာပါဘူး။ မတွတ်တို့ မောင်နှမပဲ ဆရာတော့်အနားမှာ နေ့ညမဟူ စောင့်ရှောက်နေကြတယ်။ အရင် ဓားပြတိုက် ခံရတုန်းက ဆရာတော်

ဆေးရုံတက်ရတော့ ကျွန်မနဲ့ဦးလှက စစ်ကိုင်းဆေးရုံကို မကြာမကြာ ရောက်ကြတယ်။ ဒီတစ်ခါတော့ ခတ်ဆိက ရှားလွန်းလို့ ခဏခဏမကူးနိုင်ဘူး။ လေးငါးရက်နေမှ တစ်ခေါက်သွားနိုင်တော့ မတွတ်ကိုတော့ ဖုန်းအချိန်မရွေး ဆက်ဖို့၊ လိုတာ ပြောဖို့ မှာရတယ်။ ဆရာတော့်ဆီ လူက မရောက်ပေမယ့် စိတ်ကတော့ ရောက်လို့ချည်း နေပါတယ်။ ကိုယ် နေ့တိုင်း လာကြည့်နိုင်မယ့် မန္တလေးဆေးရုံကို တင်ပါလို့ ပြောချင်ရဲ့၊ ဆရာတော်ဘေးမှာ အမြဲတမ်း ယုယပြုစု ကုသနေတဲ့ တူမတွေ တူတွေကအားလုံး စစ်ကိုင်းကချည်း ဖြစ်လေတော့၊ သူတို့အတွက် ငဲ့ညှာပြီး မန္တလေးရွှေ့ဖို့ မပြောရက်ဘူး။ ဆရာတော့် အခြေအနေကတော့ ဘယ်နေ့သွားကြည့်ကြည့် ဒီလိုပါပဲ။ ဘယ်သူမှန်း၊ ဘယ်ဝါမှန်း မသိဘူး။ မျက်စိမှိတ်ထားပြီး အသက်မှန်မှန် ရှူနေတာပဲ။ ပါးစပ်က အာဟာရ မယူနိုင်လေတော့ နှာခေါင်းကနေပြီး ပိုက်နဲ့ အာဟာရ အရည်ကို သွင်းပေးနေရတယ်။

၂၂–၄–၈၇ နေ့မှာတော့ မန္တလေးဆေးရုံကို စစ်ကိုင်းဆေးရုံက ရွှေ့ပို့လိုက်လို့ ဆရာတော် မန္တလေးသံဃာ့ဆေးရုံကို ရောက်လာပါတယ်။ မန္တလေးရောက်တော့ နေ့တိုင်း သွားကြည့်နိုင်ပြီလေ။ ဆရာဝန်ကြီး ဦးထွန်းသင်က ဆရာတော့်ကို ဂရုစိုက်ရှာတယ်။ နေ့တိုင်း လာကြည့်ပေးပါတယ်။ ဆရာတော့် အခြေအနေကတော့ ညနေတိုင်း ကျွန်မသွားကြည့်တဲ့အခါ အာဟာရရည် ခြောက်ပုလင်းသွင်းရတဲ့အနက်က ထမင်းရည်၊ ဒါမှမဟုတ် ကြက်စွပ်ပြုတ်ရည်၊ ဒါမှမဟုတ် နို့မှုန့်၊ ဒါမှမဟုတ် ဟောလစ်၊ ဒါမှမဟုတ် သံပရာရည်များကို တစ်ခုမဟုတ်တစ်ခု နှာခေါင်းက သွင်းပေးနေတာရင်လည်း တွေ့ရမယ်။ အနာတွေကို ဆေးကြောသုတ်သင်ပေးနေတာရင်လည်း တွေ့ရမယ်လေ။ နေ့ဆရာမ၊ ညဆရာမလည်း ခေါ်ထားရတယ်။ အာဟာရသွင်းတော့ ရန်ကုန်ကနေပြီး သူရိယ ဦးသန်းမောင်က Casilan ကာစီလန်ဆိုတဲ့ အလွန်အာနိသင်ကြီးတဲ့ အားဆေးမှုန့် နိုင်ငံခြားက မှာပြီး၊ တကူးတကန့် တစ်ဘူးပြီးတစ်ဘူး ပို့ပေးလို့ အာဟာရထဲမှာ ငါးဘူးတိုင်တိုင် ထည့်ပေးရပါတယ်။ ကြက်ဥက

လည်း တစ်နေ့လုံး အာဟာရထဲ ထည့်သွင်းရပါတယ်။ ဒါကြောင့် ဆရာတော်ဟာ သတိကောင်းမလာသေးပေမယ့် ရုပ်ရည်က ကျမသွားပါဘူး။ ကြည်ကြည်လင်လင်ပါ။ နှုတ်ခမ်းတွေ ဘာတွေလဲ သွေးရောင်နဲ့ပါ။ ဆရာတော် သတိကောင်းလာစေမယ့် ဆေးတွေကလည်း နေ့တိုင်း တိုက်ကျွေးနေတာပဲ။ အရိုးတောင်း ဦးကျော်သိန်းလှူတဲ့ ဆေးကလည်း ကောင်းလှသတဲ့။ အနာတွေကတော့ စစ်ကိုင်းမှာ ဆေးရုံတင်ပြီးလို့ သုံးရက်မှ မပြည့်သေးဘူး။ Bed Sore ခေါ်တဲ့ အိပ်ရာကျောကပ်ဖြစ်ရင် အိပ်ရာကြောင့် ပွန်းတဲ့အနာမျိုးတွေ ဖြစ်လာပါတယ်။ ဒီအနာတွေက တော်ရုံသဖြင့် မဟုတ်ပါဘူး။ ရောမမီးလောင်ဖုကြီးတွေလို ဖြစ်လာပြီး၊ စောင်းအိပ်လို့ အိပ်ရာနဲ့ ထိသမျှ နေရာတွေ၊ ပခုံးလို တင်ပါးစောင်းလို နေရာမျိုး၊ ပက်လက်အိပ်လို့ အိပ်ရာနဲ့ ထိသမျှ နေရာတွေ၊ နားရွက်ဖိအိပ်လို့ ဖိမိသမျှ နားရွက်နှစ်ဖက်လုံး အားလုံး နေရာတွေမှာ အနာတွေ ဖြစ်လာတာ၊ ဖနောင့်တွေမှာတောင် မကျန်ပါဘူး။ တစ်နေ့နှစ်ကြိမ် ဒီအနာတွေကို ဆေးထည့်ရတယ်။ ထည့်ပြီဆိုရင် အနာတွေက ကြီးလွန်းလို့ မြင်ရက်စရာ မရှိဘူး။ ဆရာတော်ဟာ သတိမရှိလို့သာပေါ့။ သတိသာရှိနေရင် နာတာနဲ့ ဒုက္ခဖြစ်နိုင်ပါတယ်။ ပြီးတော့ နေကောင်းစဉ်က သူတစ်ထူးကို အလွန့်အလွန် အားနာတတ်၊ ရှက်တတ်တဲ့ဆရာတော် ဒီဝေဒနာမျိုး ခံစားနေရတာမြင်တော့ 'ဩော်... သတိသာရှိရင် ဆေးကုမနေကြပါနဲ့တော့' လို့ ဆရာတော်က ပြောမှာပဲလို့ အောက်မေ့မိပါတယ်။ သတိမရပေလို့သာပဲ၊ ဗျာဓိဒုက္ခကဖြင့် ကြီးလေးရှာလိုက်တာပါပဲ။

မန္တလေး သံဃာ့ဆေးရုံ အဆောင်ပေါ်မှာ နှစ်လကျော်လာတော့၊ ဆရာတော်ဟာ ပိုက်နဲ့သွင်းရတဲ့ အစာကိုပဲ အစာအိမ်က ကောင်းကောင်းလက်မခံတော့သလို ၂၆-၆-၈၇ နေ့ကတော့ တချို့ ပြန်ထွက်လာတာ တွေ့ရပါတယ်။ ပြီးတော့ မျက်နှာလည်း သိသိသာသာ ကျဆင်းလာတယ်။ ဒါကြောင့် တူမ မတွတ်က ကျောင်းပြန်ပင့်ရရင် ကောင်းမလားလို့ တိုင်ပင်ပါတယ်။ ဆရာဝန် တချို့နဲ့ တိုင်ပင်တော့ အခြေအနေ ဆုတ်ယုတ်လာတာတော့

အမှန်ပဲဆိုလို့ အဲဒီနေ့ပဲ အနုရုဒ္ဓါချောင်ကို ပြန်ပင့်ကြရပါတယ်။ ၂၉ ရက်နေ့ ကတော့ သူ့ချောင်မှာပဲ ဆရာတော် ခန္ဓာဝန်ကို ချတော်မူသွားပါတော့တယ်။

ဆရာတော့် ရုပ်ကလာပ်ကို ၃၀ ရက်နေ့က ကျွန်မသွားဖူးတော့ ပိန်ပြီး စစ်သွားပြီမို့၊ ငယ်ငယ်လူဝတ်နဲ့ အရွယ်တုန်းက ရုပ်ရည်မျိုး ပြန်ဖူးတွေ့ရပါ တယ်။ ၃–၇–၈၇ နေ့ကတော့ မဟာသစ်ဝင်ချောင်ဆရာတော်၊ မင်းကျောင်း ဆရာတော်၊ သိမ်တော်ဆရာတော်၊ ပတ္တမြားစေတီဆရာတော်၊ ကြည့်မြင်တိုင် ဆရာတော်၊ မြတောင်ဆရာတော်၊ ပုညရှင်ဆရာတော်၊ ရေဦးတိုက်သစ်ဆရာ တော်၊ ရှစ်မျက်နှာချောင်ဆရာတော် စတဲ့ ဆရာတော်တွေ အစုံအညီ ကြွ ရောက်ပြီး နိဗ္ဗာန်ကျောင်းချခမ်းဖွင့် သဘင်ဆင်ယင်ပြီး၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ၁၈–၇–၈၇ နေ့မှာ သံဃာသက်စေ့ပင့်ဖိတ်၊ ဆွမ်းကပ်လှူဒါန်းပြီး မီးသင်္ဂြိုဟ်တဲ့ အဂ္ဂိစျာပနအန္တိမ ပူဇော်ပွဲ ကျင်းပမယ်လို့ ဆုံးဖြတ်ကြပါတယ်။

ဆရာတော် နှစ်အကြာဆုံး သီတင်းသုံးသွားတဲ့ အနုရုဒ္ဓါချောင်ရဲ့ဝန်းကျင် မှာပဲ ဆရာတော် အရိုးအိုးဂူတည်ထားမယ်။ ဆရာတော်ရဲ့ရုပ်တုတစ်ခု၊ ဆွမ်းဦးပုညရှင် ဘုရားရင်ပြင်မှာ ဆရာတော်လက်ရေးစာအုပ်စတဲ့ ပစ္စည်းများ ထားရှိ ပြသထားမယ့် ပြတိုက်ကလေးထဲမှာ ထားရှိမယ်လို့ အကြမ်းဖျင်း စည်းဝေးဆုံးဖြတ်ထားပါတယ်။

ရွှေကိုင်းသားအမည်ခံ ဆရာတော်ဟာ ၁၉၃၆ ခုက စပြီး ဓားပြတိုက် ခံရတဲ့ ၁၉–၄–၁၉၈၁ ခုအထိ နှစ်ပေါင်း ၄၅ နှစ်လုံးလုံး မြန်မာမှုနဲ့ဆိုင်တဲ့ အမျိုးသားယဉ်ကျေးမှုဆိုင်ရာတွေကို ထောင့်စုံက ကလောင်မချတမ်း ရေးသား သွားခဲ့ပါတယ်။ သမိုင်းအမြင်နဲ့ ချဉ်းကပ်ရေးသားတာတွေလည်း မနည်းပါ ဘူး။ နှောင်းလူတွေ မှီငြမ်းကိုးကားရမယ့် စာမျိုးချည်းပါ။ ဆရာတော်က သာသနာ့ဘောင်ကို မဝင်ခင်က ကျောက်စာဌာနလို့ ရှေးကခေါ်တဲ့ ရှေး ဟောင်းသုတေသနဌာနမှာ ပုံဆွဲနဲ့ ဓာတ်ပုံဆရာအဖြစ် တာဝန်ယူခဲ့သူဖြစ်လေ တော့ ဆရာတော်ရေးတဲ့ မြန်မာမှုဆောင်းပါးတွေမှာ အကိုးအကား ပန်းချီပုံ တွေ၊ ဓာတ်ပုံတွေနဲ့အားလုံး အခိုင်အမာချည်း ဆရာတော်က ရေးသားဖော်ပြ ခဲ့တာပါ။

၁၉၈၁ ခုနှစ်တုန်းကတော့ ဆရာတော် ဓားပြတိုက်ခံလိုက်ရပါတယ်။ ဓားပြများက မိုက်မဲလှသူတွေမို့၊ စစ်ကိုင်းတောင်ရိုးပေါ်မှာ သံဃာနည်းနည်းနဲ့ သီတင်းသုံးနေတဲ့ သူတော်ကောင်းတွေကို အနိုင်ကျင့်သွားကြတဲ့သဘောပါ။ တစ်ညတစ်ညကို နှစ်ချောင်၊ သုံးချောင် ဆက်တိုက်ပါတယ်။ ဧပြီ ၁၉ ရက် နေ့က ည ၉ နာရီသာသာလောက် ရှိပါသေးသတဲ့။ ဓားပြများ ကျောင်းကို ရောက်လာပြီး၊ ဆရာတော့်ကို ရိုက်နှက်ပြီး၊ ရှိပစ္စည်းကို မွှေနှောက်ယူငင်သွား ကြပါသတဲ့။ တကယ်တော့ ဆရာတော်မှာ ငွေဆိုလို့ ဆန်ဖိုး ဆီဖိုး စာအုပ် ကြားမှာ ညှပ်ထားတဲ့ ငွေ ၃၁၂ ပဲ ရှိတာပါတဲ့။ ဒါကိုလည်း တွေ့သွားတာ မဟုတ်ပါဘူး။ ရိုက်နှက်ထားခဲ့တာကတော့ နောက်တစ်နေ့ ဆရာတော်နဲ့ အတူ ဓားပြတိုက်ခံရတဲ့၊ မြောက်ဘက်က ချောင်ချင်းကပ်လျက်က သိမ်တော် ဆရာတော်ပါ၊ နှစ်ပါးစလုံးကို ဆေးရုံတင်ရတဲ့အခါ ဆရာတော်မှာ သွားတစ် ချောင်း ကျိုးသွားတယ်။ နံတစ်ချောင်း ကျွံနေရစ်တယ်။ ခေါင်းမှာ ဦးခွံရိုးတစ် နေရာ ခွက်ဝင်သွားတယ်။ တစ်ကိုယ်လုံး အရိုးအစင်း အညိုအမည်းတွေက တော့ ရစရာမရှိဘူး။ ကျောရော၊ ရင်ရော လက်မောင်းတွေပေါ်မှာရောပဲ။ စစ်ကိုင်းဆေးရုံမှာ ရက်ပေါင်း ၂၀ ကျော် ကုသယူရပါတယ်။

ဆရာတော်တို့ကို ဒီလိုရက်စက်စွာ ပြုလုပ်သွားတဲ့ လူမိုက်တွေအကြောင်း ကျွန်မက သိချင်လို့ ရေးချင်လို့ ဆရာတော့်ကို ဓားပြတိုက်ပုံ မေးလျှောက်ပါ တယ်။ ဓားပြတွေ ဘယ်လိုဝင်လာသလဲ ဘုရား၊ ပါးစပ်က ဘာပြောသလဲ ဘုရား၊ ဘယ်လို ရိုက်နှက်သလဲဘုရား စသည်ဖြင့် မေးလျှောက်တဲ့အခါ ဆရာတော်က ဘာမျှမပြောတတ်တော့ပါဘူး။ ဘယ်နှရက်ခြားပြီး ဘယ်နှခါ လျှောက်လျှောက်၊ ဘယ်နှနှစ် ဘယ်နှလနေမှ လျှောက်လျှောက် ကျွန်မကိုသာ လှမ်းကြည့်နေပါတော့တယ်။ ဘယ်နှကြိမ် လှည့်ပတ်မေးမေး ဘာမျှမပြော တတ်တော့ဘူး။ ရေအိုးကို ရိုက်ခွဲသွားတယ်ဆိုတာဖြင့် ပြောရဲ့။ ကျွန်မက ပထမတော့ စိတ်မချမ်းမြေ့စရာကိစ္စ၊ ကုသိုလ်စိတ် မဖြစ်ပေါ်နိုင်တဲ့ကိစ္စကြီးမို့ ဆရာတော်က တမင်မပြောတာဘဲ ထင်တယ်လို့ အောက်မေ့ပြီး စိတ်ထဲ

မချင့်မရဲ ဖြစ်မိပါတယ်။ နို့ပေမယ့် ခုလိုကြာကြာ လာတဲ့အခါတော့ ဆရာတော်ဟာ ဟိုအချိန်တုန်းက အလွန်ကြောက်ရွံ့ တုန်လှုပ်လိမ့်မယ်။ အလွန်လည်း နာကျင်ပေလိမ့်မယ်။ ပြီးတော့ ခေါင်းထိတဲ့ဒဏ်ရာတွေက ဘာကိုမျှ စီကာပတ်ကုံး ပြောနိုင်လောက်အောင် သတိမရှိတော့လို့ နေမှာပဲလို့ တွေးမိပါတယ်။

ဆရာတော်ရဲ့ သည်းခံနိုင်စွမ်းက အံ့မခန်းပါ။ ဆရာတော် တစ်နေကုန်နေပြီး တစ်ညလုံး ကျိန်းတဲ့ ကျောင်းငယ်ငယ်လေးပေါ်မှာ လင်းမြွေကြီး တစ်ကောင် ရှိပါသတဲ့။ ဒီမြွေကြီးက ညတိုင်ရင် ဆန်အိုးကို နှိုက်တဲ့ကြွက်တွေကို လာချောင်းသလား။ ဖမ်းသလား မသိ၊ ခဏခဏ သူရောက်နေကြောင်း အသံပေးပါတယ်။ ဂျိုးဂျိုးဂျောင်းဂျောင်း ညတိုင်းလုပ်တာပါ။ ဒီမြွေကြီးကို ဆရာတော်က ကြောက်ပါတယ်။ ကျောင်းပေါ်မှာ ဆရာတော်နဲ့ မြွေကြီးနဲ့သာ ရှိတာကလား။ နို့ပေမယ့် မြွေကြီး ကျောင်းပေါ်ကို မလာဝံ့အောင် ဘယ်လိုမှ မလုပ်ပါဘူး။ ဒီအတိုင်းပဲ သည်းခံနေတာပါ။ ကျွန်မတို့ ခဏတစ်ဖြုတ်လာတဲ့လူကတောင် ဒီမြွေကြီးကို ကြောက်ပါတယ်။ ဒါကြောင့် မြွေကြီးလာတဲ့အခါ နောင်မလာဝံ့အောင် ဝါးလုံးရှည်တွေနဲ့ အသံပေး ခြောက်လှန့်ထုတ်ဖို့ လျှောက်ပါတယ်။ ဆရာတော်က နေပါစေလို့ပဲ ပြောပါတယ်။ ကျွန်မတို့လည်း မခြောက်လှန့်ကြရပါဘူး။ ဆရာတော်က အဲသည်လောက် သည်းခံတဲ့ ပုဂ္ဂိုလ်ပါ။

ဓားပြတိုက်ခံရပြီးတဲ့နောက်တော့ ဆရာတော်ဟာ ချေးဟောင်သံကြားတိုင်း ဓားပြတွေ နောက်တစ်ကြိမ်များ လာကြပြန်ပြီလား၊ သူ့ကို ရိုက်နှက်ဦးမှာလားဆိုပြီး ကြောက်နေရှာတာပါတဲ့။ ဒါလောက်ခေါင်တဲ့ ဒီကျောင်းက ပြောင်းဖို့ ရွှေ့ဖို့ လျှောက်ကြည့်တော့လည်း သူများကို အားနာတာ၊ ကိုယ့်ကျောင်း ကိုယ့်ကန်မဟုတ်ရင် စိတ်မကျယ်လွင့်မှာ စိုးတာ၊ ဒီကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ပါမယ်လို့ တာဝန်ယူ လက်ခံထားခဲ့တာကို မကျေပွန်မှာ စတာတွေ စိုးရိမ်ပြီး ဘယ်ကိုမှ ရွှေ့ပြောင်းဖို့ လျှောက်မရခဲ့ပါဘူး။

ဆရာတော် အနုရုဒ္ဓါချောင်က ဥမင် ၃၀ နဲ့ ပတ္တမြားစေတီဘုရားအသွား အလယ်လောက်မှာ ရှိပါတယ်။ စစ်ကိုင်းတောင်ရိုးတစ်ရိုးလုံး သီတဂူရေ အလှူက ပိုက်တွေသွယ်ပြီး ရေပေးနေပေမယ့် အလှမ်းဝေးတဲ့ အနုရုဒ္ဓါချောင် ဟာ ခုထက်ထိ ရေမရပါဘူး။ စစ်ကိုင်းတောင်ရိုးမှာ အစောဆုံးတည်တဲ့ ချောင်သုံးချောင်ဟာ ပိတောက်ချောင်၊ ပဘာချောင်နဲ့ အနုရုဒ္ဓါချောင်ပါပဲတဲ့။ တကယ်ခေါင်တဲ့နေရာပါ။

ဆရာတော်ရဲ့ သတိတွေ အမေ့မေ့ အလျော့လျော့ဖြစ်လာတာက တစ်နေ့ထက်တစ်နေ့ ဆိုးလို့သာ လာပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်နှစ် လောက်ကတော့ ဆရာတော့်ရောဂါဟာ တဖြည်းဖြည်းနဲ့ အားလုံးကို မေ့သွား တယ်ဆိုတဲ့ Alzaimer’s Disease ဆိုတာများလေလားလို့တောင် ကျွန်မက အောက်မေ့မိပါတယ်။

ဆရာတော်ဟာ အရင်ကတော့ သူ့ဘာသာရပ်သာ ဖြစ်ပါစေ၊ ဆရာ တော်ဘယ်အတွက် ဘာအကြောင်း ဆောင်းပါးလိုချင်ပါတယ်ဘုရားလို့ လျှောက်လိုက်ရင် အချိန်သာ ပေးလိုက်ပါ။ ပြည့်ပြည့်စုံစုံ ရေးသားယူခဲ့တာ ပါ။ ဆရာတော်မှာ တစ်သက်လုံး စုဆောင်းထားတဲ့ မှတ်စုမှတ်ရာတွေက လည်း သလဲသီးလို အကန့်လိုက် အကန့်လိုက် ရှိနေတာပါ။ လိုအပ်ရာရာကို ဆွဲနုတ် စုစည်းလိုက်ရုံပါပဲ။ ဆရာတော်က အင်္ဂလိပ်စာမတတ်ဘူးသာ ပြော တာပါ။ သူလိုချင်တဲ့အရာ အင်္ဂလိပ်စာအုပ်ထဲမှာရှိရင် သိမ်းထားတာပါ။ ပြီးတော့ လိုပြီဆိုရင် အဲဒါကို ဘယ်ကနေပြီး ဘယ်အထိ ဘာသာပြန်ပေးပါလို့ ခိုင်းပါတယ်။ ဒါကြောင့် ဆရာတော့် ရုပ်ကလာပ် နိဗ္ဗာန်ကျောင်းချတဲ့နေ့က မဟာသစ်ဝင်ချောင်ဆရာတော်က ‘ဆရာတော် ရွှေကိုင်းသား ပျံလွန်တော် မူတာဟာ ကြယ်ကြီးတစ်လုံး ကြွေသလိုပဲတဲ့၊ ၅၆ ခု စစ်ကိုင်းငလျင်ကြီး ကြောင့် ပြိုကျသွားတဲ့ ဆင်များရှင်ဘုရားကြီး ပြန်တည်ဆောက်ဖို့ အုတ်မြစ်ချ တဲ့အခါ နိုင်ငံတော်သမ္မတကြီးက ဒီအုတ်မြစ်ချပွဲမှာ မိန့်ကြားဖို့ မိန့်ခွန်းကို သာသနာရေး ဦးစီးဌာနက ဆရာတော်ရွှေကိုင်းသား ရေးပေးပါဆိုလို့ ရေးပေး

ရသတဲ့။ မလွန်ဆန်လှူအသင်းကြီးက ကျောက်စာတိုင် ထူချင်လို့ စာသားလို တော့လည်း အသင်းကြီးရဲ့ဥက္ကဋ္ဌက လာတောင်းပန်လို့ ဆရာတော် ရွှေကိုင်း သားပဲ ရေးပေးခဲ့ရတယ်။ ဆရာတော် ပျံလွန်တော်မူလို့ ဆုံးရှုံးချက်ဟာ တိုင်းတာလို့ မရဘူး’ လို့ မိန့်ကြားသွားတော်မူပါတယ်။

သမိုင်း၊ မြန်မာစာ၊ ပါဠိဘာသာတွေက မဟာဝိဇ္ဇာတန်းအတွက် ကျမ်းပြု ချင်သူတွေက ဆရာတော့်ဆီကိုသွားပြီး လိုချင်တာ ယူငင်ဖို့ ကျွန်မက ညွှန်ဖူးသူတွေ အများကြီးပါ။ ဆရာတော် ကူညီလိုက်တာတွေနဲ့ မဟာဝိဇ္ဇာ ဘွဲ့ ရဖူးသူတွေလည်း အများကြီးပါ။ မန္တလေးတက္ကသိုလ်က ပြင်ပစာစစ် ပုဂ္ဂိုလ်အဖြစ်နဲ့ မဟာဝိဇ္ဇာစာမေးပွဲတွေမှာ ဆရာတော့်ကို ပင့်တာလည်း အကြိမ်ကြိမ် ကြုံရဖူးပါတယ်။ ဆရာတော်ဟာ နှလုံးစိတ်ဝမ်း အထူးအေးချမ်း တဲ့ ပုဂ္ဂိုလ်။ သူတစ်ထူးရဲ့ ပညာပါရမီကို လှိုက်လှိုက်လှဲလှဲ ကူညီဖြည့်ဆည်း လိုတဲ့ ပုဂ္ဂိုလ်ပါ။ တစ်ခါတော့ မန္တလေးတက္ကသိုလ်က မဟာဝိဇ္ဇာဘွဲ့အတွက် ပညာရပ်တစ်ခုနဲ့ မိတ်ဆက်ပြီး ကျောင်းသူတစ်ဦးက ဆရာတော်ဆီသွားပြီး သူလိုချင်တဲ့ အကူအညီကို မေးလျှောက်တယ်။ ဆရာတော်က စိတ်ရှည် လက်ရှည် သူ့စုဆောင်း ရှာဖွေမှတ်သားထားတာများကို ထုတ်ပေးတယ်။ တွေ့နိုင်ရာတွေကို ညွှန်ကြားတယ်။ ကျောင်းသူက ဝမ်းသာလွန်း၊ ကျေးဇူးတင် လွန်းလို့ ဆရာတော်ကို လှူရန်ပစ္စည်းလည်း တစ်စုံတစ်ရာ မဝယ်ခဲ့မိလေ တော့ ပါလာတဲ့ဝတ္ထုငွေကလေးတွေနဲ့ ကျေးဇူးတတင် ကန်တော့ပါသတဲ့။ ဒီအခါ ဆရာတော်က ‘သုတေသီဆိုတာ ပိုက်ဆံလိုတယ်။ မင်းမှာ ကုန်စရာ တွေ ရှိလိမ့်ဦးမယ်။ ငါ့ကို မကန်တော့ခဲ့နဲ့’ လို့ ပြောပြီး ဝတ္ထုငွေကို ငြင်း ပါသတဲ့။ တကယ်ကတော့ ဆရာတော့်ကျောင်းက ရှားပါးဆင်းရဲတဲ့ကျောင်း ပါ။ သူဌေးဒကာ ဒကာမရယ်လို့ မရှိပါဘူး။ စာပေနဲ့ဆိုင်တဲ့လူတွေ ဆည်း ကပ်တဲ့ကျောင်းမို့၊ စာပေသမားက ကျောင်းကိုလာရင် လှူဖို့တန်းဖို့ ပါခဲ့ တတ်တာ မဟုတ်ပါဘူး။ ဆရာတော်က ရတာနဲ့ ရောင့်ရဲနေတဲ့ ပုဂ္ဂိုလ် မျိုးပါ။

ဆရာတော့်ဘဝ၊ ဆရာတော့်အကြောင်းကို စဉ်းစားလိုက်ရင် ကျွန်မတို့ ငယ်ငယ်က ကျောင်းမှာသင်ခဲ့ရတဲ့ ဆုံးမစာအပိုဒ်ကလေးတွေကို အားလုံး ပြန်ပြန်ပြီး သတိရမိတယ်။

'စဉ်ဆက်ကျမျှား၊ ပြည့်သောလားသို့၊ ပျားကိုပုံတု၊ ပမာပြုလျက်' ဆိုတဲ့ စာပိုဒ်ကလေး၊ 'ခြပုံးတောင်ပို့၊ ဖို့သည့် ခြင်းရာ လူလိမ္မာတို့' ဆိုတဲ့ စာပိုဒ်ကလေးမျိုးတွေကို ဆရာတော်က အသက်နဲ့ထင်ရှား သရုပ်ဖော်ပြ နေတဲ့ ပုဂ္ဂိုလ်လိုပါပဲ။

ဆရာတော်ဟာ ငယ်ကတည်းက အလွန်ရှက်တတ်၊ ကြောက်တတ်တဲ့ သူငယ်လေး၊ မြန်မာစာ ခုနစ်တန်းနဲ့ မူလတန်းဆရာဖြစ်ပဲ အောင်တယ်။ ကျောင်းက သင်ပေးတဲ့ပညာဟာ ဒါပါပဲ။ ကိုလိုနီခေတ်တုန်းက ပညာက လည်း အဆင့်အတန်း အမျိုးမျိုးနဲ့ပါ။ ၁၀ တန်းအောင်တာချင်းအတူတူပေ မယ့်၊ မြန်မာလိုချည်း သင်တဲ့မြန်မာ ၁၀ တန်းက တစ်စား၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ သင်ရာမှာလည်း အမျိုးသားကျောင်း၊ ဗုဒ္ဓဘာသာကျောင်းတွေက တစ်စား၊ အစိုးရကျောင်းတွေက တစ်စား၊ သာသနာပြုကျောင်းတွေက တစ်စား၊ အဆင့်အတန်း အစားစား ရှိပါတယ်။ ပြီးတော့မှ အင်္ဂလိပ်လိုချည်း သင်တဲ့ အမျိုးအစားက တစ်စားပါ။ ဒီအထဲမှာ အင်္ဂလိပ်လိုချည်း သင်တာက အမြင့်ဆုံး၊ မြန်မာလိုချည်းသင်တာက အနိမ့်ဆုံး၊ ဆရာတော်က အနိမ့်ဆုံး ပညာရေးကျောင်းက ခုနစ်တန်းပဲ အောင်တဲ့သူ။ ဆရာအတတ်သင် အောင်ပေ မယ့် ရှက်တတ်သူမို့ ကျောင်းသား ရင်မဆိုင်ဝံ့လို့ ဆရာမလုပ်ဘဲ ကျောက်စာ ရုံးမှာ ပုံဆွဲစာရေးဝင်လုပ်ရသူ ဖြစ်တယ်။ အဲဒီလို ရှက်တတ် ကြောက်တတ်ပြီး ပညာရည် နိမ့်ပေမယ့် ခြကလေးတွေ၊ ပုရွက်ကလေးတွေ မိုးတွင်းစာ အစာ စုသလို ပညာရှာတယ်။ စုတယ်။ တစ်သက်လုံး တကုပ်ကုပ်ဖတ်တယ်။ မှတ်တတ်။ စုတယ်။ သင်တယ်လေ။ ဒါကြောင့် ပန်းချီရေးနိုင်တယ်။ ကာတွန်းဆွဲတယ်။ ဓာတ်ပုံရိုက်ကောင်းတယ်။ ကောင်းတယ်ဆိုရာမှာ ကိုဒတ် ကုမ္ပဏီက ကျင်းပတဲ့ နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲတွေမှာ ဆုရအောင် ရိုက်နိုင်တဲ့

အကောင်းမျိုးပါ။ ဆုသာ ရတယ်။ ရိုက်တဲ့ ကင်မရာကတော့ ရှစ်ကျပ်တန် အညံ့ဆုံးကင်မရာလေးနဲ့ ရိုက်ရတာပါ။ ဆရာတော် သိမ်းထားတဲ့ ဗဟုသုတ နဲ့ရေးတဲ့ ဆင်ယင်ထုံးဖွဲ့မှုကျမ်းဟာ စာပေဗိမာန်က ၁၉၅၁ ခုနှစ်မှာ ပေးတဲ့ အစောဆုံး စာပဒေသာဆုကို ရရှိတဲ့ကျမ်းပါ။

လောဘသား လူမိုက်တွေရဲ့လက်ချက်ကြောင့် ဆရာတော်ခမျာ မပျံလွန် တော်မူမီ ခြောက်နှစ်လောက် စာပေ မရေးသားနိုင်ဘဲ ဖြစ်သွားရတာကို ယူကျုံးမရ ရှိရတာနဲ့အတူ အခုလို ခန္ဓာဝန်ကို ရုပ်သိမ်း ချုပ်ငြိမ်းသွားပြန် ပြီဆိုတော့လည်း လွမ်းဆွေးတသ နှမြောမဆုံး ဖြစ်ရပြန်ပါတယ်။

**ရှမဝ ရုပ်စုံမဂ္ဂဇင်း**
**၁၉၈၇ ၊ စက်တင်ဘာလ**

❑

ရွှေကိုင်းသား

သရာတော်ဦးသောဘိတ

၏

# စစ်ကိုင်းမြေလျှင်

# ရာဇဝင်ကြောင်း



■ ရွှေကိုင်းသား

# စစ်ကိုင်းမြေလျှင် ရာဇဝင်ကြောင်း

## ပါမောက္ခဂေါ့ရှကော့နှင့် ရွှေကိုင်းသားတို့ ဆွေးနွေးခြင်း

ရန်ကုန်မြို့မှ ရောက်ရှိလာသော ယူနက်စကိုပါရဂူ မော်စကိုတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဖြစ်သူ ဒေါက်တာကျော့ပီဂေါ့ရှကော့နှင့် အဖော်တစ်ဦးသည် ဘူမိဗေဒနှင့် သက်ဆိုင်သည့်အချက်အလက်များကို ကြည့်ရှုလေ့လာရန်အတွက် ဇန်နဝါရီလ ၁၂ ရက်နေ့က စစ်ကိုင်းမြို့သို့ သွားရောက်ကြသည်။

## မြန်မာပြည်မြေလျှင်

ပရော်ဖက်ဆာဂေါ့ရှကော့သည်၊ မြန်မာပြည်မှ မြေလျှင်လှုပ်ရှားမှုများနှင့် ပတ်သက်၍ အထူးစိတ်ဝင်စားစွာ လေ့လာနေသော ပါရဂူတစ်ဦးဖြစ်သည်။

## ပတ္တမြားစေတီနှင့် ယွန်းကျောင်း

မင်းဝံတောင်ရိုးမှ ဆင်းသက်ပြီးသည့်နောက် မြောက်ဘက်သို့ ဆက်လက်ခရီးဆက်ကြပြန်သည်။ တောင်ညိုရွာကို လွန်ပြီးနောက် ကျောက်တာသို့ ရောက်ရှိကြသည်။ ၎င်းမှ ခြေကျင်လျှောက်ကာ ပတ္တမြားစေတီသို့ တောလမ်းခရီးဖြင့် ဆက်လက်၍ တက်ရောက်ကြသည်။ ပတ္တမြားစေတီ တောင်ခုလပ်တွင်ရှိသည့် ယွန်းချောင်သို့ သွားရောက်ပြီး စာရေးဆရာ ရွှေကိုင်းသား အမည်ခံဆရာတော်ဦးသောဘိတနှင့် တွေ့ဆုံဆွေးနွေးကြသည်။

## ဆရာတော် နှင့် ပါမောက္ခ

ပါမောက္ခကြီး ဂေါ့ရှကော့သည် ဆရာတော်ဦးသောဘိတနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးရာ တစ်နာရီခွဲခန့်ကြာလေသည်။ ဆွေးနွေးကြသော အကြောင်းအရာများမှာ မြေလျှင်လှုပ်မှုနှင့် ပတ်သက်သည့် ပြဿနာဖြစ်သည်။ ဆရာတော်နှင့် ပါမောက္ခကြီးတို့မှာ ပြဿနာတိုင်းလိုလိုတွင် သဘောချင်းတိုက်ဆိုင်ကြသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

၎င်းနောက် ပါမောက္ခကြီးသည် ဆရာတော်နှင့်အတူ ယှဉ်တွဲပြီး ဓာတ်ပုံရိုက်သည်။

## သတ္တုတုံးများ

အပြန်တွင် ကျောင်းအောက်၌ ဆရာတော် စုဆောင်းထားသည့် ဓာတ်သတ္တုတုံးများကို ထုတ်ပြရာ ပါမောက္ခကြီးက အဆိုပါသတ္တုတုံးများ၏ အမျိုးအမည်နှင့်တကွ အသုံးဝင်ပုံများပါ ရှင်းလင်းပြလေသည်။

## ကျောက်ဖြူ

ပါမောက္ခကြီး၏ ရှင်းလင်းချက်များအနက် စိတ်ဝင်စားစရာကောင်းသည့်အချက်တစ်ခုမှာ လမ်းခင်းသည့် ကျောက်များနှင့် ပတ်သက်သည့်

အကြောင်းများဖြစ်သည်။ ပတ္တမြားစေတီသို့ တက်ရောက်ရာလမ်းတစ်လျှောက်တွင် တွေ့ရှိရသော လမ်းခင်းသည့် ကျောက်ဖြူတုံးများ Marble ကို လမ်းခင်းရာတွင် အသုံးမပြုသင့်ကြောင်း ပါမောက္ခကြီးက ပြောလေသည်။

## လမ်းခင်းလျှင် ပျက်လွယ်သည်

အဆိုပါ ကျောက်ဖြူ Marble မှာ ပျော့ပျောင်းနူးညံ့သည့်ကျောက်မျိုးဖြစ်သည်။ ထို့ကြောင့် လမ်းခင်းရာတွင် ကျောက်ဖြူကို အသုံးပြုက တာရှည်မခံဘဲ လမ်းများ ပျက်စီးလွယ်သည်။ သို့သော် ကျောက်ဖြူကို အခြားနုနယ်သည့် အသုံးအဆောင် အလှအပပစ္စည်းများကို ထုလုပ်ရာတွင် အသုံးပြုက များစွာအသုံးဝင်သည်။ ဥပမာ ခြသေ့်ရုပ်များ၏ လက်ချောင်းခြေချောင်းများကို ထုလုပ်ရာတွင် အသုံးပြုက များစွာ ကောင်းမွန်လေသည်။ အခြားအလှအပ ရှေးဟောင်းအသုံးအဆောင် အဆောက်အဦများကို ထုလုပ်ရာတွင် ကျောက်ဖြူသည် မည့်သည်ကျောက်နှင့်မျှမတူ ပျော့ပျောင်းပြီး ထုလုပ်သလို ရလေသည်။

သို့ကြောင့် ယင်းကျောက်ကို လမ်းခင်းရာတွင် အသုံးပြုသဖြင့် လမ်းမှာ ကြာရှည်မခံဘဲ နှစ်လရှည်လေ ပျက်စီးလေဖြစ်သည်။

## လီနင်ဂရက်မှ ဆောင်းရာသီ နန်းတော်လမ်း

ဤသည်နှင့် ပတ်သက်၍ လီနင်ဂရက်မြို့ ဆောင်းရာသီ နန်းတော်အနီးရှိ လမ်းတစ်လမ်း၏အကြောင်းကို ပါမောက္ခကြီးက ရှင်းပြသည်။ အဆိုပါလမ်းကို ကျောက်တစ်မျိုးဖြင့် လွန်ခဲ့သည့်အနှစ် ၃၀ ခန့်က တည်ခင်းခဲ့ကြသည်။

ယင်းကျောက်မှာ ကျောက်ဖြူကဲ့သို့ မဟုတ်ဘဲ နှစ်လရှည်ကြာလေခိုင်မာလေဖြစ်သည်။ သို့ကြောင့် အဆိုပါ လီနင်ဂရက်မှ လမ်းမကြီးသည် ဆောက်လုပ်ခဲ့စဉ် အနှစ် ၃၀ ခန့်က မာကျောကောင်းမွန်ခြင်း မရှိခဲ့သော်လည်း ယခုမူ အဆိုပါလမ်းမှာ များစွာ ကောင်းမွန်လှသည်ဟု သိရသည်။ နှစ်လတွေ

ရှည်ကြာလေ အဆိုပါလမ်းမကြီးမှာ ပိုမိုမာကျောလေ ကောင်းမွန်လေဖြစ်သည် ဆို၏။ ဤသို့ ဖြစ်ရခြင်းမှာ လမ်းခင်းရန်အတွက် သင့်တော်သော ကျောက်ကို အသုံးပြုခဲ့သောကြောင့် ဖြစ်သည်ဆိုကြောင်း။

ညနေ ၃ နာရီလောက်တွင် ပါမောက္ခဂေါ့ရှကော့ဖ်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ယွန်းချောင်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာကြသည်။

ဤပါမောက္ခကြီးမှာ မြန်မာပြည်၌ မြေငလျင်လှုပ်တတ်သည့်ဒေသများနှင့် မည်မျှအထိ ပြင်းထန်သော ငလျင်မျိုးလှုပ်နိုင်သည်ဆိုသည်တို့ကို ဖော်ပြသည့် မြေပုံတစ်ခုကို ရေးဆွဲပေးမည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း။

လူထုသတင်းစာ၊

၁၃ – ၁ – ၁၉၅၉ ။

# မှတ်တမ်းတင် မြေငလျင် (၁)

**ရွှေကိုင်းသား**

## စစ်ကိုင်း မြေငလျင်မှ မြေငလျင် သုတေသီသို့...

၁၉၅၆ ခု စစ်ကိုင်းမြေငလျင်ကြီးသည် ကျွန်ုပ်အား စိတ်နှလုံး တုန်လှုပ်ချောက်ချားအောင် ပြုမူနိုင်စွမ်းရှိသလောက် ငလျင်သုတေသီတစ်ဦးအဖြစ်သို့ ရောက်မှန်းမသိ ရောက်အောင်လည်း ပို့ဆောင်ပေးခဲ့သည့်အတွက် စစ်ကိုင်းမြေငလျင်ကြီးကို ကျေးဇူးတင်ရဦးမည်လိုလို ဖြစ်နေပေသည်။ သို့သော် ကျောင်းကန်ဘုရား ပုထိုး လူနေတိုက်တာ အဆောက်အဦပေါင်း မြောက်မြားစွာနှင့် လူ့အသက်ပေါင်း အစိတ်သုံးဆယ်ထက်မနည်း ချေမှုန်းဖျက်ဆီးပစ်ခဲ့သော မြေငလျင်ဆိုးကြီးကို အဘယ်မှာလျှင် ကျေးဇူးတင်စရာ ရှိပါအံ့နည်း။ စင်စစ်သော်ကား အဆိုးထဲမှ အကောင်းပေါ်လာခြင်းမျှသာ ဖြစ်ပါတော့သည်။

## စစ်ကိုင်းငလျင်၏ ဖြစ်ကြောင်းကုန်စင်

ငလျင်နှင့် ပတ်သက်၍ နောက်ကြောင်းရာဇဝင်ကို အမြွက်မျှ ထုတ်ဖော်တင်ပြရမည်ဆိုလျှင် ၁၉၃၀ ခုနှစ်က သိမ့်သိမ့်တုန် လှုပ်ခဲ့သောပဲခူးငလျင်ကြီးသည် ကျွန်ုပ်တို့တစ်သက်တာတွင်သာမဟုတ်၊ မြန်မာမြေငလျင်ရာဇဝင်တွင်

လည်း မှတ်တမ်းတင်ထားခဲ့ရလောက်အောင် ကြီးမားပြင်းထန်လှပေသည်။ သို့ဖြစ်စေကာမူ ပဲခူးမြေလျောင်၏စက်ဝန်းသည် စစ်ကိုင်းရောက်အောင် မကျယ်ပြန့်ခဲ့၍ ပဲခူးလျောင်ကြီးကို လျောင်သတင်းအဖြစ်ဖြင့်သာ နားစွင့်လိုက်မိပြီး ကိုယ်တွေ့ကား မခံစားလိုက်ရပေ။ သို့သော် ၁၉၅၆ ခု စစ်ကိုင်းမြေလျောင်ကြီး လှုပ်စဉ်ကမူကား လျောင်သည် စစ်ကိုင်းကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်၍ လျောင်စက်ဝန်းအတွင်း၌ ကောင်းကောင်းကြီး အမိခံလိုက်ရပေသည်။ ယင်းသည်ပင်လျှင် ကျွန်ုပ်အား လျောင်သုတေသီတစ်ယောက်အဖြစ်သို့ ရောက်ရှိစေခဲ့ခြင်း ဖြစ်လေသည်။

## ဘုန်းကံ မကြီး၍ ကံကောင်းခဲ့ရပုံ

၁၉၅၆ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့ ည ၉ နာရီခွဲကျော်ကျော် အိပ်၍ မပျော့်တပျော့်တွင် တစ်ချက်တည်း ဆောင့်တွန်းလိုက်ပြီးနောက် သိမ့်သိမ့်ခါသွားအောင် လှုပ်ရမ်းပစ်လိုက်သည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှပြီး ရုတ်တရက်လည်းဖြစ်၍ ကျောင်းအောက်သို့ပင် ဆင်းချိန်မရတော့ပါ။ အကယ်၍ အဆောက်အဦသည် ရှေးဘုန်းရှေးကံအသင့် ဆော်ဖန်တိုက်တွန်းမှုကြောင့် အုတ်တိုက်ကြီးအဖြစ်ဖြင့် ဟိန်းနေပါမူ၊ ကျွန်ုပ်မှာ ထိုညဉ့်က အုတ်ဂူသွင်းနှံပြီး ဖြစ်နေပေရော့မည်။ သို့သော် ထိုမျှ ဘုန်းကံမကြီးမားခဲ့၍ ကံကောင်းရပေတော့သည်။ သို့တိုင်အောင် တစ်ချက်တစ်ချက် ဆောင့်ဆောင့်ပြီး တွန်းထိုးဝှေ့ရမ်းပစ်လိုက်သည့်အခါမျိုး၌ ကျောင်းကြီးမှာ ယိမ်းထိုးပြီး သိမ့်သိမ့်ခါသွားသောကြောင့် ရင်တမမနှင့် ဘုရားတပြီး အချိန်ဆိုးကြီး မြန်မြန်လွန်မြောက်သွားစေရန်သာ တောင့်တရပေတော့သည်။

## တောင်ပြိုမှာလည်း စိုးရိမ်ရသေး

လျောင်ကြီးသည် အဘယ်မျှ ပြင်းထန်စွာ လှုပ်စေကာမူ ကျောင်းကို ပြိုအောင် မဖြိုနိုင်တော့မှန်း ရိပ်စားမိလာသောအခါ ကျောင်းပြိုမည့်ဘေး

အတွက် အတော်အတန် သက်သာရာ ရလာပါသည်။ သို့သော် နေရာမှာ တောင်ပေါ်ကမ်းပါးယံတွင် ဖြစ်နေ၍ တစ်ချိန်ချိန်တွင် တောင်ပေါ်တောင်ထိပ် ဆီမှ အရှိန်နှင့် လိမ့်ဆင်းလာမည့် ကျောက်တုံးကျောက်ခဲကြီးများ၏ ဘေးကို တွေး၍ စိုးရိမ်စရာ ဖြစ်လာပါသည်။ စိုးရိမ်ရလောက်အောင်လည်း လျောင်လှုပ် နေဆဲတွင် တော်လဲသံကြီးများနှင့်အတူ တဖြုံးဖြုံး တဒိုင်းဒိုင်းနှင့် ပြုတ်ကျနေ သော ကျောက်တုံးကြီးများ လိမ့်ကျနေသံများ ပတ်ဝန်းကျင်တွင် အဆက် *မပြတ် ကြားနေရပေသည်။*

တစ်ချိန်တွင်ကား လျောင်တော်လည်းသံလည်းမဟုတ်၊ အဆောက်အဦ တစ်ခု ပြိုကျသံနှင့်လည်းမတူသော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နီးနီးကပ် ကပ်တွင် ကြားခဲ့ရဖူးသည့် ဗုံးအကြီးစားတစ်လုံးပေါက်ကွဲသံမျိုးကဲ့သို့ ကြောက် ခမန်းလိလိ ကြားလိုက်ရ၍ များစွာ တုန်လှုပ်သွားမိလေသည်။ နောက်မှ မလှမ်းမကမ်းက အဆောက်အဦတစ်ခုကို တောင်ထိပ်မှ အရှိန်နှင့် ပြေးဆင်း လာသော ဆေးပုတ်နီးနီး ကြီးမားလှသော ကျောက်တုံးကြီးတစ်တုံးက ဖောက်ခွဲပစ်လိုက်သော အသံဖြစ်ကြောင်း သိရပါတော့သည်။ အဆောက် အဦမှာ ညဘက်တွင် လူသူမနေသောဇရပ် အဆောက်အဦတစ်ခု ဖြစ်နေ၍သာ တော်ပေတော့သည်။

နောက်လည်း မိနစ်ပိုင်းလောက်သာခြားပြီး အောက်က ဆောင့်တွန်း လိုက် အိုးထိန်းစက်လည်သလို လှုပ်ခါလိုက်၊ တစ်ခါတစ်ခါ ပခက်လွှဲသကဲ့သို့ ရှေ့ထိုးနောက်ငင် ဖြစ်သွားလိုက်နှင့် မြန်မာတို့ပြော ပြောနေကြသော နှစ်သိန်း လေးသောင်းအထုရှိသည့် မဟာပထဝီမြေကြီးမှာ လျောင်၏ ကလူကျီစယ်ခြင်း ကို ခံနေကြပါတော့သည်။ ညဉ့်ဦးယံမှ မိုးသောက်ယံဘက်သို့ကူးပြီး မိုးထိန် ထိန်လင်းလည်း အလှုပ်မရပ်သေး။ နောက်တစ်နေ့ နောက်တစ်နေ့များသို့ ဆက်ခါ နေ့ပြီးည၊ ညပြီးနေ့ဆိုသလို တစ်လနီးပါးခန့်မျှ အချိန်သာခြားပြီး ဆက်တိုက်ကြီး လှုပ်နေတော့ရာ ကြာသော် လူများမှာ စိတ်ဓာတ်ကိုပင် ထိခိုက်လာတော့သည်။

# နောက်ဆက်တွဲ

ပထမဦး ယင်းသတင်းစာပါ လျှောင်သတင်းဆောင်းပါးသည် ကျွန်ုပ်၏ မြေလျှောင်သတင်းပေါင်းချုပ်ဖိုင်တွင် တစ်ခန်းတိုး၍ ကဏ္ဍသစ် ဖွင့်လိုက်ခါမျှ ဖြင့် ပြီးဆုံးသွားပြီဟု ထင်လိုက်မိသော်လည်း ထိုဆောင်းပါးကို အသက်သွင်း ပေးခဲ့သော ဘူမိဗေဒပါရဂူကြီး ဂေါ့ရှကော့နှင့် ၁၂၊ ၁၊ ၅၉ နေ့က တွေ့ဆုံ ဆွေးနွေးလိုက်ရပြီးနောက်၌ကား ထင်သလိုမဟုတ်ဘဲ နောက်ဆက်တွဲ လျှောင် သုတေသနဆောင်းပါးများကို မွေးထုတ်ပေးရဦးမည်ဖြစ်ကြောင်း ရိပ်မိလိုက်ပါ တော့သည်။

လူထုသတင်းစာ၊

၂၆ – ၁ – ၁၉၅၉ ။

❑

ရောက်တွေ့ဆုံသင့်သည့် ပုဂ္ဂိုလ်ကြီးကိုယ်တိုင်က ကျွန်ုပ်ရှိရာ စစ်ကိုင်းတောင်ရိုးသို့ ခရီးလမ်း၏ ကွာလှမ်းမှု၊ ပင်ပန်းဆင်းရဲမှုတို့ကို ပဓာနမထားမူ၍ လိုလိုလားလားနှင့် ရောက်ရှိလာသည့်အတွက် ပြောမပြနိုင်လောက်သော စိတ်လှုပ်ရှားမှု ပီတိအဟုန်နှင့်အတူ အားတုံ့အားနာကြီးလည်း ဖြစ်လိုက်မိပေသည်။

## မင်းဝံတောင်တန်းခရီးကြမ်းမှ

မင်းဝံတောင်တန်းခရီးစဉ်အတိုင်း ပတ္တမြားစေတီတောင်တက် ကားလမ်းဘက်မှ ကွေ့ပတ်ကာ မင်းဝံတောင်တန်းနှင့် စစ်ကိုင်းတောင်ရိုးကို မြောက်ဘက်ကျောဘက် စသည်တို့မှ သုတေသနပြုလုပ်ရင်း နေပူကျဲကျဲတွင် ခရီးပြင်းနှင်၍ ခြေကျင်သက်သက်ဖြင့် ခရီးထွက်လာခဲ့ကြသည်မှာ သာမန်ခွဲ သာမန်လုံ့လဝီရိယနှင့် သာမန်စိတ်အားထက်သန်မှုမျိုးဖြင့် မရောက်လာနိုင်ပေရာဟု တောင်ရိုးခရီးတစ်ခွင်ကို ငုံမိပြီးဖြစ်သူတစ်ယောက်အနေဖြင့် ခန့်မှန်းလိုက်ရပေသည်။

## ပညာရှိပီသပါပေသည်

ထိုမှ ခရီးကြမ်းကြီးတွင် တစ်ခါတစ်ခါ ဗုဒ္ဓဘာသာဘုရားကျောင်းကန်နယ်မြေများကိုလည်း ခရီးစဉ်အရ ဖြတ်သန်းလာခဲ့ရပေသေးရာ ထိုအခါမျိုး၌ ဘာသာရေးက သတ်မှတ်ထားသော စည်းကမ်းများကိုပင် မငြီးမငြင် လိုက်နာဆောင်ရွက်ခဲ့ကြ၍ ဘုန်းကြီးရဟန်းတို့နှင့် တွေ့ဆုံဆက်ဆံသည့်အခါ၌လည်း လူမျိုးနှင့် အဝတ်အစားအလိုက် ပြုကျင့်ဖို့ရာ မလွယ်လှသော ပုဆစ်ဒူးတုပ်၍ ကျို့ကျို့ယို့ယို့ထိုင်မှုကို ကြိုးစားပြီး ပြုကျင့်သွားပုံမှာလည်း လူမျိုးတစ်မျိုး၏ ဓလေ့နှင့် ယဉ်ကျေးမှုများကို ပညာရှိပီပီ လေးစားသွားသည့်လက္ခဏာတစ်ရပ်ဟု နားလည်လိုက်ရပေသည်။ ယင်းသို့ မြန်မာ့ယဉ်ကျေးမှု၏ ဘောင်အတွင်း၌ အံကျဖြစ်အောင် နေထိုင်သွားနိုင်သော ပါမောက္ခကြီးမှာ ကျွန်ုပ်တို့ မြင်နေကျ နိုင်ငံခြားသားတစ်ယောက်၏ မျက်နှာပေါက်မျိုးနှင့် မတွေ့ရဘဲ အာရှနွယ်ပြီး

မြန်မာနှင့် နီးစပ်သလို ရှိနေသည့်အတွက်ကြောင့်လည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်နေပေသည်။ ဤမျှဆိုလျှင် ပါမောက္ခကြီးဂေါ့ရှကော့နှင့် စာဖတ်ပရိသတ်တို့မှာ ရင်းနှီးသွားတန်လောက်ပြီဟု အောက်မေ့ရ၍ ပါမောက္ခကြီးနှင့် ဆွေးနွေးပုံကိုသာ ဆက်လက်တင်ပြပါတော့မည်။

## ဘာသာပြန်များမှ တစ်ဆင့်ဆီ

ကျွန်ုပ်နှင့် ပါမောက္ခကြီးအကြားတွင် ရုရှစကားကို အင်္ဂလိပ်လို ပြန်ပေးမည့် ဘာသာပြန်နှင့် မြန်မာစကားကို အင်္ဂလိပ်လို ပြန်ပေးမည့် ဘာသာပြန်နှစ်ဦးတို့ရှိနေကြပေရာ ၎င်းတို့အကူအညီဖြင့် ဆွေးနွေးကြရပါသည်။ ဘာသာစကား၏ ခရီးစဉ်မှာ မြန်မာမှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ ရုရှားသို့ တစ်ဆင့်စီ ကူးပြောင်းသွားသကဲ့သို့ ရုရှားဘာသာမှလည်း အင်္ဂလိပ်စကားဖြင့် ဖလှယ်ပြီး မြန်မာစကားအဖြစ်သို့ ကူးပြောင်းလာရပါသည်။ ယင်းသို့ စခန်းထောက် အဆင့်ဆင့်တို့ဖြင့် ခရီးသွားနေကြရသော်လည်း နှစ်ဦးနှစ်ဖက်စလုံးကပင် နားလည်မှု အပြည့်အဝနှင့် ဆွေးနွေးနိုင်ကြရုံမျှမက ပြဿနာရပ်တိုင်းလိုလိုပင် သဘောချင်းတိုက်ဆိုင်မိကြသဖြင့် ဆွေးနွေးပွဲမှာ စိုပြေအောင်မြင်လှပေသည်။

## မြေလျှင်လှုပ်ခြင်း အကြောင်း ( ၈ ) ပါး

ပထမမြေငလျှင်လှုပ်ခြင်းနှင့်ပတ်သက်၍ မြန်မာတို့၏ ယူဆပုံကို ပါမောက္ခကြီးက သိလိုပါသည်ဟု ဆိုသည်။ မြန်မာများ အစဉ်အဆက်က လက်ခံယုံကြည်လာခဲ့ကြသော ငလျင်လှုပ်ခြင်းရှစ်ပါးကို စာပေအတွေ့အကြုံများအရ ရုတ်ခြည်းပင် အမှတ်ရလိုက်မိပေသည်။ ယင်းရှစ်ပါးမှာ...

၁။ မြေ, ရေကို ခံသော လောကဓာတ် လှုပ်ရှားခြင်းတည်းဟူသော ဝါယောဓာတ်ပျက်ခြင်းကြောင့် လှုပ်ခြင်း။

၂။ တန်ခိုးကြီးသော သူတို့ တန်ခိုးဖန်ဆင်းခြင်းကြောင့် လှုပ်ခြင်း။

၃။ ဘုရားလောင်းတို့ မယ်တော်ဝမ်း၌ ပဋိသန္ဓေယူသောကြောင့် လှုပ်ခြင်း။

၄။ ဖွားတော်မူသောကြောင့် လှုပ်ခြင်း။

၅။ ဘုရားဖြစ်တော်မူသောကြောင့် လှုပ်ခြင်း။
၆။ ဓမ္မစကြာတရား ဟောတော်မူသောကြောင့် လှုပ်ခြင်း။
၇။ အာယုသင်္ခါရ လွှတ်တော်မူသောကြောင့် လှုပ်ခြင်း။
၈။ ပရိနိဗ္ဗာန်ပြုတော်မူသောကြောင့် လှုပ်ခြင်းဟူ၍ ဖြစ်ပေသည်။ ယင်းသည့် မြေလှုပ်ခြင်း အကြောင်းရှစ်ပါးကို ညီတော်အာနန္ဒာ လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်ကိုယ်တော်တိုင် မဟာပရိနိဗ္ဗာန်သုတ်တော်၌ ထုတ်ဖော်ဟောကြားတော်မူခဲ့ခြင်းဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ချွင်းချက်မရှိ လက်ခံယုံကြည်ထားပြီး ဖြစ်လေသည်။

## သာရတ္ထသင်္ဂဟ

ဤဘုရားဟော အကြောင်းရှစ်ပါးတို့အပြင် သာရတ္ထသင်္ဂဟ၌ တောထွက်တော်မူသောအခါ၊ ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူသောအခါများနှင့် ဝေဿန္တရာဇာတ် စသည့်တို့ကို ဟောတော်မူသောအခါ ရှစ်ပါးတို့၌လည်း ငလျင်လှုပ်ကြောင်း ပြဆိုထားပေသည်။

မဟာပဓာနသုတ် အဋ္ဌကထာ၌မူကား လူ့ပြည်၌ စည်းစိမ်ချမ်းသာကို ခံစားကုန်သော မင်းစသောသူတို့အား နိမိတ်အနေဖြင့် ဥက္ကာပျံခြင်း၊ မြေလှုပ်ခြင်း၊ လကြတ်ခြင်း အစရှိသည်တို့ ဖြစ်ပေါ်တတ်ပုံကို ပြဆိုထားပေသေးသည်။

## လောကဓာတ်နှင့် ကိုက်ညီသော ဓာတုကျွောဘ

ယင်းသည် အကြောင်းပြချက်အားလုံးတို့ကို ဗုဒ္ဓယဉ်ကျေးမှုကို သက်ဝင်ယုံကြည်ပြီးသည့် စောစောအချိန်ပိုင်းလောက်ကပင် မြန်မာများ လက်ခံထားကြပြီးဖြစ်၍ မြန်မာ့အယူအဆအဖြစ်ဖြင့် တင်ပြနိုင်ပေသည်။ သို့သော် အချို့အချက်များတွင် သိပ္ပံပညာရပ်တို့ဖြင့် ဆန်းစစ်ဝေဖန်စရာများ ရှိနေသောကြောင့်လည်းကောင်း၊ အချို့အချက်များ ဥပမာအားဖြင့် ဘုရားလောင်းဖွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသော

အခါ စသည်တို့မှာ ယခုခေတ်တွင် မကြုံနိုင်တော့ပြီဖြစ်၍လည်းကောင်း၊ သရုပ်အရေအတွက်ရှိသမျှကို တင်မပြလိုက်တော့ဘဲ အကြောင်းများစွာ ရှိကြောင်းနှင့် ထိုအကြောင်းတို့တွင် လောကဓာတ်ပညာနှင့် ကိုက်ညီပြီး ယခုတိုင်လည်း ထိုသဘောမျိုးဖြင့် ဖြစ်ပွားနေဆဲဟု ယူဆဖွယ်ရာဖြစ်သော ဘုရားဟောအကြောင်း ရှစ်ပါးတို့မှ စတုတ္ထာဘ 'ဓာတ်ဖောက်ပြန်၍ လှုပ်ခြင်း' အကြောင်းတစ်ပါးသာ တင်ပြလိုက်ပါသည်။

## ရှေးလူကြီးများ၏ အထိမ်းအမှတ်

နောက်ဆက်လက်၍ ဓာတ်ဖောက်ပြန်ခြင်းတွင် အကျုံးဝင်လျက်ရှိသော ထူးထူးခြားခြား အပူဓာတ်လွန်ကဲဖောက်ပြန်သောနှစ်၌ လျှောင်အတွက် စိုးရိမ်ဖွယ်ရှိသည်ဆိုသော ရှေးသူဟောင်းတို့၏ အထိမ်းအမှတ်တစ်ခုကို ပါမောက္ခကြီးအား တင်ပြပြီးလျှင် လက်တွေ့သာဓကအနေဖြင့်လည်း၊ ၁၉၅၆ ခု စစ်ကိုင်းလျှောင်ကြီးမလှုပ်မီ မေ၊ ဇွန်လများအတွင်းက မိုးဖြိုင်ဖြိုင်ရွာ စဲပြီးသည်တိုင်အောင်၊ စစ်ကိုင်းတောင်ရိုး၌ အပူရှိန်များ ထူးထူးခြားခြား ပြန့်ထွက်လျက် ရှိနေသေးသည်ကို၊ သစ်မြစ်တူး၍ အသက်မွေးဝမ်းကျောင်း ရှာဖွေကြရသော ကျောက်တာ ရေခါးရွာသားများ၊ ပြောပြချက်အတိုင်း ရှင်းလင်း တင်ပြလိုက်ရပါ၏။

## ရာဇဝင်ထွက် အပူဓာတ်ပြန့်ထွက်သည့် သာဓက

အမှန်အားဖြင့် ပါမောက္ခကြီးနှင့် ယခုလို တွေ့ဆုံဆွေးနွေးရလိမ့်မည်ဟု ကြိုတင်မသိခဲ့ရ၍ အသင့်ပြင်ဆင်ထားပြီး မရှိခဲ့ပေ။ ယင်းကြောင့်လည်း အပူဓာတ် လွန်ကဲဖောက်ပြန်မှုကြောင့် လျှောင်လှုပ်တတ်ပုံသဘောကို အနီးကပ်ဆုံးဖြစ်သည့် စစ်ကိုင်းလျှောင်ကြီး ခေတ်အတွင်းက သာဓကအချို့ကိုသာ တင်ပြလိုက်နိုင်ပေသည်။ တင်ပြဖို့ကောင်းလှသော ရာဇဝင်လာအချက်အလက် အချို့ကိုမူကား သတိမရဘဲ မေ့ကျန်ထားခဲ့မိလေသည်။ ယင်းသည်တို့မှာ ပုဂံရာဇဝင်မှ တရုတ်ပြေးမင်း နတ်ရွာစံခါနီး သက္ကရာဇ် ၆၄၀ (အေဒီ ၁၂၈၇)

ခုနှစ်၌၊ ဘုရင်နန်းကျနိမိတ်အဖြစ်ဖြင့် ပေါ်ပေါက်လာသော နိမိတ်တို့တွင် မြေကြီးလျောင် ပဲ့တင်ထပ်မျှ တုန်လှုပ်ခြင်းနှင့်၊ တောင်ပို့ ကန်သင်းတို့မှ အခိုးအငွေ့ ပြန့်ထွက်ခြင်းများ တွဲဖက်၍ ပေါ်လာခဲ့လေသည်။ နောက်ကျော်စွာမင်းလက်ထက် သက္ကရာဇ် ၆၆၀ (အေဒီ ၁၂၉၈) ခုနှစ်၌လည်း တရုတ်ပြေးမင်းလက်ထက်က နိမိတ်မျိုးအတိုင်း၊ လျှောင်လှုပ်ခြင်းနှင့် တောင်ပို့ကန်သင်းတို့မှ အခိုးအငွေ့ ပြန့်ထွက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပြန်လေသည်။ တောင်ပို့ကန်သင်းတို့မှ အခိုးအငွေ့ ပြန့်ထွက်ခြင်းသည် မြေတွင်း၌ လွန်လွန်ကဲကဲပူပြင်း၍ ပြန့်ထွက်လာသည့်သဘောမျိုးဟု ယူဆဖွယ်ရာရှိလေသည်။ မြေလျှောင်လှုပ်ခြင်းဆိုသည်မှာလည်း (မဂ်မာ) ခေါ် မြေအောက်ရှိ ချော်ရည်ပူများ ရေငွေ့ဓာတ်ငွေ့များနှင့်အတူ ထိုးထွက်လာရန် တွန်းကန်ခြင်း သဘောပင်ဖြစ်၍ တောင်ပို့ကန်သင်းများမှ အခိုးအငွေ့ပြန့်ထွက်ခြင်းသည် ၎င်းနှင့် ဆက်သွယ်ဖွယ်ရာ ရှိလေသည်။ သို့သော် ထိုစဉ်က ၎င်းအကြောင်းကို သတိမရသဖြင့် ပါမောက္ခကြီးအား တင်ပြဆွေးနွေးခြင်း မပြုလိုက်နိုင်ပေ။

မည်သို့ဆိုစေ ကျွန်ုပ်နှင့် ပါမောက္ခကြီးတို့၏ ဆွေးနွေးပွဲ ပွဲဦးထွက်မှာပင် ပြဿနာတစ်ရပ် ပြေလည်သွားသည်ကို ကျွန်ုပ်၏တင်ပြချက်များကို ပါမောက္ခကြီးက လေးလေးစားစား လက်ခံမှတ်သားလိုက်ခြင်းဖြင့် ပေါ်လွင်ထင်ရှားလှပေသည်။ ဆက်လက်ဖော်ပြပါဦးမည်။

လှထုသတင်းစာ၊

၂ - ၂ - ၁၉၅၉ ။

❑

# မှတ်တမ်းတင် ရွှေလျှော (၃)

ရွှေကိုင်းသား

အပူစာတတ်လွှနှက်ကဲ ဖောက်ပြန်မှုကြောင့် လျှော်လှုပ်တတ်သောသဘောကို တင်ပြဆွေးနွေးခဲ့ပြီးနောက် လျှော်ကို တင်ကြိုသိနိုင်မှု မသိနိုင်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးကြရပါသည်။ ယနေ့အထိ လောကဓာတ်ပညာအနေဖြင့် လျှော်ဘယ်တော့လှုပ်မည်ကို တိကျစွာ တွက်ချက်၍ မပြနိုင်သေးစေကာမူ အချို့တိရစ္ဆာန်များမှာ ထူးထူးခြားခြားပင် လျှော်ကို တင်ကြိုသိတတ်ပုံများကို စိတ်ဝင်စားစွာ ဆွေးနွေးကြပါသည်။

## ရွှေငါး၊ ဆင်၊ မြင်း

ပါမောက္ခကြီးက လူထုသတင်းထောက်အား ပြောပြခဲ့ဖူးသော ရွှေငါးကလေးများနှင့် လျှော်လှုပ်မလှုပ် စမ်းသပ်ခဲ့ပုံကို ပြဿနာတစ်ရပ်အနေဖြင့် ပြန်လည်တင်ပြပြီးလျှင် ၎င်းမှာ မြန်မာတို့ အယူအဆနှင့် ကိုက်ညီပုံကို ပြောပြလိုက်ရပြီးနောက် အထောက်အထားအနေဖြင့်လည်း မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့် (အေဒီ ၁၈၃၉) ခုနှစ် ရွှေဘိုမင်းလက်ထက်လှုပ်ခဲ့သော အမရပူရလျှော်ကြီးအတွင်းက ဘုရင့်ဆင်ဖြူတော်သည် လျှော်ကြီးလှုပ်မည်

ကို တင်ကြိုသိနှင့်သည့်အနေဖြင့် ဆင်တင်းကုပ်အတွင်းသို့ အသွင်းမခံဘဲ ဆင်ထိန်းများကိုပါ အပြင်သို့ ဆွဲထုတ်ပေးခဲ့ပြီး နောက်မကြာမီ ငလျင်လှုပ်၍ ဆင်တင်းကုပ်နှင့်တကွ နန်းတော်အဆောက်အဦများ ပြိုကျပျက်စီးခဲ့ပုံနှင့် ၁၃၁၈ (အေဒီ ၁၉၅၆) ခု စစ်ကိုင်းငလျင်ကြီး လှုပ်စဉ်ကလည်း ငလျင်မလှုပ်မီ နာရီအနည်းငယ်ခွာ၍ ရထားမြင်းများ ထူးခြားစွာ မြည်ဟီးကြပုံတို့ကို တင်ပြလိုက်ရပေသည်။

## မက္ကဆီကို တိရစ္ဆာန်ရုံမှ တိရစ္ဆာန်များ

တိရစ္ဆာန်များသည် ငလျင်လှုပ်မည်ကို ကြိုတင်သိသလောဟူသော ပြဿနာနှင့်ပတ်သက်၍ ယတိပြတ်အားဖြင့် ဆုံးဖြတ်ချက် မပေးနိုင်သေးစေကာမူ၊ ယေဘုယျအားဖြင့် အတော်အတန် နီးကပ်စွာ အဖြေမှန်များ ပေးနေကြသည်ကို တွေ့နေကြရပေပြီ။ ဤပြဿနာနှင့် ပတ်သက်၍ မက္ကဆီကိုမြို့ရှိ တိရစ္ဆာန်ရုံမှ တိရစ္ဆာန်စောင့်များကမူကား၊ တိရစ္ဆာန်များ တင်ကြိုသိသည်မှာ အမှန်ဖြစ်သည်ဟု ၁၉၅၇ ခု၊ ဇူလိုင်လ ၂၈ ရက်နေ့က အပြင်းအထန် လှုပ်ခဲ့သော မက္ကဆီကိုမြို့ ငလျင်ကြီးကို ကိုးကားပြီး အခိုင်အမာ ပြောဆိုနေကြပေပြီ။

မက္ကဆီကိုမြို့တွင် ငလျင်ကြီး မလှုပ်မီ ၂၄ နာရီခန့် တင်ကြို၍ တိရစ္ဆာန်ရုံတွင်းရှိ ဆင်များ၊ သစ်ကုလားအုပ်များ၊ ခြင်္သေ့များ၊ ကျားများနှင့် အခြားလှောင်အိမ်အတွင်းမှ သတ္တဝါများအားလုံး တုန်တုန်ရီရီနှင့် ကြောက်လန့်နေကြသည်ကို တွေ့ကြရုံမျှမက၊ အိမ်များတွင် မွေးထားကြသော ခွေးများမှာလည်း ကြောက်လန့်စိုးရွံ့ပြီး မငြိမ်မစဖူး ငြိမ်နေကြသဖြင့် တိရစ္ဆာန်ဆရာဝန်များထံသို့ လာရောက်ပြသသူများမှာ များပြားလှသည်ဆိုကြောင်း။

တိရစ္ဆာန်ဆရာဝန်များကလည်း စိတ်အနှောင့်အယှက် တစ်ခုခုဖြစ်နေခြင်း၊ သို့မဟုတ် *အကြောင်းများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ* ချွတ်ယွင်းနေခြင်းသာ ဖြစ်ရမည်ဟုပြောပြီး၊ တိရစ္ဆာန်များ အဘယ်ကြောင့် ဤကဲ့သို့

ဖြစ်ရသည်ဆိုခြင်းကို မတွေးတတ်အောင် ဖြစ်နေကြသည်ဟု ဆိုလေသည်။ သို့ရာတွင် မြေလျှင်ကြီး လှုပ်ပြီးသည့်နောက်တွင်ကား ဘာမျှမဖြစ်တော့သည်ကဲ့သို့ မူလအတိုင်း ပြန်ဖြစ်သွားသည်ကို တွေ့ရသည်ဟု ဆိုလေသည်။ ပါမောက္ခကြီး ဂေါ်ရှကော့နှင့် ဆွေးနွေးစဉ်က ဤမဏ္ဍလကို မြေလျှင်သတင်းပါ အဖြစ်အပျက်တစ်ရပ်ကို အမှတ်မရ၍ မတင်ပြလိုက်နိုင်ပေ။ သို့သော် ထိုမဏ္ဍလကို မြေလျှင်သတင်းပါ တိရစ္ဆာန်များ၏ ထူးခြားသော အဖြစ်အပျက်ကို ပါမောက္ခကြီး သိရှိလေ့လာပြီး ဖြစ်နေပေမည်ဟု ယုံကြည်ရပေသည်။

## မိလိန္ဒပဉှာမှ လျှင်လှုပ်စဉ် ဖြစ်တတ်သော သဘာဝများ

ပါမောက္ခကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်၊ မြေလျှင်လှုပ်ခြင်း၏ သဘာဝနှင့် လျှင်လှုပ်စဉ်ဖြစ်ပျက်တတ်ပုံတို့ကို မိလိန္ဒပဉှာကျမ်းတွင် ထပ်မံတွေ့ရှိရပြန်လေသည်။

မိလိန္ဒပဉှာကျမ်း ပထဝီစလန ပဉှာခန်းခေါ် မြေလှုပ်ခြင်းအကြောင်းတွင် မိလိန္ဒမင်းကြီးက မေး၍ ရှင်နာဂသေနက ဖြေဆိုရာ၌ 'မင်းကြီး၊ ဤသို့လျှင် တရားသို့ အစဉ်လိုက်သော၊ တရားလျှင် အမှူးရှိသော ကြီးစွာသောအလှူကို ထိုမင်းဝေဿန္တရာ၏ အလှူအကျိုး အာနိသင်၏အစွမ်း၊ ဝီရိယ, လုံ့လ ပြန့်ပြောခြင်း နှံ့လေသဖြင့် မြေရေကိုခံသော အောက်ကောင်းကင် အဇ္ဈောကာသ၌ သည်းစွာသော လေတို့သည် လာကုန်၏။ အကြိမ်ကြိမ် အောက်အထက်ဖီလာအရပ်တို့ကို နှောင့်ယှက်ကုန်သည်ဖြစ်၍ လာကုန်၏။ အောက်ဇ္ဈောကာသလေဖြင့်လာသောကြောင့် လေ၏အထက်၌ရှိသော ရေသည်လှုပ်၏။ ရေလှုပ်သောကြောင့် မြေကြီးသည် လှုပ်၏။ မြင်းမိုရ်တောင်မင်းသည် ညွတ်၏။ အထက်ကောင်းကင်ပြင်၌ တိမ်တိုက်တို့သည် အစုစုပြေးကုန်၏။ အရာခပ်သိမ်းသည် သည်းစွာသောမြူနှင့်တကွ အခိုးထကုန်၏။

လေမုန်တိုင်းအသံသည် ကြီးစွာသော ကြောက်မက်ဖွယ်ရှိသည်ဖြစ်၍ ပြည့်၏။ ထိုသည်းလှစွာသော လေမုန်တိုင်း လာကုန်သည်ရှိသော် ရေသည်အကြိမ်ကြိမ် လှုပ်၏။ ရေလှုပ်သည်ရှိသော် မိကျောင်း၊ လင်းပိုင်၊ ငါး၊ လိပ်ဖြစ်ကုန်သော ရေသတ္တဝါတို့သည် ပြေးသွားကုန်၏။ တံပိုးတို့သည် အလိပ်လိပ်အထွေးထွေး ထင်ကုန်၏။ ရေတံပိုးအစုသည် ထွေးယှက်သည် ဖြစ်ကုန်၏။ ရေမြှုပ်၏ အလျဉ်အဝန်းတို့သည်ဖြစ်ကုန်၏။ မဟာသမုဒ္ဒရာသည် ထိုမှ ဤမှ ဘက်သို့ ပြေးဝင်လေ၏။ အောက်ရေသည် အညာသို့ ရှေ့ရှု၊ အညာရေသည် အောက်သို့ ရှေ့ရှုစီး၏။ အသုရာ၊ ဂဠုန်၊ နဂါး၊ ဘီလူးတို့သည် ထိတ်လန့်ကုန်၏။ သမုဒ္ဒရာသည် အဘယ်သို့ ဖြစ်သနည်းဟု ထိတ်လန့်သော စိတ်ရှိသည် ဖြစ်၏။ မြေကြီးသည် မြစ်ငယ်သမုဒ္ဒရာနှင့်တကွ တပြောင်းတပြန် ပြန်လည်၏။ မြင်းမိုရ်တောင်ထွတ် ကျောက်တောင်ထွတ်တို့သည် ညွှတ်ကုန်၏၊ မြွေ၊ မြွေပါ၊ ကြောင်၊ ခွေး၊ ဝက်၊ သား ငှက်တို့သည် မြည်ကုန်၏။ တန်ခိုးနည်းသော ဘီလူးတို့သည် လန့်ကုန်၏။ တန်ခိုးကြီးသော ဘီလူးတို့သည် လှုပ်သော မြေ၌သွားကုန်၏' ဟု ပါရှိခဲ့လေသည်။ ငလျင် အပြင်းအထန်လှုပ်ရှားမှုကြောင့် မြွေ၊ မြွေပါစသည်တို့ ထိတ်လန့်ကြောက်ရွံ့စွာ အော်မြည်ကြောင်း ဆိုသည်၊ ငလျင်ကို ကြိုတင်၍ သိသည့်အနေဖြင့် အော်မြည်ကြခြင်းကား မဟုတ်ပေ။ သို့သော် တိရစ္ဆာန်များနှင့် မြေငလျင်သည် တစ်နည်းတစ်ဖုံအားဖြင့် ဆက်သွယ်မှုရှိပုံကား ကောက်ယူနိုင်ပေသည်။

## လ, နက္ခတ်တို့၏ အနေအထားဖြင့်လည်း ခန့်မှန်းနိုင်ဖွယ်ရာ ရှိသည်

ငလျင်ကို တင်ကြို၍ သိနိုင်မှုရှိမရှိနှင့် ပတ်သက်ပြီး ပါမောက္ခကြီးနှင့် ဆွေးနွေးခဲ့စဉ်က မေ့ကျန်ပြီး တင်မပြခဲ့ရသေးသောအချက်တစ်ချက်လည်း ရှိနေပေသေးသည်။ ယင်းသည်မှာကောင်းကင်ရှိ နေ, လ, နက္ခတ်, တာရာ

တို့၏ အသွားအလာ အနေအထားကို ကြည့်ရှုမှတ်သားပြီး လျှောင်ကို တင်ကြို ခန့်မှန်းဖော်ပြနည်းပင် ဖြစ်လေသည်။

လနှင့် နက္ခတ်အချို့ မည်သို့မည်ပုံ တည်ရှိနေလျှင် လျှောင်လှုပ်တတ် ကြောင်းနှင့် ပတ်သက်၍ နေ, လ, နက္ခတ်, နိမိတ်ဟော ရှေးဟောင်း လင်္ကာတစ်ပုဒ်တွင် "ရောဟဏီရှေ့၊ ခိုးရောင်ဝေ့သည်၊ ပြေ့တိထိလ၊ ဌာန သမိုင်း၊ တိုင်းကြီးနက္ခတ် ကြတ္တိကာကြယ်၊ ရောင်သွယ်သွယ်နှင့် အလယ် ပတ္တမြား အနားကားကြုံ၊ နန်းဘုံဖြုံသည်။ တူ၍နဝင်း၊ ထိကြနင်းစေ၊ တစ်ထွေရောဟဏီ၊ တူပြိမက္ခာ၊ ကြတ္တိကာဟု၊ မည်သာနှစ်ပါး၊ နက္ခတ် ကြားသို့၊ လသွားပစေ၊ ကြောင်းနှစ်ထွေသည်၊ ညီပေတုံခါ၊ ဝသုကာဟု၊ မဟာပထဝီ၊ မဟီတလေ၊ ဤမြေရိုက်ကြည်း၊ သိမ့်သိမ့်ဟည်းလျက်၊ ပြည် လည်းချောက်ချား၊ မွတ်သိပ်ရှားအံ့" ဟူ၍ စပ်ဆိုထားခဲ့ရာ ရောဟဏီ နက္ခတ်ရှေ့တွင် ကြတ္တိကာ နက္ခတ်နှင့် လတို့ နဝင်းတူ၍ တွေ့ထိကြ၍ ဖြစ်စေ၊ ရောဟဏီနှင့် ကြတ္တိကာနက္ခတ် နှစ်ခုအကြား လသွား၍ဖြစ်စေ၊ ဤအင်္ဂါနှစ်ချက်နှင့် ညီညွတ်ပါက မြေကြီးလျှောင် ပဲ့တင်ထပ်မျှ လှုပ်တတ် ကြောင်း ဖော်ပြထားလေသည်။

၎င်းနက္ခတ်ဟောလင်္ကာနှင့်အညီ အချို့သော မြန်မာမင်းတို့လက်ထက် ၌ ကြုံကြိုက်တိုက်ဆိုင်ခဲ့ဖူးသည်ကိုလည်း တွေ့ရှိရလေသည်။ ဥပမာ အင်းဝ ညောင်ရမ်းဆက်မှ ငါးထပ်ဒါယကာ မင်းရဲရန္တမိတ်လက်ထက် ထိုမင်း၏ နန်းကျနိမိတ်အဖြစ်ဖြင့် သက္ကရာဇ် ၁၀၂၂ ခု၊ (အေဒီ ၁၆၆၁) တော်သလင်း လပြည့်ကျော် ၈ ရက်နေ့၌ လျှောင်ကြီးတစ်ခု လှုပ်ခဲ့ဖူးရာ ထိုလျှောင်ကြီး လှုပ်မည်ကို လပြည့်ကျော် ၄ ရက်နေ့တွင် ကြတ္တိကာ လတွင်ချဉ်းပြီး၊ ၅ ရက်နေ့၌ ရောဟဏီ လတွင်ချဉ်းကာ ကောင်းကင်နိမိတ်ပြခဲ့ဖူးလေသည်။ ၁၂၀၀ ပြည့်နှစ် (အေဒီ ၁၈၃၉) အမရပူရ လျှောင်ကြီးလှုပ်စဉ်ကလည်း လျှောင်ကြီးမလှုပ်မီ ၂ ရက်၊ ၃ ရက်လောက်က တင်ကြိုပြီး ကြတ္တိကာ နက္ခတ် လကို ထွင်းဖောက်ဖူးလေသည်။ ထို့ပြင် ကြာသပတေးဂြိုဟ်၊

သောကြာဂြိုဟ်တို့နှင့် လမင်း ချဉ်းကပ်ပူးယှဉ်မှု၊ နားမှု စသည်တို့ ပြုလျှင် လည်း လျှောက်လှုပ်တတ်ကြောင်းကို ရာဇဝင်တွင် အထောက်အထားများ အဖြစ်ဖြင့် ဖော်ပြထားသည်ကိုလည်း များစွာ တွေ့ရပေသေးသည်။

## ငလျင်လှုပ်ခြင်းသည် လနှင့် နက္ခတ်အချို့တို့ ဆွဲအားကြောင့်ပေလော ?

ဤနက္ခတ်နှင့် လ၏အနေအထားကို ကြည့်ရှု၍ ငလျင်လှုပ်မလှုပ် ခန့်မှန်းနိုင်သည်မှာ ဗေဒင်နည်းဖြင့် တွက်ချက်၍ တင်ကြိုဟောကိန်းထုတ်မှုနှင့် တစ်ဘာသာစီ ဖြစ်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင် တွင် နက္ခတ်နှင့် လ၏အနေအထားကို မျက်မြင်ကြည့်ရှုလေ့လာပြီးမှ ထိုနက္ခတ် ထိုဂြိုဟ်များ လနှင့် ဤပုံမျိုး ပူးယှဉ်ခဲ့စဉ်က မြေလှုပ်ခဲ့သည်ဟူ၍ လက်တွေ့ မှတ်တမ်းတင်သည့်အနေဖြင့် မှတ်တမ်းတင်ထားခြင်းမျိုး ဖြစ်ရကား ဗေဒင် နည်းဖြင့် သိရသည်ထက် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သဘောအား ဖြင့် ဂြိုဟ်, လ, နက္ခတ်တာရာတို့၏ အနေအထားကို ရက်စွဲနှင့်တကွ ကတ်တလောက်တစ်ခု လုပ်ထားပြီးလျှင် လနှင့် ဂြိုဟ်တို့၏ ဤပုံအနေ အထားမျိုးဖြစ်သောအခါ ငလျင်လှုပ်တတ်သော သဘောရှိသည်ဟု ကောက် ချက်ချယူခြင်းမျိုးဖြစ်၍ သိပ္ပံနည်းကျသည်ဟု ဆိုရပေမည်။ ယခုသော် သိပ္ပံ ပညာနည်းများအရ၊ လ၏ဆွဲငင်မှုကြောင့် ကမ္ဘာမြေတွင် ဒီရေအတက်အကျ များ ဖြစ်ပေါ်နေပုံနှင့် ကြည့်ရှုဆင်ခြင်မည်ဆိုလျှင် ငလျင်လှုပ်ခြင်းသည် လနှင့်နက္ခတ်အချို့တို့၏ အနေအထား၊ သို့မဟုတ် ၎င်းတို့နှစ်ဦး ပူးပေါင်း ဆွဲငင်မှု အင်အား၏ အကျိုးသက်ရောက်မှုများပေလောဟု တွေးဆစရာ ဖြစ်လာပါသည်။ သို့သော် ကျွန်ုပ်တို့ကား တွေးဆရုံမျှသာ တွေးဆနိုင်၍ အဖြေမှန်ကိုကား ဘူမိဗေဒ၊ နက္ခတ္တဗေဒ၊ ရူပဗေဒပါရဂူကြီးများ ပူးပေါင်း သုတေသနပြုလုပ်၍ ပေးကြရမည်ဖြစ်လေသည်။

## နက္ခတ်ဆရာကြီး ဦးဝေလု၏ ယူဆချက်

ဤနေရာတွင် ဗေဒင်နည်းနက္ခတ်နည်းတို့ဖြင့် လျောင်ကို တင်ကြိုသိနိုင်ကြောင်း ထုတ်ဖော်တင်ပြခဲ့သည့် မြန်မာနက္ခတ်ဆရာကြီးဦးဝေလု၏ ယူဆချက်တစ်ရပ်ကို လူထုသတင်းစာမှ ကောက်နှုတ်၍ တင်ပြလိုပေသည်။

ဆရာကြီးဦးဝေလုက သူ၏ ယူဆချက်ကို တင်ပြသည်မှာ 'ကျွန်တော်တို့၏ ဗေဒင်သဘောအားဖြင့် မြေလျောင်တုန်လှုပ်ခြင်းဆိုသည်မှာ လေမုန်တိုင်းတိုက်သလို၊ ရေကြီးသလို၊ နေကြတ်သလို၊ လကြတ်သလို၊ ကြယ်တံခွန်များပေါ်သလို၊ ကောင်းကင်ရှိ ဂြိုဟ်များတစ်လုံးနှင့်တစ်လုံး ပူးယှဉ်ကြသလို၊ သူ့အချိန်၌ သူဖြစ်လာသည့်အခြင်းအရာဟူ၍ပင် ယူဆပါသည်။ မြေလျောင်လှုပ်ခြင်းကို လေယာဉ်ပျံပျက်ကျခြင်းမျိုး၊ ကားတိုက်မိခြင်းမျိုး၊ လက်နက်တိုက်မီးလောင်ခြင်းမျိုး၊ မီးရထားမှောက်၊ လှေမှောက်၊ သင်္ဘော ရေနစ်ခြင်းမျိုးကဲ့သို့ မတော်တဆဖြစ်ရခြင်းဟူ၍ ကျွန်တော်တို့က မယူဆပါ။ ထို့ကြောင့် ကျွန်တော်တို့က လျောင်ဘယ်တော့လှုပ်မည်ကို ဗေဒင်ပညာနှင့် တွက်ယူ၍ ရသည်။ ဘယ်လတ္တီတွဒ် ဘယ်လောင်ဂျီတွဒ်၌ ဗဟိုကိန်းကျ၍ လှုပ်မည်ဆိုခြင်းများကို တွက်ယူ၍ ရသည်ဟုပင် ယုံကြည်ပါသည်' ဟု ဖြစ်ပေသည်။

ယခုအခါ ထိတ်လန့်စိုးရွံ့ဖွယ်ကောင်းလှသော မြေလျောင်ဆိုးကြီးအားမှ တင်ကြိုရှောင်ရှားနိုင်မှုအတွက် အရှေ့နည်း၊ အနောက်နည်း၊ ခေတ်နည်း၊ သိပ္ပံနည်း စသည်တို့ဖြင့် အမျိုးမျိုးကြံဆရှာဖွေနေကြပေရာ၊ ဘူမိဗေဒပါရဂူကြီးဂေါ့ရှကော့ ပြောကြားသကဲ့သို့ မဝေးလှသည့် တစ်ချိန်တွင်ကား မြေလျောင်လှုပ်မည်ကို တင်ကြိုပြီး သိနိုင်တန်ရာသည်ဟု အောက်မေ့ရပါတော့သည်။

လူထုသတင်းစာ၊

၉ - ၂ - ၁၉၅၉ ။

❑

# မှတ်တမ်းတင် မြေငလျင် (၄)

ရွှေကိုင်းသား

## ရာဇဝင်ပိုင်း

### ၃။ ပါမောက္ခကြီး ဂေါ့ရှကော့နှင့် တွေ့ဆုံဆွေးနွေးချက်

ငလျင်၏သဘာဝနှင့် ငလျင်ကို တင်ကြိုသိနိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီးနောက် မြန်မာပြည်တွင် ရှေးယခင်ခေတ်ဟောင်းမှစ၍ တုန်လှုပ်ခဲ့သမျှသော မှတ်တမ်းတင် မြေငလျင်များအကြောင်းဆိုင်ရာ ရာဇဝင်ပိုင်းသို့ ရောက်ရှိလာပါသည်။

## မြန်မာပြည် မြေငလျင်လှုပ်ရှားမှုပြမည့် မြေပုံ

ပါမောက္ခကြီး မန္တလေးသို့ ရောက်ရှိလာသည့်ကိစ္စမှာ မြန်မာပြည် မြေငလျင်လှုပ်ရှားမှုကို ဖော်ပြမည့်မြေပုံအတွက် ပြင်ဆင်စုဆောင်းရန် ရောက်ရှိလာခြင်းဖြစ်ကြောင်းကို သတင်းစာက သတင်းပေးထားချက်အရ တင်ကြိုသိရှိထားနှင့်ပြီးဖြစ်၍ ပါမောက္ခကြီး၏ ရည်ရွယ်ချက်ကို တစ်ဘက်တစ်လမ်းမှ ကူညီနိုင်တန်ရာသည်ဟူသော မျှော်လင့်ချက်ဖြင့် စောင့်ကြိုနေပြီးဖြစ်လေသည်။

ထို့ကြောင့် ရာဇဝင်ပိုင်း ဆွေးနွေးပွဲကို ပြီးခဲ့သော အပိုင်းများထက် ပိုမိုစိတ်ဝင်စားမှု ဖြစ်နေပါသည်။ ကိုယ်အထူးလေ့လာထားသော ဘာသာရပ်တစ်ရပ်သည် ပါမောက္ခကြီး၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်တွင် ခွင်ကျဝင်ရောက်နိုင်တန်ရာသည်ဟူသော ယုံကြည်ချက်ရှိထားပြီးဖြစ်၍ ဆွေးနွေးပွဲအတွက် တက်တက်ကြွကြွဖြစ်လာပါသည်။ ၅၆ ခု စစ်ကိုင်းမြေလျှောကြီးလှုပ်ပြီးနောက်၊ သတင်းစာပါ ငလျင်မှတ်တမ်းများနှင့်အတူ ရာဇဝင်ထွက်ငလျင်မှတ်တမ်းများကိုလည်း ထုတ်နုတ်စုဆောင်းလာခဲ့ပါသည်။

## မှတ်တမ်းတင် မြေလျှင်

ရာဇဝင်တွင် မင်းတို့၏ နန်းတက်နန်းကျ တိတ်နိမိတ်များ ဖော်ပြပါရှိရာ အချို့မင်းများလက်ထက်၌ မြေကြီးလျှင်ပဲ့တင်ထပ်မျှ တုန်လှုပ်သော တိတ်နိမိတ်ကြီးများ ပေါ်ပေါက်ခဲ့ဖူး၍ ယင်းသည်တို့ကို ကောက်နုတ်စုဆောင်းရလျှင် ‘မှတ်တမ်းတင် လျှင်သမိုင်းချုပ်’ တစ်စောင်ဖြစ်လာတန်ကောင်းသည်ဟူသော အသိဖြင့် စုဆောင်းလာခဲ့ခြင်းဖြစ်ရာ မျှော်မှန်းချက်၏ ဆုံးခန်းတိုင်မရောက်စေကာမူ ပါမောက္ခကြီးအားထုတ်ပြုစုနေသည့် မြန်မာပြည် မြေလျှင်လှုပ်ရှားမှုကို ဖော်ပြမည့်မြေပုံသစ်အတွက်မူ အတော်အတန် ကူညီမှု ပြုလိုက်နိုင်ပေသည်။

ပါမောက္ခကြီးက မြန်မာပြည်တွင် ရှေးယခင်ခေတ်ဟောင်းက လှုပ်ရှားခဲ့ဖူးသော မြေလျှင်မှတ်တမ်းများ ရှိပါသလားဟု မေးပါသည်။ မှတ်တမ်းများအနေဖြင့် ရှေးက တစ်စောင်တစ်ဖွဲ့မျှ ပြုလုပ်ထားပြီး အသင့်မရှိခဲ့ပေ။ သို့ရာတွင် မှတ်စုအနေဖြင့်မူကား စုဆောင်းဆဲဖြစ်၍ ယင်းသည်မှ ပါမောက္ခကြီး သိလိုသမျှကို ကောက်ခါငင်ခါ ဖြေကြားလိုက်ရပါသည်။ ဆွေးနွေးပွဲလုပ်စဉ်က ကျွန်ုပ်၏မှတ်စုမှာ အပြီးတိုင် မရောက်သေးသည့်အပြင် အချို့နေရာများ၌ ပြင်ဆင်ဖြည့်စွက်စရာ ရှိနေပါသေးသည်။ ပြုလုပ်ပြီး လျှင်မှတ်စုမှာ ဘုရင်များ နန်းကျခါနီးတွင် ပေါ်ပေါက်လာသော နိမိတ်များမှသာ

ကောက်ယူထားခြင်းဖြစ်၍ အချို့အရေးကြီးသောအချက်များ ကျန်ရှိနေပါသေးသည်။

## သရေခေတ္တရာ လျှော်သည် ရာဇဝင်တွင် ရှေးအကျဆုံး

ရာဇဝင်တွင် မှတ်တမ်းများအရ ရှေးအကျဆုံး လုပ်ခဲ့သည့် သရေခေတ္တရာမြို့တည် မြေလျှော်ကြီးကို မေ့ကျန်ရစ်ခဲ့ပြီး သာသနာတော် ၆၀၉ (အေဒီ ၆၅) နှစ် သာသီမင်းလက်ထက်လုပ်ခဲ့သော မြေလျှော်ကိုသာ ပါမောက္ခကြီးနှင့် ဆွေးနွေးခဲ့စဉ်က တင်ပြခဲ့မိလေသည်။ အမှန်မှာ ဒွတ္တပေါင် မင်းကြီးလက်ထက် သာသနာတော် ၁၀၁ နှစ်၊ ခရစ်မပေါ်မီ (ဘီစီ ၄၄၃) ခုနှစ်တွင် နိမိတ်ကြီးများအဖြစ်ဖြင့် လုပ်ခဲ့သော သရေခေတ္တရာမြို့တည် လျှော်ကြီးသာလျှင် မှတ်တမ်းတင် မြေလျှော်တွင် ပထမဆုံးနေရာပေးရမည် ဖြစ်လေသည်။ သို့သော် ဒွတ္တပေါင်နှင့် သာသီမင်းနှစ်ဆက်စလုံးပင် သရေခေတ္တရာခေတ်မှ ဖြစ်ကြသည်ကိုကား မမေ့ရန်ဖြစ်လေသည်။

## ဒွတ္တဘောင်မှ ကွမ်းဆော်မင်းသို့

ယင်းသို့အားဖြင့် မှတ်တမ်းတင် မြေလျှော် ရှေ့ပိုင်းတွင်

၁။ ဒွတ္တပေါင် (ဘီစီ ၄၄၃)၊

၂။ သာသီ (အေဒီ ၆၅)

၃။ သီရိပစ္စယာ၊ ယဉ်မင်းပိုက် (အေဒီ ၃၂၄)၊

၄။ ပုဂံကွမ်းဆော် (အေဒီ ၉၈၆) မင်းများလက်ထက်လုပ်ခဲ့သော မြေလျှော်ကြီးများကို ရာဇဝင်အကူအညီဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

## မြစ်ရေတန့်အောင် လုပ်ခဲ့သည့် လျှော်

ပုဂံကွမ်းဆော်မင်းမှာ မြန်မာသက္ကရာဇ် ၃၂၆ ခု၊ (အေဒီ ၉၆၄)ခုနှစ်တွင် ထီးနန်းရ၍ (သက္ကရာဇ် ၃၄၈) (အေဒီ ၉၈၆) ခုနှစ်တွင် နတ်ရွာစံ

လွန်တော်မူခဲ့လေသည်။ နတ်ရွာစံတော်မူခါနီး၌ တိတ်ကြီး နိမိတ်ကြီးများ အဖြစ်ဖြင့် ငလျင်ကြီး ၇ ရက်တိုင် လှုပ်ပြီး ဧရာဝတီမြစ်ရေရပ်တန့်သွား ခဲ့ဖူးလေသည်။ ဤသည်မှာ ငလျင်ရာဇဝင်တွင် ထူးခြားသောအဖြစ်အပျက် တစ်ရပ်ပင် ဖြစ်လေသည်။

## မြစ်ရေအညာဆန်အောင် လှုပ်ခဲ့သည့် ငလျင်

အထက်ပါ ပုဂံခေတ် ကွမ်းဆော်မင်းလက်ထက် မြစ်ရေတန့်အောင် လှုပ်ခဲ့သော ငလျင်နှင့် နှိုင်းယှဉ်ကြည့်သင့်သော ငလျင်ကြီးတစ်ခုလည်း နောက်ပိုင်းကျသော အမရပူရခေတ်တွင် လှုပ်ခဲ့ဖူးသေးသည်။ ယင်းသည် ငလျင်ကြီးမှာ စုန်နေသောရေကို ဆန်တက်အောင် လှုပ်ခဲ့သော ၁၂၀၀ ပြည့် (အေဒီ ၁၈၃၉) နှစ် အမရပူရမြေငလျင်ကြီးပင် ဖြစ်လေသည်။ တစ်ခုက စီးနေသောရေကို တန့်စေ၍ တစ်ခုက စုန်နေသောရေကို ဆန်တက်စေခဲ့သည်။ နှစ်ခုစလုံးပင် သဘာဝစည်းကို ဆန့်ကျင်ပြီး ဖြစ်ခဲ့ကြ၍ တစ်မျိုးစီ ထူးခြား စိတ်ဝင်စားဖွယ်ရာ ဖြစ်နေပေသည်။

## ပါမောက္ခကြီး၏အဖြေ

ဤအဖြစ်အပျက်နှစ်ရပ်ကို ပါမောက္ခကြီးအား တင်ပြလိုက်ပြီးနောက် ပါမောက္ခကြီး၏ ထင်မြင်ယူဆချက်ကို တောင်းခံရပါတော့သည်။ ပါမောက္ခ ကြီးက ငလျင်ကြီးများ လှုပ်သည့်အခါ၌ ဤကဲ့သို့သော အဖြစ်မျိုးဖြစ်တတ်ပုံ နှင့် ထိုသို့ ဖြစ်ခြင်းမှာလည်း ရေအောက်မြေပြင်နိမ့်ကျွံဝင်သွားခြင်းကြောင့်ပင် ဖြစ်ကြောင်း။ နိမ့်ကျွံဝင်သွားရာသို့ အပေါ်က ရေများ စုပြုံစီးဝင်လာကြသော အခါ အပေါ်မျက်နှာပြင်မှ ရေစီးကြောင်းသည် တစ်မျိုးပြောင်းလဲသွားရတော့ ကြောင်း၊ ထိုသို့ ဖြစ်သည်မှာလည်း အခိုက်အတန့်မျှသာဖြစ်၍ ထိုဖြစ်ပုံမျိုး အတိုင်း မြောက်အမေရိကတိုက်မှ မစ်စစ်စိပီမြစ်တွင်လည်း ဖြစ်ခဲ့ဖူးပြီး ငလျင်ကြောင့် နိမ့်ကျွံဝင်သွားသော ချိုင့်ကြီးများ မြစ်ကမ်းတွင် ယခုတိုင်

ကျန်ရှိနေသေးကြောင်း ပြောပြပါသည်။ ပါမောက္ခကြီး၏ ရှင်းပြချက်သည် ယခုစစ်ကိုင်းတောင်ခြေ ဧရာဝတီမြစ်ကမ်းတစ်လျှောက်၌ စစ်ကိုင်း ၉ မော် ဟုခေါ်သော ရေမော်ရေစွယ်များရှိသော နေရာများ၌ မြစ်ရေသည် ဝဲချောင်ရှိရာသို့ ဆန်တက်၍ စီးလာပုံနှင့် ဝဲထိပ်၌ တန့်နေသကဲ့သို့ ရေအီးခံနေပုံများနှင့် ဟပ်မိပေသည်။

## ရှေးခေတ်ဧရာဝတီမြစ်ကြောင်း

ငလျှင်အကြောင်းပြု၍ မြစ်ရေစီးကြောင်းအခိုက်အတန့်မျှ ပြောင်းလွဲသွားပုံနှင့် ပတ်သက်ပြီး ဧရာဝတီမြစ်ကြောင်း အကြီးအကျယ်ပြောင်းလဲသွားရပုံကို ပါမောက္ခကြီးက စိတ်ဝင်စားဖွယ်ရာ ရှင်းပြပါသည်။ ပါမောက္ခကြီးသည် သူ၏ရှင်းပြချက်ကို ပိုမိုသဘောပေါက်လွယ်စေခြင်းငှာ ဧရာဝတီမြစ်ပုံ ပုံကြမ်းတစ်ခုကို စစ်ကိုင်း အင်းဝဆီလောက်မှ စ၍ ဆွဲချလိုက်ပါသည်။ နောက် *စစ်တောင်းမြစ်ကို ဧရာဝတီမြစ်အရှေ့ဘက်မှ မျဉ်းပြိုင်ဆွဲလိုက်ပြီး ၎င်း၏* မြစ်ဖျားမှနေ၍ အစက်ကလေးများ ချပေးကာ ဧရာဝတီမြစ်နှင့် ဆက်စပ်ပေးလိုက်ပါသည်။ ထိုအခါ စစ်တောင်းမြစ်သည် စမုံမြစ်ကြောင်းအတိုင်း အင်းဝမြို့နားတွင် ဧရာဝတီမြစ်နှင့် ပေါင်းဆုံမိသွားလေသည်။ ပြီးတော့မှ ပါမောက္ခကြီးက ဤစစ်တောင်းမြစ်ကြောင်းအလိုက် ရှေးဧရာဝတီ မြစ်ကြောင်းကြီး စီးဆင်းခဲ့ပုံရှိသည်ဟု ယူဆကြောင်း ပြောပြပါသည်။

ပါမောက္ခကြီး၏ ယူဆချက်သည် ကျွန်ုပ်ကာလအတန်ကြာကပင် တွေးတောကြံဆထားပုံနှင့် လာ၍ ဟပ်မိသဖြင့် ဝမ်းမြောက်ဝမ်းသာပင် ထောက်ခံလိုက်ရပေသည်။ အလွယ်တကူရှိနေသော သမာမိတ္တမှ ရိုက်နှိပ်သည့် မြန်မာပြည်မြေပုံစာအုပ်မှ မြေမျက်နှာသွင်ပြင်ပြ မြေပုံကိုချ၍ ကြည့်ရှုသည့် အခါ၌ကား အနောက်ဘက်သို့ ရောက်နေသော ယခုဧရာဝတီမြစ်ကြောင်းကြီးကို ပဲခူးရိုးမတောင်ကို ကျော်ယူခဲ့ပြီး နောက် စစ်တောင်းမြစ်ဝှမ်းတွင်ချ၍ အထက်က ဧရာဝတီမြစ်ကြောင်းနှင့် ဆက်စပ်၍ပင် ပေးလိုက်မိပေသည်။

ယခု မန္တလေး၊ ရန်ကုန်ရထားလမ်းကြီးသည် ပါမောက္ခဂေါ့ရှကော့၏ ရှေးရောဝတီမြစ်ဝှမ်းအလိုက် ဖောက်လုပ်ထားသည်ဟူ၍ပင် တင်စားနိုင်ပေသည်။

## ရာဇဝင်သာကေပြပါ

ဤသို့ မျက်မြင်သာကေအနေဖြင့် လက်ခံလောက်စရာ တွေ့နေရပြီဖြစ်သော်လည်း ပိုမိုခိုင်မြဲစေခြင်းငှာ စာပေအထောက်အထားလည်း ရှိရပေဦးမည်။ သို့ဖြစ်၍ ပိုမိုတိကျလိုသော ပါမောက္ခကြီးက ဤသို့ ရောဝတီမြစ်ကြောင်း ပြောင်းလဲပုံနှင့် ပတ်သက်ပြီး ရာဇဝင်အထောက်အထားရှိမရှိ မေးမြန်းပါသည်။ မြန်မာရာဇဝင်တွင် ရောဝတီမြစ်ကြောင်းပြောင်းလဲပုံနှင့် ပတ်သက်၍ အရိပ်အမြွက်မျှ ဖော်ပြထားခြင်း မရှိခဲ့ပေ။

## ပုပ္ပားမီးတောင်ကြောင့် ပြောင်းလဲရသလော

သာသနာတော် ၁၀၁ နှစ် (ဘီစီ ၄၄၃) ခုနှစ်က နိမိတ်ကြီးငါးပါးပေါ်ရာတွင်လည်း ပုပ္ပါးတောင်မြေမှ စုန့်စုန့်ထွက်ခြင်း၊ သရေခေတ္တရာပြည် တည်ရာပင်လယ်ရေ ခန်းခြောက်ခြင်း၊ ဘိုးဦးမော်အရပ်၌ အင်းကြီးပေါ်ခြင်းနှင့် စမုန်ဆံမြိတ်မြစ် ဖြစ်ခြင်းသာ ပါရှိခဲ့ပြီး၊ ရောဝတီမြစ်အပြောင်းအလဲနှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ မပါရှိခဲ့ပေ။ ၎င်းကို ထောက်သော် ရာဇဝင်မတိုင်မီခေတ်က အပြောင်းအလဲများ ဖြစ်ခဲ့လေသလောဟု တွေးတောရပေသည်။ တစ်ခု စိတ်ဝင်စားဖွယ်ကောင်းသည်မှာ စမုန်ဆံမြိတ်မြစ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်လေသည်။ ၎င်းမှာ ရှေးရောဝတီမြစ်ကြောင်းဟု ယူဆထားရသောမြစ်ဝှမ်းအလိုက်ပေါ်လာခြင်းပင် ဖြစ်လေသည်။ ဤနိမိတ်ကြီးလေးပါးတို့နှင့်အတူ ငလျင်လည်း အပြင်းအထန် လှုပ်ခဲ့လေရာ ငလျင်ကြောင့်ပင် ထိုအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့လေသလော။ တစ်ဖန် ပုပ္ပားမီးတောင်ကြောင့်လည်း ငလျင်လှုပ်နိုင်ပေရာ အားလုံးသောအပြောင်းအလဲတို့သည် ပုပ္ပားမီးတောင်ကြောင့်ဟူ၍လည်း ဆိုနိုင်ပေသည်။ ပုပ္ပားမီးတောင်သည် အနှစ်

၁၀၀၀ ကြာမျှ မီးခိုးများထွက်နေခဲ့သည်ဟု ဆိုထားသောကြောင့် ဘီစီ ၄၄၃ ခုမှ၊ အေဒီ ၅၅၇ ခုနှစ်အတွင်းထိ အပြောင်းအလဲ အမျိုးမျိုးဖြစ်နိုင်တန် ရာသည်ဟု ယူဆရလေသည်။ သို့သော် ပါမောက္ခကြီးနှင့် ဆွေးနွေးစဉ်က ဤနောက်ပိုင်းအချက်အလက်များ လုံးဝမေ့ကျန်နေခဲ့၍ ပါမောက္ခကြီး၏ အယူအဆကို မသိလိုက်ရသည်မှာ နစ်နာလှပေသည်။

လှထုသတင်းစာ၊

၁၆ – ၂ – ၁၉၅၉ ။

❑